www.burmeseclassic.com

အခန်းပါအဆို လုံးချင်းထွဏ်းသစ်

ကြယ်ပွင့်

အချစ် + အချစ် = အချစ်

BURMESE CLASSIC .com

Cartoonist And Illustrator

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာအုပ်ခြုံချက်အမှတ် - ၅၀၁၈၅၁၀၀၈

ဂျာနယ်အမှတ်စဉ်ခြုံချက်အမှတ် - ၅၀၀၄၃၂၀၃၀၉

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ဆူးလေဘုရားလမ်း၊
မဂိုလာတောင်သွန်းမြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ● ဦးစောမင်းအေး (မြ-၀၇၁၂၅)
စောပုံနှိပ်တိုက်၊ (၃၈၆)၊ အင်းကြင်းမြို့ငယ်လမ်း၊
(၂၃)ရပ်ကွက်၊ သဃိန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြည်သွေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲဥယျာဉ်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလင်ပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

-095163764

“ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း” (CIP)

၅၅၅.၃၃

ဇော်ဇော်

ဂဏန်းလေးပြေ

အချစ် + အချစ် = အချစ် / ဂဏန်းလေးပြေ။

- ရန်ကုန် ၊

၂၀၀၉။

၁၇၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။

(၁) အချစ် + အချစ် = အချစ်

www.burmeseclassic.com

ကတိမျက်မယ့် တေးသွားအာလက်ာ

လူ့ဘဝသည် တေးဒီချင်းတစ်ပုဒ်ဖြစ်ခဲ့မည်ဆိုပါလျှင်
လူသားတို့သည်
တစ်စုံတစ်ယောက်ယောက်
ဖွဲ့နွဲ့ရေးသားထားသော သံစဉ်သာစားအတိုင်း
အလိုက်သင့် ခံစားသီဆိုကြသူများသာဖြစ်ပါလိမ့်မည်။
ပျော်ရွှင်စရာတွေဖြစ်နိုင်သလို
နာကျင်စရာတွေဖြစ်နိုင်ပါသည်။
အော်ဟစ်ပေါက်ကွဲရနိုင်သလို
တမြေ့မြေ့ခံစားစရာတွေလည်း ဖြစ်နိုင်ခဲ့ပါလိမ့်မည်။
ဘာပဲဖြစ်ဖြစ်
သီချင်းတစ်ပုဒ်ချင်းဆီကတော့
ရည်ညွှန်းချက်တစ်ခုဆီ အဓိပ္ပါယ်တစ်ခုစီနှင့်
အဆုံးသတ်သွားရစမြဲပင် ဖြစ်သည်။

www.burmeseclassic.com

အခန်း (၁)

လက်ဘက်ရည်ဆိုင်မှာထိုင်ရင်း မြင်နေကြည့်နေကျ မြင်ကွင်းထဲမှာ တစ်ခုခု ပြောင်းလဲသွားသလိုမျိုးကြီး။

ညည်း . . .

ဆိုင်မှကြည့်လျှင် ကိုက်နှစ်ဆယ်ကျော်အကွာအဝေး သုံးချိုးနှစ်ချိုးခန့် လှမ်းမြင်နေရသော တိုက်(၉၅)၊ တတိယထပ် ကယ်ဘက်အခြမ်းအခန်းက ဆေးသစ်တွေဘာတွေနဲ့ သစ်လွင်နေတာကိုး။

(စာရေးဖို့ကုန်ကြမ်းရှာ၊ ခေါင်းဆေးဟု ခေါင်းစဉ်တပ်အကြောင်းပြ ချက်ဖြင့် မွေးရပ်ဇာတိမြေကို ပြန်သွားခဲ့သော နှစ်ပတ်ခန့်ရက်အတန်ကြာ ကာလအတွင်းမှာ ပြောင်းလဲမှုလေးတစ်ခုပေါ့)

ဝရန်တာကို သံပန်းတံခါးအသစ်တပ်ထားသည်မှာ ကြာသေးပုံမပေါ်၊ အပြင်ဘက်တိုက်နံရံကို အညိုရောင်ဆေးထူထူသုတ်ထားပြီး အတွင်းအခန်းနံရံများကို အစိမ်းဖုံရောင် ခြယ်သထားသည်။ ညာဘက်မီးရောင်နှင့်

အချို့ + အချို့ = အချို့

အပြင်အာရုံအေးမြစေမည့် စိတ်ကူး။

သံပန်းတံခါးကို အဖြူရောင်သုတ်လိမ်းထားပြီး အလှပန်းအိုး (ကုန်းနှင့်သစ်ခွ)များကိုလည်း စနစ်တကျထားရှိထားသည်။ သပ်ရပ်စနစ်တကျသော စိတ်ကူးအပြင်အဆင်ပါ။ အတွင်းဘက်ကို ၎င်းသဘောချာချာ မြင်ရ။

ကံအားလျော်စွာ လုံးချင်းတစ်အုပ်ထွက်ပြီး စာရေးသောအလုပ်ကို စွဲစွဲမြဲမြဲလုပ်တော့မည်ဟု သံန်ဦးဘွာန်ချလျက် စာဖတ်လိုက် စိတ်ကူးဆောဖေသီသီယာဉ်လိုက်၊ ပတ်ဝန်းကျင်ကို လေ့လာလိုက်မှတ်သားလိုက် ထုပ်နေခဲ့သည်။ ဗဟုသုတဟုတ်သည် မဟုတ်သည်အသာထား ရရာကို ကိုဆွဲဒီဆွဲလစ်ရင်လစ်သလို (အဲ) ထူးရင်ထူးသလို လေ့လာရှုမြင်နေခြင်းဝင်း အမှတ်တမဲ့များသည် တစ်ခါတစ်ရံ လေးနက်နေတတ်သည်။

ထွက်ရှိပြီးသော လုံးချင်းစာအုပ်ကလည်း တစ်အုပ်ဆိုဆိုသလောက် ရေးသားခဲ့ရသည်မှာ သုံးနှစ်ကျော်ခန့် အချိန်ပေးခဲ့ရသည်။ ပထမရေးသားခဲ့ပြီးသော အရေးအသားကို တစ်နှစ်လောက်ကြာ ပြန်ခံစားကြည့်တော့ ပြောင်းလဲလာသောခေတ်ကာလ အံတွေ့အကြုံ ဗဟုသုတနှင့် သိစ်အားမရလှသဖြင့် ဖြည့်စွက် ပြောင်းလဲရေးခဲ့သည်။

ဒုတိယအရေးအသား အဖွဲ့အနွဲ့ကလည်း နောက်ထပ် တစ်နှစ်လောက်ကြာပြန်တော့ အားမရပြန်။ ရေးလိုက်အားမရလိုက် ပြန်ထည့် ပြန်ဖြုတ် ပြုပြင်လိုက်နှင့် သုံးနှစ်ကျော်ခန့်ရေးသားခဲ့ရပါသော မဟာဝတ္ထုကြီးပင်။ (ကောင်းမကောင်းတော့ မသိ)

ထိုစဉ် အပြင်အာရုံထဲဖြတ်သန်းလာသော မြင်ကွင်းတစ်ခုချင်း နားကြောများ ထောင်သွားရသည်။

အထက်ပါ ပြုပြင်ချယ်သခြင်းအမှုပြုထားသော အထပ်ခု အစုံ တစ်ခန်း ပြုတင်းတံခါးလေးပွင့်လာပြီး အဖြူရောင်မွှေးနှင့်

ခနဲပွင့်သွားသည်။

"အို. . . ဘုရား. . . ဘုရား"

လှလိုက်ပါတဲ့ အမျိုးသမီးလေး။

သီချင်းဖွင့်ထားဟန်ရှိပြီး သီချင်းမှာ အာရုံစီးမျောရင်း ခေါင်းလေးက စည်းဝါးလိုက်နေသည်။ သီချင်းသံကို ပီပြင်စွာမကြားရသော်လည်း မန္တလေးသိန်းဇော်၏ မြတ်ဆုမွန်သီချင်းမျိုး မဟုတ်တာတော့ သေချာသည်။

သီချင်းကို ပါးစပ်မှလိုက်ကာသီကျူးရင်း အင်္ကျီ. . . အင်္ကျီကို ရုတ်တရက်ဆွဲချတ်လိုက်တော့ . . .

"အိုး"

ရင်ခုန်သံများ အထိတ်တလန့် အော်ဟစ်ခုန်ပေါက်ပြီး စိုးရွံ့စိတ်ကြောင့် မကြည့်ရဲသဖြင့် မျက်လုံးပိုင်နက်ရေယာပမာဏကို ပိုမိုချဲ့ထွင်ပစ်လိုက်သည်။

"မှန်းစမ်း"

"အမ်. . . မဟုတ်ဘူးဟ၊ အောက်မှာ ကိုယ်ကျပ်တစ်ထည်"

"သေလိုက်ပါတော့"

ကိုယ့်အဖြစ်ကို ဘယ်သူမှမသိလိုက်သော်လည်း ကိုယ့်ကိုယ်ကို သိသဖြင့် ရှက်ရှက်ဖြင့် တံတွေးကိုမြို့ချလိုက်ရာ 'ဖွတ်'ဆိုကျသွားသည်။ အနုပညာဗီဇအခံအားကောင်းသောကြောင့် ခံစားမှုက အထွက်အထိပ်သို့ ရောက်သွားသည်ဟု သူ့ဘာသာ အားပေးယူရသည်။

ထိုအခိုက် ဘာမပြောညာမပြောနှင့် မီးပျက်သွားသည်။ မီးပျက်သည်နှင့် တပြိုင်နက် အကုသိုလ်နှစ်ကောင်က အလုံးအရင်းနှင့်ဝင်ရောက်လာသည်။ အဖြူရောင်မျက်နှာလေးလည်း အထဲပြန်ဝင်သွားလေပြီ။

(တစ်နေကုန် တစ်နေခမ်း ထိုင်ငေးနေချင်စရာ ပန်းချီကားလေး တစ်ချပ် ဆေးရောင်ပျက်ပြယ်သွားသကဲ့သို့)

ဖိုးလပြည့်စာပေ

"မင်းရောက်နေပြီကြားလို ငါတို့လိုက်လာတာ"

မျိုးဇော်နှင့်ဝဏ္ဏက ပြောလည်းပြော ထိုင်လည်းထိုင် မှာလည်း

ဆိုသည်။

"ဟေ့ ဆော်မော်ရိုး ရိုးရိုးရှယ်ဝမ်း"

"ဆော်ရေငုတ် တစ်" (ကြက်ဥကာကျက်)

"ပတ္တမြားနီ တစ်ပွဲပါချ"

ဒလပူတစ်ချက်တော့ မလေးရှားပီတောက်ပွင့် အနည်းငယ်

ကိုယိုးကားယား ကြွေစဲကျလာသည်။

"မနက်ကပဲ ရောက်တယ်ကွ၊ ဒါနဲ့ မင်းတို့ကို မင်္ဂလာစကားပြော

ဦးမယ်"

ကောင်မလေးတွေ အကြောင်းမပါရင်တော့ စိတ်မဝင်စားဘူး

ဟာ"

"အေးပါ၊ မင်းတို့စိတ်ဝင်စားမယ့်အကြောင်းပဲ ပြောမှာပါ၊ အဆင်

ဆေးက လင်းတယ်ကွ၊ မင်းတို့မြင်ရင် မတ်တပ်တောင်မဲ့သွားမယ့်

အသစ်လေးကွ၊ မင်းတို့မလာခင်...."

"ဘာလဲ သက်ထားနွယ်ကိုပြောတာမို့လား"

"ဘယ်က သက်ထားနွယ်လဲ"

အမှန်တကယ် ထိုအရပ်ဒေသသို့ တည့်တည့်လက်ညှိုးညွှန်

ပြ...:

"ဟိုဆေးသစ်ထုတ်ထားတဲ့ အခန်းကလေ"

ဟုတ်လိုက်လေခြင်း တကယ်ညံ့ဖျင်းသူက သူဖြစ်နေခြင်းဟာ

ဒီကောင်တွေ ဒီလိုကိစ္စတွေဆို (စံသာ မစံတာ) အင်မတန်သွက်လက်

ချက်ချာသည့်အချက်ကို လုံးလုံးလျားလျား မေ့လျော့သွားခဲ့သည်

ချက်ချင်း မျက်နှာကို အချိုသာဆုံးပြုပြင်ပြီးလိုက်ဆဲ ချက်ခြာ

ဆေး ယင်္ဂလင်မယားနှစ်ကောင် လမ်းကြုံဝင်နားသည်။

"အဟေး... ဟုတ်တယ်ကွ၊ မင်းတို့က အမည်နာမတွေ ဘာတွေတောင်သိနေမှပဲ၊ ဘယ်လိုလဲ အတော်ရင်းနှီးနေကြပြီလား အဟဲ"

"ရင့်းတော့မရင်းနှီးသေးပါဘူး။ ဟိုတစ်နေ့က ညည့်စာရင်းတိုင် တာနဲ့ကြုံလို့ ရ-ယ-ကရုံးမှာသိလာတာ"

"နာမည်လေး ဘယ်သူ"

"သက်ထားနွယ်"

"သက်ထားနွယ် သောကြာနံ့ သောကြာသမီးလေး ကျွန်းမာ ချမ်းသာ ဘေးဘယာ ဝေးကွာ"

"ဘာလဲ မင်းကို အကြောလာထည့်သွားလို့လား"

"အာ... အမှောင်ပဲ အာရုံပြုပြီး မေတ္တာပို့နေတာ၊ မေတ္တာပေးရင် မေတ္တာရမယ်၊ မင်းနားမလည်ဘူးလား"

အခွင့်အရေးရတုန်းလေး အပြတ်တွယ်ထည့်လိုက်သည်။

"အေးအေး မဟာဂရုဏာရှင် ဓမ္မကထိကကြီး မေတ္တာပွားလက် စနဲ့ ဒီဝိုင်းလေးပါ ရှင်းလိုက်နော်၊ သြော်... မေတ္တာ... မေတ္တာ အင် မတန်အကျိုးထူးလှတဲ့ မေတ္တာတရားပါလား"

"ဒါနဲ့ ပြောပါဦး၊ အဲဒီကောင်မလေးအကြောင်း မင်းတို့ သိ ထားသလောက်..."

"သူတို့ပြောင်းလာတာ သိပ်မကြာသေးဘူးကွ၊ မင်း ခရီးသွားနေ တုန်းအချိန်ပဲ၊ ဟော့... ညီလေးပဲပလာတစ်ပွဲ"

အခွင့်အရေးလည်း နှစ်ခါမရဆိုသောဆောင်ပုဒ်ကို လက်ကိုင် ထားသော လက်မရွံ့မျိုးဇော်က ရဲရဲဝံ့ဝံ့မှာသည်။

"သူတို့ မိသားစုက များများစားစားမဟုတ်ပါဘူး၊ လေးယောက်၊ သူ့အဖေရယ်၊ အမေရယ်၊ နောက် သူ့မွေးချင်းတစ်ယောက်ရယ်ပဲ"

"သူ့မွေးချင်းက သူ့ညီမလား၊ အစ်မလား၊ သူလိုပဲ အမိုက်စား ဆောပဲလား"

"အာ. . . တဏ္ဍာကောင် ညီမလည်းမဟုတ်ဘူး၊ အစ်မလည်း မဟုတ်ဘူး၊ အထီးလေးကွအထီးလေး၊ မိုက်လားမမိုက်လား မင်းလောက် ရှိသယ်"

"ဟ. . . ဟ. . . ဘာလဲဟ"

"အရွယ်ကိုပြောတာကွ. . . အရွယ်"

ဝဏ္ဏကလည်း ဝင်၍ . . .

"သူ့ဖားသားကြီးက ဝန်ထမ်းအငြိမ်းစား၊ သက်ထားနွယ်က ဆောင်းပြီးသွားပြီ၊ အီကိုဟေ့ ညီလေးရေ့"

"ဟေ့ကောင် တော်. . . တော်ပါတော့၊ ငါ့မှာ ပိုက်ဆံသိပ်မပါ ဘူး"

"သွားကြားထိုးတံ တောင်းမလို့ပါကွာ၊ မကြောက်ပါနဲ့"

လက်ဖက်ရည်သောက်ပြီး သွားကြားထိုးတာ ဒီတစ်ကောင်ပဲတွေ့ ရသေးသည်။

"ဒါနဲ့ မင်းကရော ဘယ်ကဘယ်လိုတွေ့လိုက်တာလဲ"

"ခုလေးတင်ပဲ၊ ဟောဟိုပြတင်းပေါက်က ထွက်လာတာကွာ၊ ဝိသည်း မြင်မြင်ချင်းကြီးကို. . ."

(အကျီချွတ်လိုက်တဲ့ကိစ္စကို ချန်လှပ်ထားခဲ့သည်)

"ဘုရားတရလောက်အောင် လှရက်တယ်ကွာ"

နှစ်ယောက်သားက သူ့ကို အီးတီတစ်ကောင်အား အရှင်သတ် သတ်တွေ့ရသလိုမျိုး တအံ့တသြကြည့်နေကြသည်။

"ဒီလောက်လည်းမဟုတ်ပါဘူး ဖြိုးဝေပိုင်ရာ၊ မင်း အဝေးမှန်ထို့ မြင်မှာပါ"

ဖိုးလပြည့်စာပေ

မိုးတော်စကားကို အရက်သမားလေပျိုသလောက်တောင် အရေး စိုက်ပဲ ထိုအခန်းသို့ လှမ်းမောတသစွာငေးပြီး ဆက်လက်ရေရွတ်သည်။

"မိနစ်အနည်းငယ်လေးမှာတောင် ငါ့နှလုံးသားတစ်ခုလုံး အေးစက်တောင့်တင်းသွားရအောင် လုံလုံလောက်လောက် စွမ်းဆောင်သွားခဲ့တာ မင်းမှာ ဘယ်လိုအစွမ်းသတ္တိနဲ့. ထုဆစ်ထားလို့ပါလဲ နတ်သမီးလေးရယ်"

"..."

"ငါအချိန်တွေ မင်းပိုင်သွားပြီပေါ့"

"..."

"ပြည့်စုံတဲ့အလှတရားဆိုတာ ဒါပဲ"

"ချစ်စရာလေး တကယ်"

ထိုနေ့က သူတို့သိသမျှ ထိုအကြောင်းအရာ အနည်းအကျဉ်းကို အကျယ်တဝင့်ရှင်းလင်းတင်ပြောသွားခဲ့သော ထိုနှစ်ကောင်သည် ကောင်မလေးအား တန်းစီမည့်အရိပ်အရောင်မတွေ့ရ။ တတ်နိုင်စွမ်းသမျှ ကူညီပါမည်ဟူ၍ မင်္ဂလာကတိကို ပေးသွားပါသေးသည်။

ၚင်း သကောင့်သားနှစ်ကောင်ကို မဇ္ဈေခင် လက်ဆောင်ပတ္တာ အပ်နှင်းရဦးမည်ဟု ရည်မှန်းလိုက်မိပါသည်။

လျှပ်စစ်ထိုင်ခုံ တစ်လုံးလောက်...။

www.burmeseclassic.com

အခန်း (၂)

ဖြတ်သွားဖြတ်လာ ချစ်သူပုံရိပ်ကလေးများကို ခိုးငေးရသည်မှာ [illegible]ပက်လောက်သာသောက်ပြီးမှ ဆိုင်ပိတ်သွားသကဲ့သို့ ရင်မှာ အားမလို [illegible]

ဝရန်တာတွင် စာထိုင်ဖတ်နေတတ်သော တခါတရံ ငေးမောနေ [illegible]တတ်သော ချစ်သူသည် ရံဖန်ရံခါ စာအုပ်အငှားဆိုင် အခွေငှားဆိုင်သို့ [illegible]လေ့ရှိတတ်သည်။

ဖွံ့ကြောင်ဟုပြောရင်လည်း စိတ်ဆိုးမည်မထင်သော ဖြိုးဝေပိုင် [illegible]သည့်ငနဲသည် သူမအတွက် အချိန်အတော်များများပေးပြီး အသလွတ် [illegible]ကြီးမျှော်ငေးရသည့် ဝန်ထုပ်ဝန်ပိုးကြီးကို အားရပါးရ ဝမ်းပမ်းတသာ [illegible]ပိုးနေပါတော့သည်။

ဖိုးလပြည့်စာပေ

အဖြူစင်းကိုပဲထိထိ အမည်းကျားကိုပဲမှန်မှန်
မြင်အကျားကတော့ သေချာပါပဲ။
သက်ထားနွယ်ဆိုတဲ့ ဖြူမလေးရေ
မင်းက အမှတ်တမဲ့ဆိုပေမယ့်
ခါထုတ်လိုက်တဲ့ မင်းရဲ့ဆူးချွန်မြမြတွေ
ငါခန္ဓာအနုံ့အပြား ထုတ်ခြင်းပေါက်ခဲ့ပေါ့
အရာအားလုံးဟာ ပစ်မှတ်တည့်တည့်တွေပါပဲကွယ် . . .

တဆိတ်လောက်

ဖြိုးဝေဝိုင်စွဲလမ်းရပါသော သက်ထားနွယ်ဟုအမည်ရသော အမျိုးကောင်းသမီးလေးအား လေ့လာကြည့်ပါစို့။

ပခုံးကိုကျော်လွန်၍ နှစ်လက်မသုံးလက်မခန့်ရှည်သော ဖျော့စ် စင်းစင်း ဝိတ္တန်းရောင်ကသာ။

ဖြူဝင်းသောအသားအရည်နှင့် အချိုးအဆစ်ကျနသော ကိုယ်ခန္ဓာအချိုးအစားက ရေဆေးငါးဆိုလား ပြည်ကြီးငါးဆိုလား ဘာဆိုလား။

လက်ချောင်းပြေသွယ်သွယ်လေးများက အမှတ်တမဲ့ကြည့်လျှင် အတိုအရှည်မညီသော ဖယောင်းတိုင်လေးငါးတိုင်ကဲ့သို့။

နှုတ်ခမ်းနှစ်လွှာ ခပ်ပါးပါးလေးများက ဆေးဆိုးထားသည်လား သဘာဝအတိုင်းပဲလား ခွဲခြားရခက်အောင် ခပ်ရဲရဲလေး။

'ဆံ' ဆံပင်၏ကောင်းခြင်း

'သား' အသား၏ကောင်းခြင်း

'ရွှေ' အရည်၏ကောင်းခြင်း

ဖိုးလပြည့်စာပေ

'ရိုး' အရိုး၏ ကောင်းခြင်း

'ရွယ်' အရွယ်၏ကောင်းခြင်း ဟူသော ကောင်းခြင်းငါးဖြာထဲ အတော်လေး အံဝင်ခွင် (ဂွင်)ကျ ရှိလှပါသည်။

နောက်ဆုံး အချုပ်ကတော့ 'မိုက်တယ်'ပေါ့။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၃)

နာရီလက်တံများ လက်ယာရစ်လှည့်ပတ်နေသော ရက်သတ္တပတ်ကို စာရေးခြင်း၊ စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်းများဖြင့်သာ ကြိုးစားဖြတ်သန်းကြည့်မိသည်။ အပြင်ထွက်ချင်သည့်ဆန္ဒကို နှိပ်ကွပ်ထားရသည့် ဒုက္ခကာလသည်း ကြီးမားလှပေစွ။

တတ်နိုင်သမျှ စာပေထဲတွင် အာရုံနှစ်ကြည့်လိုက်သည်။ နှစ်လိုက်တော့ အလွယ်တကူ နစ်သွားပါသည်။ နစ်ပြီးနောက် အိပ်ပျော်သွားခဲ့ရသည်။ အခြားသော စာရေးဆရာတွေ ဒီလိုပဲလားတော့မသိပါ။ အိပ်ရေးတော့ တော်တော်ဝသား။

အပြင်သို့ ခဏတာလေးသာထွက်ခဲ့သောအချိန်၌ ဟိုလဒနှစ်ကောင်ကို မတွေ့ရ။ သေမှန်းမသိ ရှင်မှန်းမသိ။ ထိုအတွေးကိုတွေးနေစဉ် အသက်ရှည်ဦးမည့်ဝဏ္ဏ အဘိုးသေသောမျက်နှာပေးနှင့် ပြုံးပျော်ရွှင်မြူးစွာရောက်လာသည်။

ဖိုးလပြည့်စာပေ

"ဖြူးဝေဖိုင် အံမယ် အိမ်ထဲမှာငြိမ်ကုတ်ပြီး နေနိုင်လိုက်တာ ဘယ်လိုလဲ၊ အစွမ်းကုန်စာရေးနေတယ်ပေါ့"

"ဒီလိုပါပဲ၊ ဒါပေမဲ့ ပါသွက်တဲ့အချိန် မင်းတို့ကို ရှာသေးတယ်မတွေ့လို့"

"ကဲ ထားပါတော့၊ မင်းကို ပြောရဦးမယ်၊ သက်ထားနွယ်လေ"

သက်ထားနွယ်တူသော အမည်နာမကြောင့် အဖြူရောင်မျက်နှာလေး ဖျတ်ခနဲ ပြေးမြင်မိသည်။

"အေး. . . ဘာဖြစ်လို့လဲ၊ ငါ့ကိုကြိုက်လို့ကိုက်တဲ့လား"

"စကားကို ငါလို သစ္စာရှိရှိပြောစမ်းပါ၊ သက်ထားနွယ် မောင်နဲ့ ဘိတို့နဲ့ တော်တော်တောင်ရင်းနှီးနေပြီကွ၊ မင်းစိတ်ဝင်စားလို့ လုံးချင်ရင် သူ့မောင်ကိုလည်း ကိုယ့်ဘက်ပါအောင် အပီလုံးပေတော့"

"ဝိုကောင်းတဲ့အခွင့်အရေးက၊ မင်းလိုပဲ သူလည်း စာရွးကိုက် ထောက်တောက်၊ ငါက မင်းအကြောင်း ဝိုဝိုသာသာလေးပြောလိုက်တော့ ဒိတ်ဆက်ပေးပါဘာညာနဲ့ မင်းဟာနဲ့မင်း ကြည့်ဖန်ပေါ့ကွာ"

"မင်းက ဘယ်လိုဟာကြီးလဲ"

"ဘာကို ဘယ်လိုဟာကြီးလဲ"

"ငါက သူ့အစ်မကိုပဲစိတ်ဝင်စားတာ၊ အဲဒီကောင်လေးက ဘာလုပ်ရမှာလဲ"

"မဝေးနဲ့၊ မတိုးနဲ့လေကွာ၊ ဒီငနဲလေးနဲ့ ခင်အောင်ပေါင်း ဆင်း သိချင်တဲ့ Information တွေ နှိုက်ကြည့်လို့ ရနိုင်တယ်လေ"

"ဩော်. . . အေး. . . ဟုတ်သားပဲ၊ အရှုးက တစ်နေ့သူ့ဘက် ဝတ္ထုက ကြိမ်ဆဲလိုက်ပြီး . . .

"ကဲ. . . ဘယ်လိုလဲ၊ ညနေ လက်ဖက်ရည်ဆိုင်သာ

"အေး. . . မင်းတို့လည်း ရှိမယ်ဆိုရင် လာခဲ့ဟယ်ဆေ

"ဒါဆို ဥက္ကာလင်းကိုပါခေါ်ခဲ့မယ်၊ ပုံမှန်ချိန်တွေ့မယ်"

"ဥက္ကာလင်းဆိုတာ ရိုက်ဖဲလေးလား"

"အေး. . . ဟုတ်တယ်"

www.burmeseclassic.com

အခန်း (၄)

အဖြူရောင် ပတ်တီးလိမ်းကျံထားသော သက်ထားနွယ် အခန်းလေးက လေးပေမီးချောင်းအလင်းအောက်မှာ ကြည်လင်ဝင်းပနေပါသည်။ သူမကိုတော့ မတွေ့ရ။

(တကယ်ဆို ပြတင်းပေါက်ဝနားလေးမှာဖြစ်ဖြစ် မင်းရှိနေသင့်တယ်)

(မင်းဘာလုပ်နေလဲ နတ်သမီးလေးရယ်)

(မင်းရဲ့အချိန်တွေ ဘယ်လိုနည်းနဲ့ ကုန်ဆုံးပစ်စေခဲ့သလဲ)

(ကိုရီးယားကားတွေနဲ့လား၊ ဝတ္ထုစာအုပ်တွေနဲ့လား၊ ဒါမှမဟုတ် အိမ်မှုကိစ္စအဝဝတွေနဲ့ပဲလား၊ ငါသိခွင့်ရချင်တယ်)

(ဒါမှ မင်းဓလေ့တွေ မှန်းဆ၊ ငါ လွမ်းနေလို့ ရနိုင်မှာပေါ့)

သူ အတွေးတွေနှင့် ငေးလို့ကောင်းတုန်း မျိုးဇော်တို့ရောက်လာကြသည်။

ဖိုးလပြည့်စာပေ

"ညကွာလင်း ဒါ ဖြူးဝေပိုင်တဲ့"

"ဖြူးဝေပိုင် ညကွာလင်းက မင်းလိုပဲ၊ စာရေးအရမ်းဝါသနာပါတယ်၊ အဲဒါ မင်းက အတွေ့အကြုံရှိတော့ နည်းပေးလမ်းပြလေးလုပ်ပါဦးကွာ"

သူနဲ့ ဆွေမျိုးတော်စပ်ရမယ့် ယောက်ဖအလျောင်းအလျာလေးကို ကမ္ဘာပေါမှာ အချိုသာအဖော်ရွေဆုံးအပြုံးနှင့် ဖိတ်ခေါ်လိုက်သည်။ ဒီလိုလူမျိုးရှေ့မှာ သူက သဘောကောင်း တည်ကြည်ဟန်မျိုး ကြိုးစားသရုပ်ဆောင်လိုက်သည်။ ဘာမှမသိရှာသေးတဲ့ ငနဲလေးကတော့ အထင်ကြီးလေးစားတဲ့ပုံရိပ်တွေ မျက်ဝန်းတွေ အထင်းသား။

"ဆရာ့စာအုပ် ကျွန်တော်ဖတ်ပြီးသွားပြီ၊ တကယ်မိုက်တယ်ဗျာ၊ ကျွန်တော်လည်း ဆရာလို ရေးတတ်ချင်တယ်ဆရာ"

အလဲ့ ဆရာဆိုပါလား၊ တိတ်တခိုးလေးစားပြီး ဆရာခေါ်တော့ အကြောင်းစုံမသိသေးလို့ဖြစ်ပါလိမ့်မယ်။ သို့သော် ဆရာအခေါ်ခံရလျှင် ဖင်ကြီးမိုးပါသည်။ ဆရာခေါ်ပြီး ဟိုဒင်းလုပ်တဲ့သူက လောကမှာ တော်တော်ပေါသည်။

"ဒီလိုပဲပေါ့ကွာ၊ ကြိုးစားပေါ့၊ မင်းရဲ့ နေ့စဉ်လက်တွေ့ဆန်တဲ့ Act (လုပ်ဆောင်မှု)ပေါ်မှာ မူတည်တာပေါ့၊ Mind (စဉ်းစားဉာဏ်) Try (ကြိုးစားရင်) ဖြစ်ဖို့မဝေးပါဘူး၊ အဓိကက Feeling (ခံစားမှု) တွေကို ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်းဖတ်တဲ့သူမျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင် စာရွက်ပေါ် ဖဲ့နဲ့တင်ပြနိုင်ရမယ်၊ အဟမ်း"

အရသာရှိရှိ လည်ချောင်းကို တစ်ချက်အဟမ်းလိုက်သည်။

"နောက် Believe ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရမယ်၊ သူများနဲ့မတူတဲ့ အမြင်ရွှေထောင့်ကနေ Plan ချ ကြံစည်တတ်ရမယ်၊ Mistake ဆိုတဲ့ အမှားအယွင်းတွေကတော့ ရှိနိုင်တာပေါ့ကွာ၊ Time ကို တတ်နိုင်

သမျှ Spend အသုံးအဖြန်းချောင်ပေါ့"

ဆရာကြီးအထာနဲ့. ခပ်တည်တည်ပဲ အင်္ဂလိပ်စကားအကြီးအစဲ့ ဆွေ တတ်သမျှနဲ့. ဖြီးဖြန်းချနေသည်။ ကြိုးစားပမ်းစား၊ ဘာသာပြန်နားထောင်နေပါသည်။

အခွင့်အရေးရတုန်းလေး ဆရာလုပ်ရတာဆိုတော့ ပါးစပ်က အမြဲပြဲထွက်လုနေပါပြီ။

မျိုးဇော်နဲ့ဝဏ္ဏကတော့ ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရဟန် မုန့်တွေကြိတ်ဝါးနေပါတော့သည်။ ဖြိုးဝေပိုင်ကတော့ မျက်နှာထား ခပ်တည်တည်ကြီး ဟုတ်တိပတ်တီ စကားလုံး အပြေးအလွှားရှာဖွေသည်။

ဥက္ကာလင်းဆိုတဲ့ ငနဲလေးက လေးစားအားကိုးမှုပရပ္ဖွန်. ခု ချက်ချင်းပဲထိုင်ကန်တော့တော့ မလိုလို ဖင်တကြွကြွ။

"အစ်ကိုလည်း အများကြီးကြိုးကြိုးစားပေးဆပ်ခဲ့ရတာပဲ၊ လွယ်သွယ်ကူကူတော့ ဘယ်အရာမှ မရနိုင်ဘူးလေ၊ Fall (ကျဆုံးမှု) များစွာကို အကြောက်လန့်မှု Fear တွေ၊ နာကျင်မှု Hurt ဖြစ်တာလဲ၊ ခဏခဏဆပဲ ဆုံး ဒါပေမဲ့ Hope (မျှော်လင့်မှု) က ကြီးမားခိုင်ခန့်တော့ အားလုံးခါးသီးရင်ဆိုင်ရတာပဲကွာ၊ speed ကို တဖြည်းဖြည်း မြှင့်ယူရတာပဲလေ၊ ဟုတ်တယ်မို့လား ညီလေး"

"ဟာ. . . ဟုတ်တယ်ဆရာ၊ ဟုတ်တယ်၊ ဘဲရီး. . . ဘဲဦး ဆရာတယ်ဆရာ၊ ဘဲရီး. . . ဘဲရီး. . . ကျေးဇူးတင်လိုက်တာဗျာ"

ဝဏ္ဏက . . .

"မင်းတို့ထိုင်ကြဦးကွာ၊ ငါ ခဏလေး"

"ဘာဖြစ်လို့လဲ"

"ငါ. . . သွားစရာလေး သတိရလို့. . . ခဏလေးပေါ့"

"အေး. . . သွားလေ"

ဖိုးလပြည့်စာပေ

"မျိုးတော်. . . မင်းပါခဏလိုက်ခဲ့"

ပြောပြီး နှစ်ကောင်သား ထလစ်ပါတော့သည်။ ဒီအထက ရိုး နေပြီ စိတ်ထဲမှာကြိမ်ဆဲလိုက်သည်။ သွားတာတောင် ဆေးလိပ်တစ်ယောက် တစ်လိပ် ကောက်ဖွာသွားသေးတာ၊ ပုဏ္ဏားနဲ့. သူတောင်းစား စပ်မွေးထား တဲ့ကောင်တွေ"

"ဆက်ပါဦး ဆရာ"

ဆရာခေါ်တဲ့ကိစ္စ ဖြိုးဝေဝိုင် လုံးဝသဘောမကျလှပါ၊ ဒီကိစ္စ အခု ကတည်းက ရှင်းထားမှဖြစ်မယ်ဟု တွေးလိုက်သည်။ ခုရှင်းမှ နောင်ရေး ကောင်းပါလိမ့်မည်။

"ဟေ့. . . ဟေ့. . . ငါ့ကို ဆရာလို့မခေါ်ပါနဲ့.ကွာ"

"ဘာ. . . ဘာဖြစ်လို့လဲ"

"ဟို. . . ဘာဖြစ်လို့လဲဆိုတော့ ဟေ့. . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မခေါ်နဲ့ဆို၊ မခေါ်ဘဲနေပေါ့ကွာ၊ ဟုတ်ဘူးလား. . . နော်. . . နော်"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာ. . . အဲ. . . အစ်ကို"

"OK ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့လူတွေ အရာဝတ္ထုသက်ရှိသက်မဲ့ တွေအားလုံးရဲ့ ဇလေဘရိုက်သဘောသဘာဝ ဒါတွေကို အမြဲမပြတ် လေ့လာ ရှုမြင် မှတ်သားထားရမယ်၊ ဥပမာ မင်းမှာ အစ်ကိုတွေ ညီမလေတွေ ဘာတွေရှိလား"

မဆိုင်တာတွေ ဆွဲသွင်းလာပါပြီ။

"အစ်မရှိတယ်၊ သက်ထားနွယ်တဲ့၊ ကျန်တော့်ထက် သုံးနှစ်ကြီး တယ်"

"အေး. . . ဟုတ်ပြီ. . . သူ့မှာ ညီးစားတွေဘာတွေရှိလား"

"မရှိလောက်သေးပါဘူး၊ ဘာဖြစ်လို့လဲ"

ဆန္ဒစောမူကြောင့် စကားအနည်းငယ် လက်လွန်သွားသည်။

တောင်လေးက သူ့အစ်မထိတော့ နားရွက်ထောင်သွားသည်။ (နားရွက်က အရင်ကတည်းက ထောင်ပြီးသားပါ)

"ရည်းစားတွေတာတွေရှိတော့ သူတို့စိတ်ခံစားမှု၊ ရင်ခုန်သံကြောင့် ဖြစ်တဲ့ အသွင်သဏ္ဍာန် ဘယ်လိုမျိုးလဲ၊ အချစ်နဲ့တွေ့ဟော့ ကြည်နူးမယ်၊ နောက်လွမ်းတာဆွေးတာတွေ ကြေကွဲတာတွေ အဲဒီအတွက်ကြောင့်ရတဲ့ ဆောကပုံရိပ် ဘယ်လိုလဲ၊ လော့လာကြည့်လို့ရတာပေါ့ကွာ"

တော်ပါသေးရဲ့၊ စကားက ရှေ့နောက်ညီသလိုရှိလို့။

"ကိုယ်တိုင်ကြုံမှ သတိရမယ်ဆိုရင် ဘယ်ပြည့်စုံနိုင်မလဲ၊ ကိုယ့် ဝတ်ဝန်းကျင်က ခံစားဖြစ်တည်မှုတွေကို ကိုယ်ကလည်း ထပ်တူထပ်မျှ မှုဝေခံစားနိုင်ယူရမယ်၊ ဒီလိုမှ အရေးအသားတွေ ပြောင်မြောက်မှာပေါ့ ကွာ"

"Yes! ဟုတ်တာပေါ့ဆရာရဲ့၊ အဲ အစ်ကို"

"အေး Proverb ရှိတယ်ကွ၊ ဖြစ်ပျက်ပြီး ပြန်လည်သုံးသပ်ခြင်း သည် ကောင်းသည်။ သို့သော် မဖြစ်ပျက်မီ ကြိုတင်တွေးခေါ်သုံးသပ်ခြင်း က ပိုရှ် ကောင်းသေးသည်တဲ့၊ လက်ခံလား"

"ဟုတ် လက်ခဲ့တယ်၊ လက်ခံတယ်'

"နောက် အီတလီစကားပုံတစ်ခုရှိသေးတယ်ကွ၊ Associate With the good and you will be one of them တဲ့"

"ကျွန်တော်က အစ်ကိုတို့လို ပညာမပြည့်စုံသေးတော့ သိပ်မရှင်း သေးဘူး အစ်ကိုရာ၊ ရှင်းပါဦး အဟီး"

"အေး အဟမ်း လွယ်ပါတယ်ကွာ၊ လူကောင်းသူကောင်းများနှင့် ပေါင်းသင်းပါ၊ သင်သည် ထိုလူများထဲမှ တစ်ယောက်ဖြစ်လာလိမ့်မည် တဲ့"

"သိပ်ဟုတ်တာပေါ့၊ အစ်ကို့လို ဗဟုသုတပြည့်စုံတဲ့လူနဲ့ တွေ့ရ

ဖိုးလပြည့်စာပေ

တာ သကြားမတာပဲဗျာ''

အေး ပြီးရင်တော့ ဘုရားတ,ပေတော့ဟု မပြောလိုက်မိပါ။

''အခု အစမ်း ဘာတွေရေးကြည့်ပြီးသွားပြီလဲ''

''အင်း ဒီလောက်ကြီးတော့ မလုပ်ဖြစ်သေးပါဘူး၊ ဟိုတစ်စ ဒီတစ်စ စာအုပ်လေးတွေတာ့ ဖတ်ဖူးမှတ်ဖူးပါတယ်၊ စာရေးကြည့်မယ်ကြံတော့ ဘယ်ကနေ ဘယ်လိုစရေးရမှန်းမသိဘူး ဖြစ်နေတယ်၊ အဟဲဟဲ''

''ယူရေးနီးယား စကားလေးရှိပြန်တယ်''

''ဘာများပါလိမ့်''

''Sit not idles for your luck sits with you တဲ့''

''ရှင်းပါဦး ခင်ဗျာ''

''ဘာမှမလုပ်ဘဲ ထိုင်မနေပါနဲ့တဲ့၊ အဘယ့်ကြောင့်ဆိုသော် သင်၏ကံသည် သင်နှင့်အတူ ထိုင်နေသောကြောင့်ဖြစ်သည်တဲ့၊ ကံကြမ္မာ ကောင်းခြင်းဆိုခြင်းဆိုတာ မင်းရဲ့လုပ်ရပ်ပေါ်မှာ မူတည်ပြောင်းလဲလာလိမ့်မယ်''

''အိုး ရက်စ် ရက်စ်''

နားသောတ,ပန်ဆင်သူရှိတုန်း ရေပက်မဝင်နိုင်အောင် မြွတ်ဟနေသော ဖြိုးဝေပိုင်း၏သြဝါဒစရိယာသည် ရေနွေးအိုးငါးအိုးမြောက်မှာ အရှိန်တော်တော်သေနေပါပြီ။

''ဟူး. . . ကဲ. . . ကဲ. . . ဒီနေ့တော့ ဒီလောက်ပဲပေါ့၊ နောက်နေ့တွေ အများကြီးရှိလာနိုင်ပါသေးတယ်၊ များသွားရင် မင်းဦးနောက်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားလိမ့်မယ်''

''ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဒီနေ့ မိတ်ဖြစ်ဆွေဖြစ် ဒကာခံ ဒါန ပြုပါရစေ''

''မဟုတ်တာပဲ နေပါစေ''

ဖိုးလပြည့်စာပေ

ဟန်ဆောင်ငြင်းပယ်နေသူအား ဥက္ကာလင်းက အမှန်တကယ် ရှင်းသွားပါသည်။

"ဩော်. . . ဒါနဲ့ သဘက်ခါကျ ကျွန်တော့်အိမ်မှာ အိမ်တက်ဆွမ်းကျွေးရှိတယ်၊ အဲဒါ အစ်ကိုတို့ကို ဖိတ်ပါတယ်၊ ညဘက် အုန်းနို့ခေါက်ဆွဲချက်မှာကိုလည်း ကူပေးပါဦး၊ ကျွန်တော်တို့မှာ အသိမိတ်ဆွေတလည်း သိပ်မရှိသေးတော့ အစစအရာရာ အစ်ကိုတို့ကိုပဲ အားကိုးရမှာပဲ အစ်မနဲ့လည်း မိတ်ဆက်ပေးရဦးမယ်၊ လာခဲ့နော် အစ်ကို"

"အေးပါကွာ၊ လာခဲ့ရမှာပေါ့"

"ကျွန်တော် သွားဦးမယ်"

"အေး. . . သွားတော့. . . သွားတော့"

ကျေးဇူးရှင်လေးအား ကြားဖူးနားဝဆိုရိုးစကားဟောင်းများစွာနှင့် ဩဝါဒခြွေပြီး မကြာမီ လဒနှစ်ကောင် ကုတ်ချောင်းချောင်းပြန်ရောက်လာသည်။

"ဘယ်လိုလဲကွ၊ အခြေအနေ"

"သူတို့အိမ်တက်ဆွမ်းကျွေးတောင် ဖိတ်သွားတယ်၊ မင်းတို့လည်းပါတယ်၊ ဒါနဲ့ မင်းတို့က ဘယ်သွားတာလဲ"

"ငါတို့ရှိနေရင် မင်းကြွားလုံးဖောလုံးတွေ မပြောင်မြောက်မှာ စိုးလို့ပါရမီဖြည့်တဲ့အနေနဲ့ ဝေးဝေးနေပေးတာပါကွာ၊ မင်း ဘယ်လောက် စကားထုံးထွားထွား၊ အထင်ကြီးလို့မရတော့ အကုသိုလ်နည်းအောင်ပါ"

"ဂျင်းဂျင်တွိမ်ရှူးဆိုးက ပြောတာကွ၊ သင်၏ညှံဖျင်းမှုများအတွက် အခြားလူများအား အပြစ်ပုံချမှုကို ရပ်ပစ်ပါတဲ့"

"တော်စမ်းကွာ"

"နောက် တရတ်စကားပုံက. . ."

"လာ. . . လာ. . . ဝဏ္ဏ လစ်ရအောင်၊ ဒီကောင့်ဝေဒနာ အမှိုင်

မသေသေးဘူး၊ လူပြောမသန် လူသန်မပြောတဲ့၊ လစ်မယ်ကွာ၊ နားညီးတယ်"

ညှင်းသိုးသိုးနှင့်ပြန်သွားသော ထိုနှစ်ကောင်ကိုကြည့်ပြီး ချေးတားနှင့် အမှိုက်လှည်းနှစ်စင်းကို ပြေးမြင်မိသည်။

ဆိုင်မဆိုင်တော့မသိပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၅)

"ဖြူးဝေပိုင်ရှိလား အန်တီ"

"အေး. . . ရှိတယ်သားတို့၊ မင်းတို့သူငယ်ချင်းအိပ်နေတာန်း သွားသွား၊ မင်းတို့ဘာသာ သွားနှိုးကြပေတော့"

ဖြူးဝေပိုင်အမေ ဒေါ်မြမြက ထမင်းဂျိုင်းများထည့်ထားသော ဆွဲခြင်းကို ဆွဲရင်းပြောလိုက်သည်။

"အန်တီ ဆိုင်သွားတော့မလို့လား"

'အေးကွယ်၊ ကဲ အန်တီသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီ၊ ဟုတ်ကဲ့"

ဖြူးဝေပိုင်မိဘများက လူအတော်အတန်စည်ကားသော [illegible] တနိုင်တပိုင် စတိုးဆိုင်ဖွင့်ထားသည်။ အရမ်းကြီးမဟုတ်သေး့ [illegible] တည်တည်ငြိမ်ငြိမ်နှင့် ပူပင်မှုဟူ၍ သိပ်မရှိကြ။

မျိုးဇော်၊ ဝဏ္ဏနှင့် ညကလေးတို့သုံးယောက်သား [illegible]

အခန်းကိုဖွင့်လိုက်ရာ စာတန်းတစ်တန်းကို ထူးထူးခြားခြား တွေ့လိုက်ရသည်

သတိ မကြည့်ရ
လျှို့ဝှက်ချက်ရှိတယ်
သိချင်ရင်
ထမင်းစားတဲ့ဘက်ကို ကြည့်။
ထမင်းစားတဲ့ဘက်ကိုကြည့်ဆိုၿပီး သုံးယောက်လုံး ညာဘက်ကြည့်မိလိုက်ရာ . . .

သောက်သုံးမကျတဲ့ကောင်
ငါ ဘယ်သန် မင်းမသိဘူးလား
ထမင်းစားတဲ့ဘက်ဆိုတာ ဘယ်ဘက်
သူပြောတဲ့ ထမင်းစားတဲ့ဘက်ကို စိတ်ဝင်တစား အထိတ်တလန့်

လုပ်ကြည့်လိုက်တော့ . . .

ဒီဘက်ပဲကွ
မကြည့်နဲ့လို့ ပြောထားတယ်နော်
တကယ်တော့ အပေါ်မှာ
အားလုံးတွန့်သွားပြီး ပြိုင်တူပဲ အပေါ်ကိုမော့ကြည့်လိုက်တော့ ကဒ်ပြားပေါ်တွင် ပြောင်စပ်စပ်ကာတွန်းရုပ်နှင့် (သူ့ရုပ်နှင့်ခပ်ဆင်ဆင်)။

"မင်းအမေလင်ကို ကြည့်တာလား. . . တဲ့"

ဥက္ကာလင်းကတော့ ကြောင်တောင်တောင်ဖြစ်သွားရသည်။ စိတ်မြန်လက်မြန်ရှိသော မျိုးဇော်က စာရွက်များကို ပြေးခွာ ဆုတ်ဖြဲပစ်လိုက်သည်။

"ဝဏ္ဏ အပေါ်ကဟာပါဖြဲရအောင်" (စာရွက်ကိုပြောတာ)
"ဒါ အသလွတ်ကြီး စော်ကားတာ ချက္ခာ"

ဖိုးလပြည့်စာပေ

"လာ. . . ငါ့ပခုံးပေါ်တက်"

မျိုးဇော်ပခုံးပေါ် ဝဏ္ဏကတက်ခွ၍ မမှိတမီ မျက်နှာကျက်ပေါ်တ ကတ္တူစက္ကူကို ခက်ခက်ခဲခဲ ဆွဲခွာလိုက်ရာ . . .

"ဟ. . . ဟ. . . ကျပဟ"

"ဝုန်း"

"ပြားပါပြီ"

"ဝိန်ပါပြီ၊ ကျွတ်. . . ကျွတ်"

မျက်နှာကျက်အပေါက်ကို ဖွင့်လိုက်သလိုဖြစ်ပြီး အပေါ်မှ အဝတ်အစားဟောင်းများ ပြုတ်ကျလာသည်။

"ဟ. . . ဟာ. . . ဘာတွေတုန်းဟ"

"မှန်းဘမ်း. . . အာ့. . . ဝေါ့. . . ထွီ"

"အား. . . အတော်ညစ်ပတ်တဲ့ကောင်ကွာ"

"ဘယ်အနှစ်နှစ်အလလက မလျှော်ရသေးတဲ့ အဝတ်တွေလည်း ဆီဘူး၊ သေးနံ့တောင် သင်းတမြမြနဲ့. . . အေ့"

"ဟာ. . . အတွင်းခံ ဘောင်းဘီတောင် ပါလိုက်သေးတယ်"

"အေးကွာ၊ ဒါတောင် ဒီကောင် ဗလာစီယာမဝတ်လို့၊ ဝတ်များ ဝတ်ရင်. . ."

"တော်. . . တော်ကွာ၊ ဆက်ကြည့်နေ၊ သူ့အမေထဘီတွေပါ တွေ့နေရင် ဒုက္ခ"

ဥက္ကလင်းကတော့ ထိန်းမရနိုင်၍ ရယ်မောလိုက်ပါသည်။ ထိုနှစ်ကောင်သာ အမျက်ချောင်းချောင်းထွက်ပြီး စောင်ခြုံအိပ်နေသော ဖြိုးဝေပိုင်စောင်ကို ဆွဲလှန်လိုက်ရာ . . .

ပြုံးပြီး စူးစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ၊ ရဲပတောင်းတနေသော နှုတ်ခမ်းတစ်ခု၊ ဖြူဖွေးနေသော မျက်နှာကြီးတစ်ခုကို မမျှော်တင့်ပါပဲ လောလောလတ်လတ်ကြီး အနီးကပ်မြင်တွေ့လိုက်သောကြောင့် . . .

ဖိုးလပြည့်စာပေ

"အား"

"အောင်မဲ့စိ"

ပြုင်တူ အလန့်တကြား ထအော်မိကြသည်။

"အမယ်လေးကွာ၊ လန့်သွားတာပဲ၊ မင်းတို့ ဘယ်လိုဖြစ်လာကြတာလဲ၊ ဆူဆူညံညံနဲ့ကွာ"

"အံမယ်၊ မင်းကပဲ ပြောရတယ်ရှိသေး၊ မင်းအိပ်ခန်းစဝင်ကတည်းက လပ်ကီးမကောင်းတာ၊ ဘာဏ်နီဘာဏ်နက်တွေကြီးပဲ၊ မင်းအခွက်ကိုလည်း မင်းပြန်ကြည့်ပြီး၊ ဘာလဲ ညက ရှောက်သီးဆေးပြားထွက်ရောင်းထားတာလား"

ဖြူးဝေပိုင်က ဘာကောင်တွေမှန်းမသိဘူးဟု အဓိပ္ပာယ်ရသောအကြည့်ဖြင့် မကျေမနပ်ကြည့်သည်။

"ဟော့ကောင်. . . မင်းမျက်နှာက"

"ကျတ်. . . အေးအေးနေစမ်းကွာ"

"ဟုတ်တယ် ဖြူးဝေပိုင်၊ ဆေးဆိုးပန်းရိုက်ရပ်နဲ့ ဘာမဟုတ်တာလုပ်ထားတာလဲ"

"မင်းတို့ကောင်တွေနဲ့ မဆိုင်ပါဘူးကွာ၊ ပဲ့ကိစ္စနဲ့ငါပါ"

မပြောချင်သလိုလိုဖြစ်နေသောကြောင့် ဝဏ္ဏနှင့်မျိုးဇော် အောင့်သက်သက်နှင့်ပဲ အလွန်သိချင်နေပြီ။

ဖြူးဝေပိုင်က အပျင်းကြောကို စိတ်ရှည်လက်ရှည်ဆန့်၍ သွားငိုက်တံမှာ သွားတိုက်ဆေးထည့်ရင်း . . .

"ဝါး. . . မင်းတို့ စောစောစီးစီးပါလား၊ ဥက္ကာလင်းလည်း ပါလာပယ်၊ ဘာလုပ်ကြတာလဲ"

"ဥက္ကာလင်းတို့အလှူ မနက်ဖြန်လေကွာ၊ ဒီနေ့ ကူညီညာ လုပ်ပေးရဦးမယ်၊ အဲဒါ မင်းကို လာခေါ်တာ"

"အား. . . အား. . . ငါ မျက်နှာသစ်လိုက်ဦးမယ်"

"ပြောပါဦးကွ၊ ခုန မင်း ဆေးဆိုးပန်းရိုက်ကိစ္စ"

"ငါ ညက ကောင်မလေးနဲ့ကောင်လေး ပြဿနာတက်ပြီး သူတစ်ပြန်ကိုယ်တစ်ပြန် တော်ကီရေးရာ ဖဲ့တဲ့အခန်းရေးလို့ကွာ"

"အဲဒါနဲ့ မင်းရုပ်က ဝက်ဖင်ရွံ့ပေလို့ ခြောက်သွားတဲ့ပုံစံနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါကြောင့် မင်းတို့မသိပါဘူး၊ နားမလည်ဘူးလို့ပြောတာ၊ ဒါ ဆောခန်းကွ"

"အေးပါ၊ အေးပါကွာ၊ မင်းက ဆရာကြီးပါ၊ တို့မသိပါဘူး"

"ဒီလိုကွာ၊ ငါက မိန်းခလေးလိုပြင်ပြီး မှန်ထောင်ကြည့်၊ သူတစ်ပြန် ကိုယ်တစ်ပြန် အပြင်က ငါ၊ မှန်ထဲကကောင်မလေး၊ အဲဒီစရိုက်နှစ်ခု၊ ဖီးလ်နှစ်ခုကိုခွဲပြီး ခံစားမှုနှစ်ခုနဲ့ ကြည့်ကြ၊ ပြောကြ ငြင်းခုန်ကြဆိုကွာ"

"ပါးရိုက်တဲ့အခန်းကျတော့ ကိုယ့်ပါးကိုယ်ပြန်ရိုက်ရောလား"

"ဒါတော့ ရိုက်သင့်ရိုက်ရမှာပဲ၊ ဒါမှ မျက်ရည်တွေ ဘာတွေဝဲပြီး ဂရုဏာစကားလုံးတွေပါ ပြောင်မြောက်လာနိုင်မှာ"

"ဒါဆို သားအမိနို့စို့တဲ့အခန်းဆို ကိုယ့်နို့ကိုယ် ဒီကောင် ပြန်ငုံကြည့်နေမလား မသိဘူး"

"အေးလေ"

"ဒါတွေရှင်းရင် ရှုပ်ကုန်လိမ့်မယ်၊ ဒီတော့ ဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်ရမှာလဲ"

"မင်းတို့ ဥက္ကာလင်းအိမ်က စောင့်နေကြတော့၊ ငါ ရောက်ပြီး ဆာခဲ့မယ်"

"ကောင်းပါပြီ၊ အကျီဘောင်းဘီတော့ ဝတ်ခဲ့ဦးနော်"

ဖိုးလပြည့်စာပေ

အခန်း (၆)

ဖြိုးဝေဝိုင် ရေချိုးအဝတ်အစားလဲပြီး ဥက္ကလင်းတို့အိမ် ရောက်တော့ အိမ်အောက်မှာ သုံးကောင်သား ထင်းပုံအုန်းသီးတွေနဲ့ ဂုတ်တုတ် ကြီးထိုင်နေကြတယ်။

"ဟေ့ကောင်တွေ မင်းတို့က ဘာမှမစသေးဘဲ ဘာလို့ ထိုင်နေကြတာလဲ"

"ဘယ်ကစကိုင်ရမှန်း ဘယ်လိုစလုပ်ရမယ်မှန်း မသိဘူးဖြစ်နေတယ်၊ အိုးခွက်လက်နက်ကိရိယာတွေကလည်း မစုံဆိုတော့"

"မင်းတို့ ဒီမှာနေတာပဲ အိုသေးတော့မယ်၊ အဲဒါတွေက ငှားရမယ့်ပစ္စည်းတွေကွ၊ ဘယ်သူ့အိမ်မှာမှမရှိဘူး"

"ဘယ်မှာသွားငှားရမှာလဲ"

"ဓမ္မာရုံမှာ သွားငှားရမှာပေါ့"

"အဲဒါဆိုလည်း သွားကြမယ်လေ"

ဖိုးလပြည့်စာပေ

"ဒီလိုလုပ်ကွာ၊ မျိုးဇော်က အုန်းသီးခွဲပြီး မင်းနဲ့သိတဲ့အခန်းက အုန်းခြစ်သုံးချောင်းလောက် ငှားလိုက်ကွာ"

"ဝဏ္ဏရယ်၊ ငါရယ် ဥက္ကာလင်းရယ်က မွောရုံမှာ ပစ္စည်းသွား ငှားမယ်၊ ဥက္ကာလင်း ဖိတ်စာတစ်စောင်လောက်ယူခဲ့"

သုံးယောက်သား မွောရုံကိုလှမ်းခဲ့ကြသည်။ မွောရုံက ကပ္ပိယ သား ဘုရားလူကြီးလား၊ ဘာရာထူးမှန်းမသိတဲ့ ဦးသံလုံးက လက်ထဲမှာ ဖိတ်ပုတီးကိုင် အိပ်ငိုက်နေသည်။

"ဦးသံလုံး"

"ဟဲ့. . . မင်းအမေလွှား"

"အမ်. . . ဘယ်လိုကြီးလဲဟ. . . ယောင်ပုံက. . ."

"လန့်လိုက်တာကွာ၊ ဒီမှာ ဘုရားအာရုံပြု ဝင်သက်ထွက်သက် ရှုနေတာကိုး"

ဝင်သက်ထွက်သက်ရှုတာကလည်း အိပ်ငိုက်နေတာနဲ့ ခပ်ဆင် သက်။

"ကန်တော့. . . ကန်တော့ ဦးလုံးရာ၊ ကျွန်တော်တို့ အိုးတွေ ခွက်တွေ ပစ္စည်းပစ္စယငှားချင်လို့"

"ဘာအတွက်လဲကွ"

ဦးသံလုံးအား ဖိတ်စာပေးရင်း အကြောင်းစုံရှင်းပြလိုက်ကြသည်။

"အေး. . . အေး. . . စာရင်းနဲ့သေချာမှတ်၊ ထုံးစံအတိုင်းပဲပေါ့ အလျှင်ငွေလေးဘာလေး တတ်နိုင်သလောက်. . ."

"သဘောပေါက်ပါတယ် ဦးလုံးရာ"

ပစ္စည်းများအားလုံး စုံမစုံစစ်ဆေးပြီး ဖြိုးဝေပိုင်က အထန့် တကြားထအော်သည်။

"ဟာ. . . ဟိုဟာတစ်ခုလိုသေးတယ် ဦးလုံး"

ဖိုးလပြည့်စာပေ

"မင်းအမေလွှား" (လုပ်ပြန်ပြီ)

"ဘာလိုတာလဲကွ"

"ဟိုဗျာ. . . ချိန်သီးနာရီက ချိန်သီးလိုဇွန်းကြီးလေဗျာ"

"ဩော်. . . ဘာများလဲလို့ ယောက်ချိုဇွန်းကိုပြောတာမို့လား"

"ဟုတ်မယ်ထင်တယ်၊ အခေါ်အဝေါ်က ကျွန်တော်တို့လည်း သိပ်မကျွမ်းဘူး"

သူတို့ပြန်လာကြတော့ မျိုးဇော် အုန်းသီးခြစ်နေတာ အတော်ခရီးပေါက်နေပြီး ပါးစပ်မှ "တစ်ဘဝလုံးချစ်မယ့်သူ" သီချင်းကိုဆိုလျက်. . .

"ကြက်ကိစ္စမလာသေးပါလား၊ ဥက္ကာလင်း မင်းတို့အိမ်ကို သွားပြောလိုက်ဦး၊ ကြက်ကိစ္စ လုပ်စရာရှိတာလုပ်ရကိုင်ရအောင်"

"ဘာ ကြက်လဲ၊ ရှူးပေါက်တဲ့ကြက်လား"

"ဟာ. . . ကွာ ဒီကောင်"

"မင်းစကားက အရင်းမရှိအဖျားမရှိ"

"အရင်းမရှိမှတော့ အဖျားလည်း ဘယ်ရှိပါ့မလဲကွ"

"ဒါဆို အူတိုင်ကြီးပဲပေါ့"

"မင်းတို့စကားပြောရင် ဖောက်ပြီ"

"ခဏနေဦး၊ ကျွန်တော် သွားမေးလိုက်ဦးမယ်"

ဖြိုးဝေပိုင် အိမ်အတွင်းကို မျက်စိကစားလိုက်သည်။ ခုထက်ထိ သက်ထားနွယ်ကို အရိပ်အရောင်မှပင် မတွေ့ရသေး၊ မသိမသာငေးကြည့်ရရင် ကောင်းမလားဟု စဉ်းစားမိစဉ် . . .

"ကျန်တဲ့ပစ္စည်းတွေက မေမေနဲ့မမ ဈေးသွားကြတုန်း သူတို့ပြန်လာကြမှ လုပ်ငန်းစလို့ရမယ်"

"ဒါဆိုလည်း ရှိတာကိုပဲ ခြစ်ကြတာပေါ့ကွ"

သက်ထားနွယ်တို့ပြန်လာကြတော့ သက်ထားနွယ်အမေ အစီ

အစဉ်အတိုင်းပဲ လုပ်ကြရသည်။ ထိုအထဲတွင် အတက်ကြွဆုံးကတော့ မြိုးဝေပိုင်ဖြစ်နေမှာ သံသယရှိစရာလိုမယ်မထင်။

သူမရဲ့အလှမှာ အနီးကပ် တိတ်တိတ်လေးရင်ခုန်ကြည့်မိသည်။ သူမကတော့ သိရှာမည်မဟုတ်။

ခံစားမှုတွေက . . .
ခန္ဓာကိုယ်ကြီးအတွက်
ရောဂါအသစ်စက်စက်တွေ . . .
(တစ်ခုပြီးတစ်ခု)
လက်ဆောင်အဖြစ် ပေးတယ် . . .
ချစ်သူ
(မင်းကိုတွေ့တဲ့အခါ. . .)
မျက်ဝန်းတွေက
အရှင်လတ်လတ်
နတ်ပြည်ပို့ပေးခဲ့တယ်
ဒါပေမဲ့ . . .
ငါ . . .
ဘဝမေ့လို့ မရနိုင်ခဲ့ဘူး . . .

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၇)

ညနေမှောင်စပျိုးတော့ ဥက္ကာလင်းနဲ့ဝဏ္ဏ 5 Litre ရောသန့်ဂူး တစ်ဂူး ဆွဲလာသည်ကို မျိုးဇော်က အရည်လဲနေသောမျက်လုံးဖြင့် စစ်ဖြဖြမေးသည်။

"ဘယ်လိုလဲ၊ အခြေအနေအိုကေရဲ့လား"

"ဂွတ်ဒ်... အိုကေ စိုပြေပဲ"

ဥက္ကာလင်းက အိမ်ပေါ်တက်သွားသည်။ ပြီးနောက် မသိမသာ အကွယ်တစ်နေရာမှာ ဘုံးကို မျိုးဇော်က နေရာချလိုက်သည်။ မီးအားနည်း စပြုလာသော မီးပုံထဲ ထင်းထပ်ထည့်လိုက်ရင်း ဖြိုးဝေဝိုင်က . . .

"ဘာရေတွေလဲကွ"

"အုန်းရေ"

"အုန်းရေမျိုးကွာ ကြီးကြီးကျယ်ကျယ်လုပ်ယူလာရသေးတယ်"

"ကြီးကျယ်ခမ်းနားရအောင် စီစဉ်ဖန်တီးထားတယ်လေ"

အမှတ် + အမှတ် = အမှတ်

"ဘာ. . . ဘယ်လို"

"ကဲ. . . ဆရာသမား ခဏလေးအသာနော်၊ မကြာခင် ရွေးချုံး ဘာ နေရာယူချင်လာလိမ့်မယ်"

ဖြိုးဝေဝိုင် ခေါင်းစားသွားသည်။ ဒီကောင်တွေ ဘာကြောင်နေ ဘာလဲမသိဘူး ဟု စိတ်ထဲမှာ တွေးနေမိသည်။

"အေးကွာ၊ ပေးစမ်းပါဦး မင်းတို့အုန်းရေ၊ အပူလေးဘာလေး ဘန်သွားအောင် နည်းနည်းလောက်သောက်ရအောင်"

"ဟို ဟော့ကောင် ခဏစောင့်ဦး၊ အရံဟင်းလျာကျန်သေးတယ်၊ ဆနေ့စောစမ်းပါနဲ့."

"ဘာအရံတွေလဲကွာ၊ နည်းနည်းပဲသောက်မှာ၊ ဘာဖြစ်လို့လဲ"

"ပြောလိုက်ရင် စိတ်မပါသလိုနဲ့၊ ခုကျတော့ ခဏလေးတောင် ဆောင့်နိုင်တော့ဘူး"

ဖြိုးဝေဝိုင် စိတ်ဝင်စားသွားပြီး ဒီကိစ္စ ဖေးရိုးသားရိုးမဖြစ်နိုင် ဘူး ဒါဆို. . .

ဥက္ကာလင်း လက်ဖက်သုတ်များ ယူပြီးပြန်လာသည်။ လက်ဖက် ဆုတ်အတွင်း ပုဇွန်ခြောက်က လိုတာထက်ပိုပြီးများလွန်းနေရုံမျှမက အစေ့ အကြော်များလည်း တွေ့ရသည်။ ပိုသေချာပြီ . . .

မျိုးဇော်ကလည်း . . .

"ကဲ. . . အခမ်းအနားကို စတင်ဖွင့်လှစ်ရအောင်၊ အဆိုန်းတော်စဲ ဆုတည်းက လစ်မစ်တင်ထားမှ အချိန်တန်မှန်မှာ၊ ဝဏ္ဏ မင်းဆဲ ဘဏ္ဍာ ထည်းပေး"

ဝဏ္ဏငှဲ့ပေးသောခွက်ကို မျိုးဇော်က မျက်လုံးမှိတ်ခွင့်မပြုဘဲ ဆုတ်

"အား. . . ပိုက်ဖက်ညှီလှချည်လားကွာ၊ လစ်ဆုတ်ခဲ့တော့ ဖိုးလပြည့်စေ

မဆိုးဘူး၊ လက်စတော်တော်ကောင်းတယ်၊ နောင်ကြီးဝဏ္ဏ ထူးချွန်သင့်မြတ်ပေစွကွယ်"

"ဟဲဟဲ. . . ဒါလောက်တော့ မိုင်နာပါ. . . ဟားဟား"

ပြောပြီး ကြာကူလီ အိပ်ရာထအပြုံးပြုံးနေသည်။

ဖြိုးဝေပိုင်က . . .

"ဟာ. . . ဟော့ကောင်တွေ မင်းတို့ တကယ်ဆော်နေကြတာလား၊ ပြဿနာတက်ကုန်မယ်နော်၊ သူများအလှူမှာကွာ၊ ဥက္ကာလင်းကလည်း ဘာလို့ခွင့်ပြုရတာလဲ"

"အသံကောင်း တော်တော်ဟစ်တဲ့ငနဲပါလား၊ မင်းလုပ်တာနဲ့ သီကုန်တော့မှာ၊ ပါးပါးလေးပုတ်တာပါ"

"ကြုံကြိုက်တုန်းလေး မိုဝဲရတာ၊ ဒါမှ တစ်ညလုံး ဟင်းချိုအိုးတွေဘာတွေ စောင့်နွေးနိုင်မှာပေါ့ကွ၊ ဘာလဲ မင်းက မကစ်ဘူးလား"

"ကစ်တော့ကစ်မှာပေါ့၊ ဒါပေမဲ့. . ."

"တော်. . . တော်ကွာ၊ ကဲ မျိုးဇော် ဥက္ကာလင်းအလှည့်၊ ပြီးတော့မှ ဒီကောင်"

သူတို့ပြောသလိုပဲ အုန်းရေနှင့် တော်တော်အစပ်အဟပ်တည့်လှသည်။ မဆိုး။ သောက်လေ့သောက်ထမရှိသော သူတို့အတွက် သင့်လျော်သလိုလို။

တစ်ယောက်နှစ်ခွက်ကျလှည့်အပြီး တတိယမြောက်ခွက်ကို ငှဲ့ခါနီး လှေကားမှ ခြေသံကြောင့် ဖန်ခွက်များကို ကပျာကယာဖွက်ထားလိုက်သည်။

ဆင်းလာသူက သက်ထားနွယ်

ကြယ်ဟစ်စင်း ကျဲဖြန့်ချလိုက်သလို ညက ချက်ချင်း ကဗျာဆန်သွားပါသည်။ လေပြေ ခပ်ညှင်းညှင်းကြွေတော့ ကိုယ်သင်းရနံ့တစ်မျိုးက ရိုက်ခတ်သင်းပျံ့စေသည်။

ဖိုးလပြည့်စာပေ

သက်ထားနွယ်ကိုမြင်ရတော့ ဖြိုးဝေပိုင် အာခေါင်မှာ အော်တို ခစ်တစ် ခမ်းခြောက်သွားရသည်။ တံတွေးကိုဆွဲချပြီး သက်ပြင်းတစ်ခုကို ဆီမသာ လုံးချေလွင့်ပစ်လိုက်ရသည်။

ဒုတိယမြောက် ဆူနာမီဖြစ်ပေါ်ခဲ့ရခြင်း၏ အဓိကတရားခံမှာ သူမသာဖြစ်ပါသည်။

"ဥက္ကာလင်း မောင်လေး အပေါ်မှာ အားလုံးပြီးသွားပြီ၊ အဲဒါ နေရာနည်းနည်းသွားချပေးလိုက်ပါဦး၊ အောက်မှာမလိုတော့တဲ့ ပစ္စည်း ဆွေပါ တစ်ခါတည်းသယ်သွားလိုက်ပေါ့၊ နှစ်ယောက်လောက်ဆိုရပါတယ်"

သူတို့ဘက်သို့ မေးဆတ်ပြရင်း (အားနာနေဟန်လည်းပါသည်)

"ကူညီပေးပါဦးနော်"

ဖင်ပေါ့သော မျိုးဇော်နှင့်ဝဏ္ဏ လိုက်သွားသည်။ ဖြိုးဝေပိုင်က ရင်ခုန်သံကို အစီစဉ်တကျစီတန်းရင်း ထိုင်ရမလို ထရမလိုနှင့် မတ်တပ် ကြီး ရပ်နေလိုက်သည်။ အပြစ်ပေးမယ့် ဆရာမရှေ့မှာ ရောက်နေရတဲ့ ဆျောင်းသားတစ်ယောက်ရဲ့ ရင်ခုန်မှုမျိုး။

သက်ထားနွယ်က ကမ္ဘာပေါ်မှာ အလှပဆုံးဖြစ်နိုင်သည့်အပြုံးကို ပြုံးပြရင်း . . .

"ဩော်. . . သူ့နာမည်က ကိုဖြိုးဝေပိုင်နော်၊ နေ့လည်က မောင်လေးက အားလုံးကိုပြောပြထားတာ"

"ဟုတ်. . . ဟုတ်ပါတယ်"

စောစောက တင်ထားသောလစ်မစ်က အရှိန်တက်လာတာ သတ်ပြုမိသည်။ ရီဝေဝေနှင့် အာရုံက ခပ်မှိုင်းမှိုင်း ကိုယ့်ရင်ခုန်သံ ကိုယ်ပြန် ကြားနေရသည်။

"မောင်လေးက သူ့အကြောင်းပြောပြတယ်။ သူရေးတဲ့ဝတ္တု ကိုတည်း ဖတ်ရတယ်၊ မဆိုးဘူးနော်၊ ရေးတာ တစ်အုပ်တည်းပဲလား"

မဆိုးဘူးနော်ဟူသော စကားလေးကြောင့် ကြည်နူးမိသည်။

"ရေးပြီးပို့ထားတာ သုံးအုပ်ပါ၊ ထွက်ပြီးတာတော့ အဲဒီတစ်အုပ်တည်းပဲ၊ မကြာခင်တော့ ထပ်ထွက်လာမှာပါ၊ စီစဉ်တုန်း အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"သက်ထားသူငယ်ချင်းတွေကတော့ ဝတ္ထု တော်တော်ဖတ်ကြတယ်၊ သူတို့ကိုလည်း သူ့ဝတ္ထုကို ကြေငြာပေးရဦးမယ်"

သူမနှုတ်ခမ်းထက်တွင် လှပသောအပြုံးကို သေသေသပ်သပ်ကလေး ဆင်မြန်းထားသည် ညဏ်မှောင်ရီစနှင့်အတူ အေးမြမှုက ပိုလာသည်။

သူမက လက်ကလေးပိုက်ရင်း ကွန်ကရစ်လမ်းမပေါ်က ကျောက်စရစ်ခဲလေးကို မြေထောက်နှင့် လှမ်းခတ်လိုက်သည်။

"ပွင့်ပွင့်လင်းလင်းဝန်ခံရရင်တော့ ဘိပ်မဟော့ဘူးဗျ၊ နောက်အုပ်တွေကတော့ ဘယ်လိုနေမလဲ မမှန်းတတ်သေးဘူး၊ ကလောင်အသစ်ဆိုတော့ ဒီလိုပဲပေါ့၊ ကံကံ၏အကျိုးဆန်းဆန်း တန်ခိုးပေါ့"

"နည်းနည်းလောက် ဝေဖန်ကြည့်မယ်နော်၊ ပရိသတ်တစ်ယောက်အမြင်နဲ့ပေါ့"

"ဟုတ်ကဲ့၊ ရပါတယ်၊ အဲလိုပြောမယ့်သူကို မျှော်လင့်နေတာ"

"ခေါင်းစဉ်က ပေါင်းရမယ်လို့ထင်ရတယ်၊ တကယ်တမ်းကျတော့ ပေါင်းလည်းမပေါင်းဘူး၊ ခေါင်းစဉ်နဲ့ သိပ်မကိုက်ညီသလိုပဲ"

သူမက ယဉ်ယဉ်ကျေးကျေးလေး ဝေဖန်ပါသည်။

"ဟုတ်တယ်၊ အဲလိုထင်ရပါတယ်၊ အိပ်မက်ဆိုတာ စွဲလန်းလွန်းလို့ မြင်မက်တတ်တာမျိုးတွေ ရှိတတ်ပါတယ်။ တစ်ခါတရံပေါ့၊ အဲဒီအထဲမှာ ဇာတ်ကောင်နှစ်ယောက်ရဲ့ ပြင်းပြတဲ့ဆန္ဒ၊ နှလုံးသားထဲက တောင့်တမှုကို အိပ်မက်ဆိုတာနဲ့ ကိုယ်စားပြုထားပါတယ်၊ ဇာတ်လမ်းနောက်ဆုံးမှာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေနှစ်လွှာကြောင့် မပြောဖြစ်ခဲ့ကြပေမယ့် တစ်ယောက်ရင်ထဲကိုတစ်ယောက် မြင်အောင်ကြည့်တတ်သွားခဲ့ကြတယ်

လေ"

"မပြောဖြစ်လိုက်တဲ့ စကာလုံးတွေက တစ်ခါတစ်လေ ပြောဖြစ်လိုက်တဲ့စကားလုံးတွေထက် ပိုမလေးနက်သွားတတ်တာမျိုးတွေ ရှိတယ်လေ၊ ဒါက တကယ်အပြင်မှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းလေးပါပဲ၊ တော်တော်ကြာခဲ့ပြီး ကျွန်တော့်သူငယ်ချင်း အောင်ကိုဦးရဲ့ဘဝအစိတ်အပိုင်းကို အခြေခံတျောရိုးယူ ခံစားပြီး ရေးကြည့်တာ၊ မလွယ်တော့ တော်တော်မလွယ်ကြောပဲ၊ လိုအပ်ချက်တွေကတော့ အများကြီးရှိနိုင်ပါတယ်လေ"

ဥက္ကာလင်းတို့ ပြန်ရောက်လာကြသည်။

"မောင်လေး၊ ရေမချိုးရသေးဘူးမဟုတ်လား၊ ရေချိုး အဝတ်အစားထဲတော့၊ အားလုံးပြီးသွားပြီ၊ ဒီမှာ ထမင်းစားကြပါနော်၊ အားလုံးအတွက် ထည့်ချက်ထားပါတယ်"

"ကဲ. . . ဥက္ကာလင်းတို့တွေလည်း အိမ်ပြန် ရေချိုး အဝတ်အစားထဲလိုက်ဦးမယ်၊ ပြီးမှ ပြန်လာကြတာပေါ့"

ဥက္ကာလင်းက . . .

"ဟုတ်ကဲ့၊ အစ်ကိုတို့ ထမင်း ဒီမှာစားရမယ်နော်"

"အေးပါကွာ၊ ထမင်းစားဖို့ စောပါသေးတယ်၊ ဟိုဟာကျန်သေးတယ်လေ၊ ကိစ္စဖြတ်ရဦးမယ်"

"ကဲ. . . သွားကြမယ်"

အိမ်ပြန်ကြရင်း မျိုးဇော်နှင့်ဝဏ္ဏက စိတ်ဝင်တစားမေးကြပါသည်။

"မင်းနဲ့သက်ထားနွယ် ဒီလောက်အကြာကြီး ဘာတွေပြောနေကြတာလဲ"

"မင်းတို့ အကြောင်းတစ်ခုမှမပါတာတော့ သေချာတယ်"

"ဖွတ်ကောင်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၈)

ညရောက်တော့ သဘာဝကွန်ပေါင်းအုန်းရေကို ကိစ္စဖြတ်ကြပါသည်။ အရိုန်လေးတက်လာတော့ အာသွက်လျှာသွက်နှင့် စကားများနေကြသည်။ စကားအခြေအတင် ပြောဆိုရန်ဖြစ်ခြင်းမဟုတ်၊ စကားများများပြောခြင်းကို ဆိုလိုပါသည်။

"ဟိတ်ကောင်တွေ စကားကို တိုးတိုးသက်သာ ပြောကြပါကွာ၊ လူကြီးတွေရိပ်မိကုန်ပါဦးမယ်"

လှိုက်ဖွက်ခွက်ပုန်းအစီအစဉ်အား လူသိရှင်ကြားဖြစ်သွားမှာစိုးရိမ်သောကြောင့် ဖြိုးဝေဝိုင်က အသာထိန်းသည် ဥက္ကာလင်းက . . .

"အဲဒီအတွက် သောကမများပါနဲ့ကိုယ့်ဆရာ၊ ကျွန်တော့်အိမ်ကို အရိပ်အခြေတင်ပြထားပြီးသားပါ"

"ဟေ. . . ဘာမှမပြောဘူးလား"

"ကြည့်ဖောရတာပေါ့ဗျာ၊ အစ်ကိုတို့က နည်းနည်းလောက်မှ

ဆာစ်ရရင် တုန်ချင်သလိုလို ဂေါက်ချင်သလိုလို ဖြစ်တတ်တယ်လို့ ပြော ထိုက်တာ၊ အလွန်အကျွံ မဖြစ်စေနဲ့တဲ့"

"တို့က တကယ်အရက်သမားတွေကျနေတာပဲကွာ၊ မင်းလုပ်တာ နဲ့..."

"အဟဲ... သက်သက်နောက်တာပါ"

"သက်သက်ကိုနောက်ရင် သူ့အဖေဦးကြောင်ကြီးက တုတ်နဲ့ ထိုက်မှာပေါ့"

"ဒါဆိုလည်း သက်သက်ကိုမနောက်တော့ဘူးဗျာ၊ သူ့အဖေကြီး ကိုဝဲ နောက်တော့မယ်၊ ဟား ဟား ဟား ဟား"

ဝယ်သူက လေတစ်ချက်ဆွတ်ခနဲပျို့ပြီး...

"သာယာလှပတဲ့ ညချမ်းအချိန်အခါမှာ ကောင်းကင်ထက်ကငွေ ဆုတ်ကြယ်တာရာတွေရဲ့ အလှအပကို အေးအေးချမ်းချမ်း ခံစားကြည့်ကြ အောင်ကွာ"

မျိုးဇော်က...

"အံမယ်... ဘာမဟုတ်တဲ့ကောင်က စကားလုံးအနုအရွှေ့ သုံးလို့ပါလား၊ ကဲ... လုပ်စမ်းပါဦး၊ မင်းပြောသလို အရမ်းအတွေးပြုနေတဲ့ ဆောင်းကင်ကြီးကို မင်း ဘယ်လို ရှုမြင်ခံစားရသလဲဆိုတာ"

"အဟမ်း... အိုကောင်းကင်"

"အင်... ကိုးကောင်"

"မျိုးဇော်... မင်းဖင်ကြီး ခဏပိတ်ထားစမ်းကွာ"

"အဟုတ်စ်"

"အိုး... မိုင် ကောင်းကင် တစ်စုံတရာသော ခွင်အားဆိုဒ်ကြီးဝဲ ဆင်ခြေအလင်း သင်၏သဘာ သင်၏နွေးထွေးအေးမြမှု သင့်ကိုယ်ခြင်း အချင်း အချင်းများအားလုံးကို အပြည့်အဝချီးမွမ်းနိုင်ရန်၊ ဘာဆက်ဆိုစရာ

အကျွန်ုပ်အား ခွင့်လွှတ်ပါကောင်းကင်. . . အဟွတ်"

"သင့်စွမ်းအား တစ်ပိုင်းတစ်စကို အကျွန်ုပ်ဦးနှောက် နှလုံးသား ထိုးထွင်းဉာဏ်အတွင်းသို့ စီးဆင်းပေးလှည့်ပါ၊ စူးရှလင်းလက်တဲ့ သင့်မနက်ဖြန်အာရုံဦးမှာ ကျွန်ုပ်အတွက် ကောင်းမွန်သော ကံအကျိုးတရားများ စီရင်ပေးလှည့်ပါ အိုကောင်းကင် Thank You"

ဖြိုးဝေပိုင်က ဝင်နှောက်သည်။

"အေး. . . မင်းအတွက် ရယ်ဒီမိတ် မိုးကြိုးတစ်ချက်လောက်ပါ အော်ဒါမှာပေးရမလား"

ဝဏ္ဏက ပေါ်ပေါ်တင်တင်မကျေနပ်၍ . . .

"တိတ်တိတ်နေစမ်းပါကွာ၊ ဒီအပိုင်းတွေက မင်းလိုက်လို့ မမှီနိုင်ပါဘူး"

"ဟုတ်ပါတယ်၊ မင်းလိုဂေါက်တောက်တောက်တွေအဖို့ ဟုတ်ပါတယ်"

"ကိုယ့်အားနည်းချက်ကို အမှန်တိုင်းမမြင်နိုင်တဲ့ မင်းလိုကောင်တွေ တိုးတက်ဖို့လမ်းစ အားနည်းလိမ့်မယ်၊ လေ့လာပါ၊ သင်ယူမှတ်သားပါ၊ လိမ္မာရင် မင်းအတွက်ကြီးပဲ ဟဲ ဟဲ ဟဲ"

"ဒီကောင်ကို ဒီလောက်အထိ ရက်ရက်စက်စက်မပြောလိုက်ပါနဲ့ ဝဏ္ဏရာ၊ ဒီကောင့်မှာ အားနည်မှုတွေရှိတယ်၊ ဩော်. . . ဘယ်သန်တွေဟာ လူ့သဘောသဘာဝနဲ့ အစပ်အဟပ် သိပ်မတည့်လှပါဘူးကွာ၊ လူ့အခွင့်အရေး ဘလိုင်းကြီးဆုံးရှုံးနေတာကွ၊ သိလား. . . သနားစရာပါကွာ"

မျိုးဇော်က ကမ္ဘာပေါ်မှာ ဘာမှမဆိုင်ဆုံး စကားတစ်ခွန်းကို ပြောလိုက်ပါသည်။ နေ့လည်က သူတို့ခံစားသွားရသော ဘယ်သန်ကိစ္စကို အစာမကျေ၍ အစပြန်ဖော်နှိပ်ကွပ်လိုက်သည်။ ဒါကို ဖြိုးဝေပိုင်က မသိဟန်ဆောင်ပြီး မေးသည်။

ဖိုးလုပ်ရာပေ

"ငါ့ဟာငါ ဘယ်သန်တာ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ကာ အဟမ်း ကမ္ဘာပေါ်မှာရှိကြတဲ့ လူ့အထုံးအဆောင်ပစ္စည်း အတော်များများဟာ ညာဘက်ကို အဓိကထားကြတယ်၊ ဝက်အူရစ်တွေကိုပဲကြည့်၊ ညာတပ်ဘယ်ချွတ် စာရေးတဲ့အခါ မျဉ်းသားတဲ့အခါ ယာဉ်လမ်းကြောတွေ အားလုံး လက်ျာဘက်တွေပဲ"

"ဘယ်သန်တွေအတွက်ကျတော့ တစ်မျိုးကြီးဖြစ်နေနိုင်တာပေါ့ကွာ၊ အဲ... နောက်ပြီး ကမ္ဘာမှတ်တမ်းမှာ ယာဉ်တိုက်မှုအများဆုံးဖြစ်ကြတာ လည်း ဘယ်သန်တွေပဲ၊ သူတို့က ညာဘက်ကို အလေ့အကျင့်နဲ့ကျွမ်းကျင်ကျင့်သားရနေကြပေမယ့် အမှတ်တမဲ့ အက်ဆီးဒင့်ကြုံတဲ့အခါ ဆုံးဖြတ်ချက်က အားသန်ရာဘက်ကို သက်ရောက်ကြတော့ မှားကုန်ရော"

"ဘယ်သန်... ဘယ်သန်ချင်းဆိုရင်ကော..."

"ကြုံတောင့်ကြုံခဲကိစ္စပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် ဘယ်သန်တွေက သူ့အခွင့်အရေးတွေကို မသိမသာ ဆုံးရှုံးနေကြတာ သနားစရာတော့ ကောင်းပါရဲ့၊ ဒါကြောင့်လည်း ဘယ်သန်တွေဆိုရင် ပေါက်ပေါက်မြောက်မြောက် သိပ်မဖြစ်ကြဘူး"

"ကမ္ဘာကျော်တဲ့ ဘယ်သန်ပုဂ္ဂိုလ်တွေ သမိုင်းပြတိုက် စာအုပ်ထဲမှာ အများကြီးပဲရှိတယ်၊ အေးပေါ့လေ၊ မင်းတို့က စာပေကို သိပ်ပြီးတော့ အဲ... လုံးဝကို မလေ့လာကြတော့ ဗဟုသုတ နည်းပါးကြလိမ့်မယ့်"

မျိုးဇော်က အောင့်သက်သက်နှင့် ...

"ကဲပါလေ... ထားပါတော့၊ ဗဟုသုတလေ့လာလိုက်စားသူကြီးမှုပ်၊ အတိအကျချပြပါဦး၊ မင်းသိတဲ့ ကိုးလိုးကန့်လန့် ကသမ်းကရမ်းသယ်ကျော်ညာရမ်း ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကို"

"သိချင်ရင်လည်း ပြောပြရသေးတာပေါ့၊ သေချာမှတ်၊ မင်းထိုး

အကြီး ဦးချာလီချက်ပလင် ဘယ်သန်၊ ဟယ်ရီအက်ထရူးမင်း၊ သမ္မတဖိုဒ်၊ တစ်ချိန်က U.S.A တင်းနစ်ချန်ပီယံ ဂျင်မီကော်နား၊ အင်္ဂလန် ပြည့်ရှင် ဂျော့ဘုရင်တို့၊ ရုပ်ရှင်မင်းသားကြီး ဂျော်ဟာရီဆင်တို့ မင်းပါပါ ကြီးတွေလေ မှတ်ထား။ အိတလီ ပန်းချီအကျော်အမော် လီယိုနာဒို ဒါဗင်စီတို့..."

"လီယိုနာဒို ဒါဗင်စီဆိုတာ ကျော်တာကီးကြီးပါကွာ၊ ဟားဟား ဟား"

မျိုးဇော်က လုံးဝအလျှော့မပေးနွေသးချေ။ ဒိုင်ကွက်ကို ရာသမျှ လိုက်နင်းနေတုန်း...

"မိန်းမလျာ ကျော်တာကီးလည်း ဘာဖြစ်လဲ၊ ကျော်တာကီးတွေထဲမှာ ကမ္ဘာကျော် ရဲရင့်သူတွေတစ်ပုံကြီး၊ ဆိုကရေးတီး၊ အဲရစ်တိုတဲလ်၊ ဂရီဘုရင် အလက်ဇန်းဒါး..."

"မင်းဟာ လျှောက်ပြောနေ၊ ဒီပုဂ္ဂိုလ်ကြီးတွေက မိန်းမလျာဖြစ်နိုင်ပါ့မလားကွာ"

"ဟ...သမိုင်းစာအုပ်တွေထဲမှာ လုံးဝ အတီအကျပဲ၊ ဂျိမ်းစ်ဘုရင် ပီတာဘုရင် ဂျူးလီယက်ဆီဆာ၊ ဂူတမ်ပတ် ကြားဘူးလား လော့ဆိုရွန် နာဇီခေါင်းဆောင်ကြီး အန်ရွန် အမျှားကြီး၊ ပြောရင် မိုး အလင်းပဲ၊ မင်းတို့ကို ငါ ဒီလောက်တုန်းမယ်မထင်ခဲ့တာ၊ ခုတော့..."

ဝဏ္ဏ ပဏာဝင်ယူသည်။

"ဒီအချိန်အခါမျိုးမှာ တန်ဖိုးမဲ့အောက်တန်းကျလွန်းတဲ့ အငြင်း အခုန် ဝေါဟာရတွေနဲ့. ကုန်လွန်ဖြတ်သန်းနေမယ့်အစား အဖိုးတန်တဲ့ အတွေးတွေနဲ့. အဖြေရှာနေပါလားကွာ၊ ဥပမာ ငါလို့ပေါ့"

"ဘာမဟုတ်၊ ဝဏ္ဏက တပမ်းသာသွားပြီ"

ထိုအချိန်တွင် ဟန်မဆောင်တတ်တဲ့ဥက္ကာလင်းက သူ့ခံစားချက်

ကို ပွင့်ပွင့်လင်းလင်းရင်ဖွင့်ပါသည်။

"အစ်ကိုတို့ မအိပ်သေးဘူးလား၊ ကျွန်တော်ကတော့ အရမ်း အိပ်ချင်နေပြီ"

"အလှည့်ကျအိပ်ရမှာပေါ့၊ ဒီမှာ ဟင်းချိုအိုးတွေ စောင့်ကြည့် ဆေးရဦးမယ်လေ"

"မင်းတို့သုံးကောင် တက်အိပ်ချင်အိပ်လေ၊ အခု ငါ စောင့် ကြည့်ပေးမယ်၊ သိပ်မအိပ်ချင်သေးလို့၊ တစ်ရေးနှိုးရင်တော့ ပြန်ဆင်းလာ ကြဦးပေါ့"

သုံးကောင်လုံး သဘောမနောကောင်းကြပါသည်။

"အေး. . . ဟုတ်ပြီ၊ ဝါးတီးဆွဲဖို့ ကျွန်သေးတယ်လေ"

"ကိုဖြူးဝေဝိုင်အတွက် ချိုင့်နဲ့ ကျွန်တော်လာပို့ပေးမယ်လေ"

ညင်သာတိတ်ဆိတ်သော သန်းခေါင်ယံ ပြင်းရှရှအောက်မှာ ဖြူး ဆိုင်တစ်ယောက်တည်းထိုင်ရင်း အတွေးလိုင်းများ ဖြန့်ကျက်လှပ်ရှား ကြသည်မိသည်။

ဒီအချိန်မှာဖြစ်ပေါ်လာသော ခံစားချက်ကို ခြေရာခံရင်း ဝေဒနာ ဆင်စုံတစ်ရာအား အမဖြရှာကြည့်မိသည်။

"ငါ ဘာကိုလွမ်းနေမိတာများလဲ"

www.burmeseclassic.com

အခန်း (၉)

ဥက္ကာလင်း၏မားသား ဒေါ်ငြိမ်းငြိမ်းနွယ် တစ်ရေးနိုးပြီး ထကြည့်
တော့ အောက်တွင် ဖြိုးဝေပိုင်တစ်ယောက်တည်း ထိုင်နေသည်ကို တွေ
ရသည်။ (တစ်ခါတစ်ရံ ဟိုနားဒီနား လမ်းထ,လျှောက်ပြီး ရံဖန်ရံခါ အိပ်
ငိုက်နေတတ်ပါသည်) ဟိုသုံးကောင်သားကတော့ အခန်းထဲမှာ အမှ
အကန် စလီးပီးနေပါသည်။

လန့်ဖျန့်ပြီး . . .

"ဟဲ့. . . ဥက္ကာလင်း. . . သားငယ်လေး. . . ထစမ်းပါဦး၊ အောက်
မှာ မင်းသူငယ်ချင်းတစ်ယောက်တည်းရယ်၊ မင်း တလှည့်စောင့်ပြီး သူ
ပေးအိပ်ဦးလေ"

"အမ်. . . အုဝါး. . . ဟုတ်. . . ဟုတ်"

ဥက္ကလင်းက အိပ်ချင်မူးတူးထထိုင်ကာ အိပ်ယာခေါင်းအုံးကို
သားတကျ ပြန်ပြင်လိုက်ပြီး ပြန်အိပ်လိုက်သည်။

ဖိုးလပြည့်စာပေ

"အဲ့. . . ဒီကောင်လေး မနိုးသေးဘူး. . . ဟိတ်"

တင်ပါးကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်မှ . . .

"ဟာ. . . အမေကလည်း လန့်လိုက်တာ၊ ဘာ. . . ဘာဖြစ်လို့

"ဘာဖြစ်ရမှာလဲ၊ မင်းသူငယ်ချင်းကတော့ အောင်မှာ တစ်ယောက်တည်း ငုတ်တုတ်လေး၊ မင်းကတော့ ဒီမှာလာအိပ်နေ၊ သွားသူလဲစောင့်ပေးလိုက်ဦး"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ကိုမျိုးဇော်. . . ကိုဝဏ္ဏ. . . ကိုမျိုးဇော်. . . ကိုဝဏ္ဏ"

"ဟေ. . . ဘာလဲကွာ"

"ကျွန်တော်တို့ ကိုဖြိုးဝေပိုင်ကို တစ်လှည့်ပေးနားရအောင်"

"ဘယ်နှစ်နာရီရှိပြီလဲ"

"တစ်နာရီကျော်ပြီ"

"အေး. . . သွားမယ်"

အောက်ရောက်တော့ ဖြိုးဝေပိုင်က . . .

"ကျေးဇူးရှင်တို့ စက်တော်ခေါ်လို့မှ ပျော်တော်မူရဲ့လားမသိဘူး ဒုမဲ ပေါ်လာတော့တယ်"

"ဟဲဟဲ. . . အုန်းရေစွမ်းပကားလေးနဲ့ဆိုတော့ အိပ်ပျော်မယ်ကြံတိုက်၊ မနိုးလိုက်၊ နည်းနည်းလေး မှေးခနဲပျော်သွားတယ်"

"အေးပေါ့လေ၊ ငါက မသောက်ဘူးဆိုတော့. . ."

"ကဲပါကွာ၊ ကိုတော် မင်းအလှည့် နှပ်တော့၊ ငါတို့ဆက်ဆောင့်ကိုက်မယ်"

"OK"

အိပ်ပေါ်ရောက်တော့ သက်ထားနွယ် တိမ်ဖြိုကည့်နေသည်ကို တွေ့

ဖိုးလပြည့်စာပေ

ရသည်။ အိပ်မပျော်လို့ပဲလား ဇာတ်လမ်းကောင်းနေလို့ပဲလား၊ ဘာကြောင့်များလဲ၊ အဖြေရှာကြည့်မိသည်။ မသိ။

"သက်ထားနွယ်. . . မအိပ်သေးဘူးလား"

"အိပ်တယ်၊ တစ်ရေးနိုးပြန်အိပ်လို့မရတာနဲ့ ဇာတ်ကားထိုင်ကြည့်နေတာ"

"ဦးတို့အန်တီတို့ရော"

"မေမေက ကျန်းမာရေးသိပ်မကောင်းတော့ အိပ်ရေးပျက်လို့မရဘူး၊ ဖေဖေကတော့ သူ့အိပ်ချိန်စားချိန်ကို အချိန်မှန်မှန်လုပ်တယ်၊ အထိပါးမခံဘူး၊ ကိုဖြိုးဝေပိုင် တစ်ခုခုစားပါလား"

"မစားတော့ပါဘူး"

"စားလိုက်ပါ၊ သက်ထားသွားလုပ်ပေးမယ်"

ညဝတ်အင်္ကျီလေးနဲ့ သဘာဝကျကျ လှပနေသော သက်ထားနွယ်အားကြည့်ပြီး ဖြိုးဝေပိုင် အိပ်ချင်စိတ်များ လုံးဝကွယ်ပျောက်သွားခဲ့ရသည်။ ခလေးလေးတစ်ယောက်လိုပါပဲ၊ ပကတိဖြူစင်နေသော အလှတရားအောက်မှာ ရင်ခုန်သံများ တိုင်မင်မမှန်ခဲ့နိုင်။

(ခံစားကြည့်ပါ မိတ်ဆွေ၊ ကိုယ်ချစ်ရသော မိန်းခလေးတစ်ယောက်၏ ညဦးယံအလှမျိုးကို တိတ်ဆိတ်မှုလွှမ်းခြုံထားသော ညအခါသမယမှာ မြင်ရသူအဖို့ မည်မျှ ရင်ခုန်ကြည်နူးရမည်လဲ)

ဒီလိုနာရီသံမျိုး ရွှေချသိမ်းဆည်းထားချင်ပါလိမ့်မည် ထင်သည်။

ညသည် . . .

ရင်ခုန်သံမှလွဲ၍ အားလုံး တိတ်ဆိတ်ညင်သာဆဲ။

အချိန်အနည်းငယ်အကြာ သက်ထားနွယ်က ပေါင်မုန့်ကြက်ဥကြော်တစ်ချပ် ယူလာပေးသည်။ ညအချိန်မတော် တကူးတက လုပ်ပေးသည့်အတွက် ဖြိုးဝေပိုင် အားနာသွားရပါသည်။

ဖိုးလပြည့်စာပေ

ဘာထပ်ပြောရရင်ကောင်းမလဲဟု စဉ်းစားကြည့်နေမိသည်။ ဒီ အချိန်မှာ ရည်းစားစကားပြောခွင့်သာရရင်တော့ ရှယ်ပဲဟု တွေးနေမိသည်။

သို့သော် . . . မဖြစ်နိုင်ပါ။

သက်ထားနွယ်က ဗီဒီယိုဇာတ်လမ်းကို ပြန်လည်ခံစားငြိမ်သက်နေသည်။ သူမအလှအပဘေးမှာ မငြိမ်သက်နိုင်သူတစ်ယောက်၏ အော်ကို 'ဒင်းကလေး သိနိုင်မည်မထင်။

(တီဗီသံမှလွဲ၍) အရာရာပြန်လည်တိတ်ဆိတ် ယဉ်ကျေးသွားပြန်သည်။ ထိုတိတ်ဆိတ်မှုကို သက်ထားနွယ်၏စကားလေးတစ်ခွန်းက ခြောက်ခြန့်ပစ်လိုက်ပါသည်။

"ကိုဖြူးဝေပိုင် အိပ်ချင်အိပ်တော့လေ"

နှလုံးသားက နှိုးကြားတက်ကြွနေသော်လည်း မျက်ခွံတွေကတော့ ပြာဆွဲနေပါသည်။

ဒီအချိန်မှာ ဒီအရာဟာ အသင့်မြတ်ဆုံးဖြစ်ပါလိမ့်မည်။ ဆက် ပြောနေဖို့က သင့်တော်မည်မထင်။ ထို့ကြောင့်ပဲ . . .

"ဟုတ်ကဲ့. . . အိပ်တော့မယ်"

ဟုတ်ပါတယ်၊ အိပ်တာပဲ ကောင်းပါတယ်လေ. . .။

ထိုနောက် အိပ်မက်ထဲတွင် . . .

www.burmesedassic.com

အခန်း (၁၀)

နောက်တစ်နေ့ . . .

ဖြိုးဝေပိုင်တစ်ယောက်တည်း လက်ဖက်ရည်ဆိုင်မှာထိုင်ရင် Movie 5 မှထာနေသော မြန်မာစာတန်းထိုး ဇာတ်လမ်းများကို စိတ်ဝင်တစား ကြည့်နေမိသည်။ ဝတ္တုကျောရိုးမှာလည်း အဓိပ္ပာယ်အနှစ်သာရပြည့်ဝသလို ဘာသာပြန်သူကလည်း စကားလုံးအသုံးအနှုန်း ဝါကျအထားအသို ဝေါဟာရ ရွေးချယ်ဆီလျော်မှု ထိမိပြောင်မြောက်လွန်းလှသည်။

ထို့နောက် ဇာတ်လမ်းထဲမှ သစ်လွင်စိတ်ဝင်စားဖွယ်ကောင်းသော ဒိုင်ယာလောဒ်များကို ဟိုတစ်စ ဒီတစ်စ စာရွက်လွတ်တစ်ရွက်နှင့် မှတ်စု ကူးနေမိသည်။ အရိုက်အတန့်ကာလကြာတော့ မျိုးဇော်၊ ဝဏ္ဏနှင့် ဥက္ကာ လင်းတို့ ချီတက်လာခဲ့ကြသည်။ ဥက္ကာလင်းက စာရွက်ကိုယူ၍ အသံထွက် ဇတ်လိုက်သည်။

❀ ငါ့စိတ်ကူးတွေထဲ ဖြတ်သန်းကြည့်ပါ

ဇိုးလပြည့်စာပေ

အာရုံသစ်အစမှာ
ခြေတစ်လှမ်း စတင်ခွင့်ကိုပဲ
ငါလိုချင်ခဲ့တယ် . . .
❀ ခုတော့ . . .
ပန်းတစ်ပွင့်က
မာယာ မင်းအနမ်းဒဏ်အောက်
ညှိုးလျော်နွမ်းခဲ့ပြီ. . .
❀ မနက်ဖန်တွေကို
ဘယ်တော့မှ မမေ့ပါနဲ့
ငါရှိနေမှာပဲ . . .
❀ ငါ့အတောင်ပံတွေ လောင်ကျွမ်းခိုက်တော့
တစ်ကိုင်းကိုင်း ခေတ္တနားရဦးမယ် . . .
❀ အဆုံးသတ်မှာတော့
အလင်းရောင်ရှိမှာပါ။
❀ အလင်းတံခါးနောက်ကွယ်
ဘယ်အရာတွေပဲ ဖြစ်ဖြစ်
ငါခံယူမယ် . . .
❀ ငြင်းပယ်ခွင့် ဆုံးရှုံးနေချိန်
ပျော်ရွှင်ခြင်း တချို့တဝက်
မင်းရယ်သံ ခပ်မြမြတွေနဲ့
ပူဆွေးခဲ့ရပြီ. . . ။
အချိန်အတန်ကြာ အခေါက်ခေါက်အခါခါဖတ်ပြီးမှ . . .
"ကောင်းလိုက်တဲ့ကဗျာပဲ၊ လုံးဝမိုက်တယ်၊ သိမ်းထားချင်တို့
ကူးမယ်နော်"

ဖိုးလပြည့်စာပေ

သူမကြင်းသာလို့ ခေါင်းညိတ်လိုက်ရလိုပုံဖမ်းတယ်၊ နားထင်အထိ ဆာ့ သွေးနည်းနည်းလေးရောက်တော့ ရောက်သွားတာပေါ့။ ညက္ကာလင်းက သေသေချာချာကူးယူပြီး တယုတယကိုင်လိပ်တယ်၊ တကယ်တော့ သူရေးထားတာ ဒီလောက်အစီအစဉ်တကျ မရှိလှပါ။ ညက္ကာလင်းဖတ်တော့မှ တုတ်သလိုလိုဖြစ်သွားရတာပါ။

"အရမ်းကောင်းတဲ့ကဗျာပဲ၊ အမှတ်တမဲ့ ဘာမှန်းမသိပေမယ့် အသေအချာဖတ်ကြည့်တော့မှ အဓိပ္ပါယ်ပြည့်ပြည့်ဝဝနဲ့ ထိထိမိမိ အင်အားပြည့်မှန်းသိတယ်၊ ခုတော့ ကိစ္စရှိလို့ အိမ်ပြန်လိုက်ဦးမယ်"

သူ စာရွက်ကောက်ကိုင်ပြီး ညက္ကာလင်းပြောသွားသော ကဗျာဆို သောစာတွေကို ပြန်ဖတ်ကြည့်တယ်၊ ဒီလောက်လည်းမဟုတ်ပါဘူး၊ ဒီကောင် ဘာတွေဘယ်လိုအတွေးပေါက်ပြီး ကြိုက်သွားသည်မသိ။

ပြီးတော့မှ သူ တဟားဟားထရယ်တော့ . . .

"မင်း. . . ဘာရယ်တာလဲ"

"ညက္ကာလင်းအဖြစ်ကို ရယ်ချင်လို့ပါ၊ ဟို သုံးတစ်(၃၁)ပုံပြင်ထဲကလို ဖြစ်နေပြီ"

"ဘယ်လိုသုံးတစ်ပုံပြင်လဲ"

"မင်းတို့ သုံးတစ်ပုံပြင် မသိဘူးလား"

ဗဟုသုတကြွယ်ဝချမ်းသာပုံရသော မျိုးဇော်က . . .

"မသိဘူးကွ. . . ပြောပါဦး"

"တုံးပါကွာ၊ ဒါဆို ပြောပြမယ်၊ ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာရဲ့ ဘုန်းကြီးကျောင်း ကပိုယကြီးဟာ ကျောင်းဝန်းထဲက သစ်တုန်းကြီးတစ် တုန်းမှာ သုံးရယ်တစ်ရယ်ကို ဓားနဲ့ ရေးထွင်းလိုက်တယ်'

"ဒါကို ရွာသားနှစ်ယောက်ဖြစ်တဲ့ မင်းနိုင်နဲ့ အောင်အောင်က တွေ့ပါလေရော၊ အဲဒီတော့ အဲဒီနှစ်ယောက်ကပြောတယ်၊ ကပိုယကြီးရေး

သွားတဲ့ သုံးနဲ့တစ်ဟာ ပေါ့ပေါ့တန်တန်တော့ မဟုတ်လောက်ဘူး၊ အဓိပ္ပါယ်တစ်ခုခုရှိကိုရှိရမယ်လို့ စဉ်းစားမိကြတယ်၊ ခဏကြာတော့ မင်းနိုင်က ငါသိပြီ၊ သုံးတစ်ဆိုတာ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတဲ့ ဝေနေယျသတ္တဝါအပေါင်း ဘာညာနဲ့ပေါ့ကွာ၊ အဓိပ္ပာယ်ကောက်တယ်၊ အောင်အောင်က လက်မခံဘူး၊ သူ့ကျတော့ တစ်မျိုး၊ မင်းပြောတာမဟုတ်ဘူးကွ၊ သုံးနဲ့တစ်ပေါင်းရင် လေးရတယ်၊ အဲဒီလေးဟာ အဓိပ္ပါယ်ပဲ၊ လေးသဲ့ချေနဲ့ကမ္ဘာတစ်သိန်း မြတ်စွာဘုရားရှင် ပါရမီဖြည့်ကျင့် အီစီကလီဆိုပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုပြန်တယ်၊ အဲ. . . နောက်ဆုံးတော့ ငါလွန်တယ်၊ သူမှားတယ်နဲ့ အငြင်းပွားနေကြတယ်၊ နောက်ဆုံးတော့ ကပ္ပိယကြီးဆီသွားမေးပြီး ဆုံးဖြတ်ကြရတဲ့အဆင့် ရောက်ပါလေရော၊ ကပ္ပိယကြီးဆီရောက်တော့ သူတို့နှစ်ယောက်ရဲ့ အဓိပ္ပာယ်တွေကိုပြောပြီး ဘယ်စကားမှန်လဲမေးကြတော့ ကပ္ပိယကြီးက ဘာပြောတယ်ထင်လဲ"

"ဘာပြောသလဲ"

"မင်းက ငါပြန်မေးပြန်ပြီ၊ အေး. . . ကပ္ပိယကြီးကပြောတယ်၊ မင်းတို့နှစ်ယောက်လုံးမှားတယ်၊ ဘယ်သူမှ မမှန်ဘူးတဲ့"

"အေး. . . ဒါဆို အဖြေကဘာလဲ"

နှစ်ယောက်စလုံး သံပြိုင်အမေး. . . ။

"ကပ္ပိယကြီးရဲ့အဖြေက ရှင်းရှင်းလေးကွ၊ ရှင်းသမှ ပြောင်နေတာပဲ၊ သုံးတစ်ဆိုတာ သစ်တုန်းကိုပြောတာတဲ့"

"ဟား. . . ဟား. . . ဟား. . . ဟား"

ဒီတော့မှ . . .

"ဒါဆို မင်းရေးထားတာ ကဗျာမဟုတ်ဘူးပေါ့"

"ဘယ်ကဟုတ်ရမှာလဲ၊ ငါ MOvies-5 က စကားလုံးကြိုက်တာ ထားတွေ အပျင်းပြေလိုက်ကူးထားတာ၊ သူ့ဟာနဲ့သူဖတ်ပြီး ဘယ်ထို

သဘောပေါက်တာတွေကို ဆက်စပ်ပြီး ကြိုက်သွားတာလဲလို့ငါလည်းမသိဘူး၊ ဒီကောင်သာ မဂ္ဂဇင်းတွေမှာ ဒယ်ဒီတာလုပ်ရင်တော့ ငါတန်းကလေးတွေတောင် ကဗျာဆရာဖြစ်လောက်တယ်၊ တကယ့်ကောင်ကွာ"

မျိုးဇော်က ဆားပုလင်းနှင်းမောင် အပြုံးပြုံးရယ်လိုက်ရင်း. . .

"အဲဒါကြောင့် ငါထင်တော့အထင်သား၊ မင်း မော်ဒန်ကဗျာ အနှစ်သာရဆက်စပ်မှု သိပ်မရှိပါဘူးလို့၊ မင်း အားနာလို့သာ မဝေဖန်တာ"

"အံမယ်၊ မင်းကများ မင်းရေးထားတဲ့ ကဗျာတစ်ပိုဒ်တောင် ရှိလို့လား"

"အထင်သေးလို့၊ ကာရံနဲ့ကဗျာတစ်ပုဒ် လက်တမ်း ခုချက်ချင်း ရွတ်ပြလို့တောင်ရတယ်၊ ရှင်းလား"

"ကဲ ဒ်၊ဆို ရွတ်စမ်းပါဦးကွာ၊ ဟုတ်မဟုတ်ကြည့်ရအောင်"

"သေချာနားထောင်"

နွေရယ်မိုးဆောင်း ဘယ်လိုပြောင်းလဲ
ရှောင်လွှဲမရ ထာဝရမို့
နူးညှံ့ဝင်းမွတ် ပြစ်မျိုးလွတ်ရာ
ဟိုဟာတိုင်းမှာ အန်းလီပါတဲ့ . . .

"ကဲ. . . ဘယ်လောက် ကာရံနဘေပိတ်ကဗျာလဲ"

"ဒလ. . . အဲ. . . လဒ အကောင်းမှတ်လို့"

"ကဗျာခေါင်းစဉ်လေးကို ပြောပြရဦးမလား"

"တော်စမ်းကွာ. . . ထွီ"

www.burmeseclassic.com

အခန်း (၁၁)

ရန်ကုန်မြို့နှင့်အနီးတဝိုက် သာယာနေသောနေ့တစ်နေ့၌ ဖြိုးဆိုင် လက်ဖက်ရည်ဆိုင်ထိုင်ပြီး တစ်စုံတစ်ရာကို စောင့်မျှော်နေပါသည်။ သက်ထားနွယ် ထွက်လာလိမ့်နိုးနဲ့ပေါ့။

လူတစ်ယောက်သည် တစ်နေ့တွင် သုံးကြိမ်သုံးခါကံကောင်းသည်ဟုဆိုရိုးရှိလျှင် ထိုနေ့က တစ်နေ့လုံးကံကောင်းသည်ဟု သူထင်မိသည်။ ဟုတ်ပါသည်။ ကောင်းမွန်ပါသည်ဟုဆိုဖွယ်ရာရှိသော ကံအကြောင်းတရားကြီးက (သူ လက်ဖက်ရည်ဆိုင်ထိုင်ကာစ) လေးဆယ့်ငါးမိနစ်အကြာမှာ သူ့ဆီ တည့်တည့်တန်းတန်း ဆိုက်ရောက်လာခဲ့ပါသည်။

ဆန်ထမ်းလာတာကို မြင်ချင်မြင်ရမယ်၊ ကံထမ်းလာတာကိုတော့ မြင်ဘူး၊ သူ သေချာမသိတဲ့ စကားပုံတစ်ခုကို အဖြေရှာမတွေ့ခင် ချစ်သူ ထမ်းလာတာကိုတော့ သူ့မျက်စိဖြင့် တပ်အပ်သေချာမြင်ခဲ့ရသည်။

သားသားနားနားပြင်ဆင်ထားလျက် လက်ဆွဲအိတ်နှင့်ထွက်လာ

[illegible]ကြောင့် ဈေးဝယ်ထွက်ဟန်ရှိသည်။ တစ်ယောက်တည်းပါပဲ။ သူ ကသည်း စုတ်စုတ်ပြတ်ပြတ် ပြင်ဆင်မထားခဲ့ပါသောကြောင့် . . .

သူက ခရီးသွားဟန်လွှဲ အမှတ်မထင်အမူအရာနှင့် သရုပ်ဆောင်နှုတ်ဆက်လိုက်သည်။

"သက်ထားနွယ်. . . အပြင်သွားမလို့လား၊ တစ်ယောက်တည်းထင်တယ်. . . ဟဲ. . . ဟဲ. . ."

တကယ်တော့ ဟဲဟဲဆိုသောဝေါဟာရမပါသင့်။ သို့သော် ပါမိသွားတဲ့အတွက်တော့ သူမတတ်နိုင်။

"ဟုတ်တယ်၊ သင်တန်းတစ်ခု စုံစမ်းစရာရှိတာနဲ့ ဈေးလည်းနည်းနည်းပါးပါးဝယ်ရင်း၊ ကိုဖြိုးဝေပိုင်ကရော ဘယ်သွားမလို့လဲ"

"ဘာရယ်လို့မဟုတ်ပါဘူး၊ ပျင်းပျင်းရှိတာနဲ့ ဘယ်သူ့ကို ဘာအကူအညီပေးရရင်ကောင်းမလဲ စဉ်းစားနေတာ"

"အားရင်လိုက်ခဲ့ပေးပါလား၊ မကြာပါဘူး၊ လိပ်စာက နည်းနည်းရှာရမှာဖြစ်နေတယ်၊ တစ်ယောက်တည်းဆိုတော့လေ၊ မောင်လေးကလည်း ဘယ်ရောက်နေတယ်မသိဘူး၊ အချိန်ရမှပါ၊ အားတော့နာပါတယ်"

အဲဒါကြောင့်ပြောတာ၊ ဒီနေ့ ကံကောင်းပါတယ်လို့။

ခုအချိန်မှာတော့ သူ့ဘဝမှာ နံပါတ်တစ်အရေးကြီးဆုံးကိစ္စဖြစ်နေသည်ကို သူမ မသိပေ။ မအားလည်း အားရပါလိမ့်မည်။ ငြင်းဖို့ စိတ်ကူးလည်း လောဆောဆယ် မရှိသေးတာရယ်ကြောင့် . . .

"အားတာပေါ့၊ သိပ်အားတာပေါ့၊ လိုက်ချင်နေတာ၊ အဲ ဟုတ်ပေါင် လိုက်ခဲ့ပေးမယ်လေ"

"ကျေးဇူးပဲ"

ကျေးဇူးဆိုတဲ့စကားက စည်းလေးတစ်ခုခြားနားနေသလို ခံစား

ဖိုးလပြည့်စာပေ

လိုက်ရသည်။

"ကျွန်တော် ဒီဇိုင်းလေး လဲလိုက်ဦးမှထင်တယ်"

"ဒီပုံနဲ့ဆို လုံလောက်ပါပြီ၊ သက်ထားက မခွဲခြားတတ်ပါဘူး"

သက်ထားနွယ်က နောက်တာပါ၊ သူ့အနေနဲ့ အဝတ်အစား သပ်လဲလည်း ဒီပုံစံပဲထွက်မှာပါပဲ"

မထင်မှတ်ပါပဲ မျှော်လင့်သလိုဖြစ်လာခဲ့တော့ မျက်နှာပိုးသပ်လို့ မရအောင် သူ ပြုံးစိစိကြီးဖြစ်နေမိသည်။ လေဖိအားနည်းရပ်ဝန်းတွင် သမ်းလျှောက်နေရသလိုမျိုး ခြေထောက်နှင့်မြေပြင် နှစ်လက်မခန့်လွတ်နေသလို (စူပါမင်းသာတွေ့ရင် မနာလိုဖြစ်လိမ့်မယ်ထင်တယ်)

ဒီလိုမြင်ကွင်းမျိုး စူပါမင်း မြင်ရန်မလိုအပ်ပါသော်လည်း မျိုးဇော်နှင့်ဘဏ္ဍကိုတော့ မြင်စေချင်နေမိသည်။ ဒီလိုအချိန်ကျ ၎င်းနှစ်ကောင် ကဆျောက်ခြင်းမလှပျောက်နေလိုက်တာ။

ထို့နောက် ယုဇနပလာဇာအနီးရှိ ကွန်ပျူတာသင်တန်းတစ်ခုသို့ ရောဇွေရောက်ရှိခဲ့ရာ အစကတော့ သက်ထားနွယ် သင်တန်းတက်မည်ဟု ပြီးဝေပိုင် ထင်ခဲ့မိသည်။ တကယ်တော့ သက်ထားနွယ်က သင်တန်းဆရာမအဖြစ် ပြန်လည်ပို့ချရန်အတွက် လာရောက်စုံစမ်းခြင်းဖြစ်သည်။ သူ သက်ထားနွယ်အား တိတ်တခိုးလေးစားသွားရသည်။

ပလာဇာအပေါ်ထပ်အောက်ထပ် တစ်ပတ်ခန့်ပတ်၍ ဟိုဟိုဒီဒီ သယ်ပြီး သက်ထားနွယ်က . . .

"တစ်ခုခုစားကြရအောင်၊ သူ ဘာစားမှာလဲ"

အခြေအနေက ရင်ခုန်စရာကောင်းသည်။

"ရပါတယ်၊ Mr. BROWN မှာပဲ ထိုင်ကြတာပေါ့"

ထူးထူးခြားခြား ဒီနေ့မှ Mr. BROWN မှာ လူအတန်ငယ် ရှင်းထင်းနေသည်။ အစဉ်သဖြင့် လူပြည့်ကျပ်နေသောနေရာဖြစ်ပြီး ဂုဏ်ပကာ

သန့်ပြိုင်ဆိုင်မှုများနှင့် ခေတ်မီဒီဇိုင်းများဖြင့် သူနိုင်ကိုယနိုင် အပြိုင်ကြွ နေကြသောနေရာဒေသဖြစ်သည်။

(ဖက်ရှင်များစုဝေးရာ ပြိုင်ဆိုင်မှုများပေါများရာအရပ်ဟု ခေါင်းစဉ် တပ်၍ ရနိုင်ပါသည်)

ဆိုင်အတွင်းမှ ခပ်နည်းနည်းမျှသာရှိသော ဝိုင်းတွေက တိုက် တိုက်ဆိုင်ဆိုင် လိုက်ဖက်မည်တည် အတွဲလေးများချည်းဖြစ်လို့နေသည်။ (Self Service System) ကိုယ်တိုင်ယူစနစ်ဖြင့် နှစ်သက်ရာမုန့်နှင့် အအေး မှာယူလိုက်ကြပြီး မျက်နှာချင်းဆိုင်ထိုင်ဖြစ်ကြသည်။

Air Con. အအေးဓာတ်နှင့် ရန့်က ချစ်သူကိုယ်သင်းရန့်ကို ဖုံး အုပ်လိုက်နိုင်သည့်အတွက် သူ နမျောတသဖြစ်မိသည်။ တကယ်ဆို ချစ်သူ ကိုယ်သင်းရန့်လေးပါ တန်ဆာဆင်လိုက်ပါက ခံစားမှုများ ပိုမိုတင့်တယ် သွားမယ်မှာ သေချာပါသည်။

ရင်ခုန်သံဖြင့် နွေးထွေးဆဲ . . .

"ဒီလိုနေရာက အတွဲတွေကြီးပဲ ထိုင်တတ်တာများတယ်နော် သက်ထား"

သက်ထားနွယ် ဟိုဟိုဒီဒီ မျက်စိကစားလိုက်ပြီး . . .

"အဖွဲဝင်များသာ အားပေးရန်ဆိုတဲ့ စာတန်းမျိုးလည်း မတွေ့မိ ပါဘူး။ Tea ဆိုင်ပဲ ထိုင်ချင်တဲ့သူ ထိုင်ခွင့်ရှိတာပေါ့"

အစကတည်းက ဘယ်ကနောဘယ်လို လမ်းကြောင်းရမယ်မှန်း ဇဝေဇဝါဖြစ်နေရသော သူ သက်ထားနွယ်စကားကြောင့် ငုတ်တုတ်မေ့ရ မလိုလို။

"ဟုတ်ဘူးလေ သက်ထားရဲ့၊ သေချာကြည့်ပါလား၊ ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် အတွဲတွေကြီးပဲ. . . ဇတ်လမ်း"

"ဘုရားရေ. . . အဲဒါတော့ လုံးဝမှားနေပြီ၊ ရှင်နဲ့ကျွန်မက အတွဲ

ထုတ်လို့လား''

''ဟာ. . . သက်ထားကလည်း သမီးရည်စားမှ အတွဲလို့ခေါ်တာ ကျနေတာပဲ၊ ဘော်ဒါချင်းနှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လက်ဝှေ့ ထိုးတဲ့လူလည်း အတွဲပဲလို့ သတ်မှတ်လို့ရတယ်၊ တွဲလောင်းကြီးဆွဲထား ရင်လည်း အတွဲပဲလေ၊ ကိုယ်လိုချင်ရာ ကိုယ်ဆွဲတွေးတာပဲ''

''ဘာ. . . ကိုယ်လိုချင်ရာလဲ၊ ရှင်နော်၊ စကားပြောရင် ဘရိတ် နဲ့ပြောနော်၊ သက်ထားစိတ်ဆိုးရင် ထိပ်ထိုးပြီး လူကြားထဲမှာ ထအော် သစ်မှာနော်''

ဖြိုးဝေပိုင် မိမိပါးစပ် မိမိပိတ်လိုက်ကာ 'မပြောတော့ဘူး စိတ် ဆိုးနဲ့' ဟူသောစကားကို ခြေဟန်လက်ဟန်ဖြင့်ပြောလိုက်ပြီး ခေတ္တ ငြိမ် အကြံထုတ်နေသည်။ သက်ထားနွယ်က ခေါင်းလေးငုံ့ပြီး ကော်ဖီကို အရသာ ခံသောက်နေသည်။

သူမ နည်းနည်းတော့ ရင်ခုန်သွားမလားပဲ။

''သက်ထားက ကွန်ပျူတာသက်တန်းတောင် ပြန်ပေးတယ်ဆို တော့ တော်တော်ကျွမ်းတာပေါ့နော်''

''ကျောင်းပိတ်ရက်တွေရော ကျောင်းပြီးတော့ရော သင်တန်းတွေ တစ်ခုပြီးတစ်ခု လိုက်တက်ခဲ့တဲ့အကျိုးပေါ့၊ အစကတော့ အဲဒီလောက်အထိ မရည်ရွယ်ပါဘူး၊ နောက်တော့ စိတ်ဝင်စားလာတာရယ်၊ ကွန်ပျူတာ ဆက်ဖြစ်နေတာရယ်ကြောင့် စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် သင်ယူ ဖြစ်သွားတယ်၊ သူလို ငချွတ်တွေဆိုရင် နားရွက်ဆွဲ ဗိုက်ခေါက်လိမ်ပြီး အသာလေးတတ်အောင် သင်လို့ရတယ်''

ဖြိုးဝေပိုက် လက်ကိုပိုက်ပြီး ခပ်တည်တည်နဲ့. . .

''မင်္ဂလာပါ ဆရာမအကြီးကြီး၊ လေးစားပါတယ်၊ ဆရာမကြီး ခင်ဗျား''

ဖိုးလပြည့်စာပေ

သူမပါးစပ်ကလေးကို လက်နဲ့ကာပြီး အားပါးတရ ရယ်မော လိုက်တာတွေ့ရ၍ အဲကွန်းမျှား Volume အမြင့်ဆုံးတင်လိုက်ရတယ်။ ရယ်တာလေးကလည်း ချစ်စရာကောင်းတာပါပဲဟု ဖြိုးဝိုင်က အမှတ် တွေဝေအောင် ပေးနေပါသည်။

"ကဲ ကိုယ်တော် ပြန်မှထင်တယ်၊ နောက်ကျရင်မကောင်းဘူး"

"ဆရာမသဘော"

"စကားပြောရင် အကောင်းမပြောဘူး"

"အကောင်းဆုံးပြောချင်ပါတယ်၊ အချိန်မတန်သေးလို့"

"ဘာစကားလဲ၊ လက်သီးနော်"

သူမ လက်သီးထောင်ပြသည်။ ဖြတ်ခနဲ ဖမ်းဆွဲချင်စိတ်ကို ထိန်းချုပ်ထားလိုက်၍ ရင်ဘတ်ထဲမှာ အသေးစားဗုံးတစ်လုံးက သေသေသပ် သပ် ပေါက်ကွဲသွားပါသည်။

တစ်ကမ္ဘာလုံးရှိသော (သို့မဟုတ်) ယုဇနပလာဇာတွင်းမှာရှိသော နာရီတွေ လိုက်ဖျက်ဆီးပစ်လိုက်ချင်မိသည်။ နာရီလက်တံတွေကတော့ လှောင်ရယ်နေသံ သူကြားလိုက်ရသလို . . .

"ကဲ. . . သွားကြမယ်"

သက်ထားနွယ် ဦးဆောင်ရာနောက် သူ ကောက်ကောက်ပါ အောင် လိုက်သွားရသည်။

(လောကကြီးရေ. . .

အခုချိန်မှာတော့ 'သင်ဟာ' ကမ္ဘာမှတ်တမ်းမှာ အလှပဆုံးပါပဲ နောက်ထပ် မျှော်လင့်ပါတယ်)

www.burmesedassic.com

အခန်း (၁၂)

"ဟင်. . . ဒါဆို အခြေအနေက ဒီရေအလားပဲ၊ လူမိုက်တွေ ကံစာတာတက်နေပြီ၊ ခု ဘာနက္ခတ်ကျနေပါလိမ့်"

"ဟဲ ဟဲ ဟဲ ဟဲ"

ပြောချင်ရာပြောကြပါစေ။ ဖြိုးဝေပိုင်ကတော့ လေပြေသွေးသလို ကျွန်းတော်အေးမြလို့ ပီတိတွေဝေဖြာလျက် . . .

"ဟိတ်ကောင် မင်းဖွင့်ပြောလိုက်ဖို့တော့ မတန်သေးဘူးထင်တယ်ဆိုက် ဒါ့ထက်ပိုပြီး အကျွမ်းတဝင်ဖြစ်အောင် လုပ်ဦး"

"အေးပါကွာ. . . ငါ ပေါက်ပါတယ်"

"သက်ထားနွယ် ကွန်ပျူတာ တော်တော်ကျွမ်းလား"

"အဲ့ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ၊ ကျွမ်းလို့ သင်တန်းတောင် သွင်းတာနေမှာပေါ့"

"အေး. . . ဒါဆို ငါလည်း သင်တန်းတက်ချင်စိတ်တောင် ပေါက်

ဖိုးလပြည့်စာပေ

လာပြီ"

"ဟိတ်ကောင်. . . ဟိတ်ကောင် မုန့်ကိုသာ ဝေစားချင်စားမှယ်

ဝဏ္ဏက မျက်နှာပိုးကို ဘရိတ်နင်းလိုက်ပြီး . . .

"ကွန်ပျူတာဆိုလို့ ငါ အိုင်ဒီယာတစ်ခုရတယ်"

"ဘာအိုင်ဒီယာတုန်းကွ၊ လုပ်စမ်းပါဦး"

"မင်းရဲ့ ရိပ်ခြည်သန်းခြည်ကဗျာတွေ ကွန်ပျူတာနဲ့ရိုက်ပြီးတော့ CD ထဲခုတ်ပြီး ပေးပါလား၊ နည်းနည်းပါးပါး အဆင့်မြင့်ယဉ်ကျေးတာ ပေါ့၊ မင်း ကွန်ပျူတာမကိုင်တတ်လည်း ငါ့ဘော်ဒါတွေရှိတယ်"

ဖြိုးဝေပိုင်က . . .

"ငါကတော့ ကဗျာတွေမပေးချင်ဘူး၊ အခြေအနေနဲ့တိုက်ဆိုင်ရှိမယ့် သီချင်းတွေကို Selection လုပ်ပြီး ရင်ဖွင့်ရရင်ကောင်းမလားလို့ စိတ်ကူးရတယ်"

မျိုးဇော်က မျက်လုံးကို ဆန်ကောဝိုင်းလှည့်စဉ်းစားပြီး . . .

"အေးကွ၊ ဒါလည်း မဆိုးဘူးပဲ၊ စမ်းကြည့်လေ"

"ဟိတ်. . . ဘယ်ကပြန်လာတာလဲ"

အမှတ်မထင် သူ့အသံကိုကြားလိုက်တော့ သက်ထားနွယ် ပြရင်း . . .

"ဟိုတစ်နေ့က သွားလျှောက်တဲ့သင်တန်းလေ၊ အဲဒါ ဒီ ပရယ်တီကယ်ဗျူးတာ တစ်ခါတည်း အဆင်ပြေတယ်၊ အလုပ်ရသွားပြီ

သူမက ကြွားဝါသောအမူအယာလေးနှင့် ပြောသည်။ (ချစ်စ ကောင်းသည်ဟု မှတ်ယူပါ)

ဖိုးလပြည့်စာပေ

"တယ်ဟုတ်ပါလား၊ အလုပ်ရတဲ့အထိမ်းအမှတ်အဖြစ် ဘာကြွေးမှာလဲ"

"လခကဖြင့် ဘယ်နေမှန်းတောင်မသိသေးဘူး၊ ဒါပေမဲ့ ရပါတယ်၊ တစ်ခုခု လိုက်ကျွေးမှာပေါ့"

"အဟဲ. . . တမင်နောက်တာပါ၊ တကယ်ကြွေးမယ်ဆိုရင်တော့ အားရဝမ်းသာ စားပေးရတာပေါ့"

မျက်စောင်းတစ်ခုကို (အကြိမ်ကြိမ် လေ့ကျင့်ထားသကဲ့သို့) သေသေသပ်သပ်ဖြတ်လမ်းက ဝင့်လိုက်ပြီး . . .

"ဒါဆို ညနေစောင့်နေလေ၊ ခြောက်နာရီလောက် အိမ်အောက်ကပဲ လာစောင့်၊ ခေါင်းလောင်းကြိုးတော့ မဆွဲနဲ့နော်"

"OK သေချာစောင့်နေမယ်"

ညနေရောက်တော့ အချိန်တိကျစွာ သူမ ဆင်းလာပါသည်။

"ဘယ်မှာထိုင်ကြမလဲ"

"Sky မှာဆိုရင် အဆင်ပြေမလားပဲ"

"သွားလေ"

လေသံတိုးတိုးလေး ပြောခြင်းဖြစ်သည်။

ထို့နောက် လူကြပါးတိတ်ဆိတ်၍ စိတ်ကူးယဉ်လို့ကောင်း အောင်ကျပန်စတိုင်လိုလို တရုတ်ပုံစံလိုလို သဘာဝလေပြည်ညှင်းကို အပြည့်အဝခံစားခွင့်ရနိုင်သော "Sky" အအေးနှင့်စားဖွယ်စုံဆိုင်လေးမှာ ထိုင်ဖြစ်ကြပါသည်။

"သက်ထားသင်တန်းက မိုးချုပ်ရင် တစ်ယောက်တည်းပြန်ရမှာပေါ့"

"ဟင့်အင်း. . . မိုးချုပ်တဲ့ဂျူတီတော့မယူဘူး နေ့ကျတိပဲ ယူထားကာ"

ဖိုးလပြည့်စာပေ

"ဩော်. . ."

စကားစက ခေတ္တပြတ်တောက်သွားသည်။ ညင်ညင်သာသာ ဖွင့်ပေးထားသော တရုတ် Music Only တေးသွားက ရင်ခုန်ဖွယ်ဖြစ်အောင် ဖိအားပေးစေလေသည်။ သူ့အတွက်တော့ အထူးတလည်မလိုအပ်ပါ။ သက်ထားနွယ်နှင့်ဆုံရလေတိုင်း သူ့ရင်ခုန်သံများက တိုင်မင်မြန်မြန် အလိုလို လှုပ်ခတ်နေပြီလား။

"သက်ထား"

ဘာလဲဆိုသောအကြည့်နှင့် Ice Lemon Tea ကို ငုံ့သောက်ရင်း သူမကြည့်သည်။

"မနက်ဖြန် သင်တန်းကို သွားပြရဦးမှာလား"

"မနက်ဖြန်တော့မသိဘူး၊ သဘက်ခါကျမှ ဘာဖြစ်လို့လဲ"

"တို့ လာကြိုပေးချင်လို့"

"အားအားရားရား ဘာလို့ လာကြိုချင်ရပြန်တာလဲ"

မမျှော်လင့်သောမေးခွန်းကြောင့် သူ့မှာ အဖြေက အသင့်မရှိ။

"ဟို"

"ဘာဟိုလဲ"

"အကြောင်းပြချက်လိုလို့လား၊ လာကြိုချင်တာပဲ ကြိုချင်လို့ပေါ့"

မေးခွန်းအတွက် အဖြေက ရှင်းနေပါသည်။ ဟုတ်တာပါပဲ။ ကြိုချင်တာကြိုချင်လို့ပါ၊ ရှုတ်ရှုတ်ထွေးထွေး စဉ်းစားနေစရာမရှိပါ။ သက်ထားနွယ်က ရယ်ချင်စိတ်ကို ထိန်းချုပ်ရင်း . . .

"ကဲပါ. . . ထားပါတော့ လာကြိုပေါ့၊ ဒါပေမဲ့ စကားကိုတော့ အတတ်နိုင်ဆုံး စည်းကမ်းရှိရမယ်နော်"

"တို့ ကြိုးစားပါမယ်"

ဖြိုးဝေပိုင် သက်ပြင်းခပ်ပျော့ပျော့ကို အသက်ရှုခြင်းနှင့်အတူ ရောနှောလွှတ်ချလိုက်မိသည်။ ထင်သလောက်တော့ အခြေအနေက စိုပြေ ဆယ်မထင်။

ဘာပဲပြောပြော ဝမ်းသာစရာကောင်းသော ထိုညနေရက်စွဲသည် ဖြိုးဝေပိုင် ဒဏ္ဍာရီကဗျည်းတင်ဖို့ လှပသော အမှတ်တရလေးဖြစ်နေခဲ့ ဆည်မှာ သေချာရေရာပါလိမ့်မည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၁၃)

"ထိမ်းမြားမင်္ဂလာ အိမ်ထောင်တစ်ခု တည်ဆောက်ခြင်းဆိုတာ သေချာခံစားကြည့်မယ်ဆိုရင်တော့ အရေးကြီးတဲ့ကိစ္စတစ်ခုပဲ၊ အချို့လူ အတော်များများက လူ့ဘောင်လောကရဲ့ အစဉ်အလာတစ်ခုအဖြစ် သာမန် ခံစားမှုမျိုးနဲ့. ပေါ့ပေါ့ပါးပါး တွေးတောခံယူတတ်ကြတယ်၊ မှားယွင်းမှု တစ်စုံတစ်ရာဖြစ်သွားခဲ့ရင် ဥဖွဆိုပြီး မန်းမှုတ်ရုံလေးနဲ့. အော်ရက္ခင်နယ် အတိုင်း ပြန်ဖြစ်သွားမယ့်ကိစ္စမျိုးမဟုတ်ဘူး၊ အဲဒီတော့ အချိန်ယူပြီး လေ့လာဆုံးဖြတ်သင့်တယ်"

ဒီတစ်ခါတော့ မျိုးဇော် အတည်ပေါက်နဲ့. လေးလေးနက်နက် ပြောနေ၍ ဝဏ္ဏရောဖြိုးဝေပိုင်ပါ နှစ်ကောင်လုံး ငြိမ်၍ နားသောတဆင် နေရပါသည်။ လက်ဖက်ရည်ခွက်ထဲကို ရေနွေးဖြည့်ပြီး မျိုးဇော် ဆက် လက်ဖွင့်ဟသည်။

"အပေါ်ယံမဟုတ်ဘဲ ဒီကိစ္စကို ငါ သတိထားလေ့လာနေတာ

ကြာပြီ၊ ဒီဒေသအနေအထားနဲ့ အခွံချည်းသုံးသပ်ပြီး အကဲဖြတ်ကောက်ချက်ချလို့ မရနိုင်တော့ဘူး၊ ကောင်မလေးဒီဖိုင်းက အပျံစား လုံးဝ အမိုက်၊ အဲ သူတို့နဲ့ရတဲ့ဘဲက ပုံစံခပ်တုံးတုံး၊ ဒီကောင်တွေမှာ ဘယ်လို အရည်အချင်း အဆောင်အစွမ်းရှိလို့ ဒီလိုမျိုးအနေအထားနဲ့ ငြိတာပါလိမ့်ဆိုပြီး ဘေးအမြင်မှာ နားမလည်နိုင်စရာ ဖြစ်နေတာပေါ့ကွာ"

နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်ဟူသော ဆိုရိုးစကားကို သတိရသွား၍ထင်၏။ ဘေးပတ်ဝန်းကျင်ကို တစ်ချက်ပတ်ရှိုးလိုက်ပြီး စကားဆက်ပြန်သည်။

"တကယ်တမ်း ဂဃနဏ တိတိကျကျ နှိုက်နှိုက်ချွတ်ချွတ် သေသေချာချာ အဲဒီလောက်အတိုင်းအတာထိ မရောက်တောင် အကြမ်းဖျင်းထက်ပိုပြီး သမိုင်းကို လေ့လာအာရုံစိုက်ကြည့်တော့ အားနည်းချက်ကို တွေ့ရတယ်။ အဲဒီအခါကျတော့မှ အဲဒီဘဲတွေရဲ့ နားလည်ပေးနိုင်မှုစွမ်းပကား အနစ်နာခံမှုအတိုင်းအတာက အရမ်းကြီးမားတာတွေ့ရတယ်၊ အချစ်ဆိုတာကြီးကြောင့် နွားဖားကြိုးကို ပျော်ပျော်ကြီးအထိုးခံရဲတဲ့သတ္တိမသေးဘူးကွ၊ အဲဒီတော့ တန်ဖိုးနှစ်ခုက အရမ်းကွာဟလွန်းသွားရော"

"ဘယ်လိုဟာမျိုးကို ဆိုလိုချင်တာလဲ"

ဖြိုးဝေပိုင် အမေး။

"ဟော. . . Beer ဘာညာတွေပေါ့ကွာ၊ အမည်စက်တွေကို အပေါ်ယံအဆောင်အယောင်တွေနဲ့ ကာရံထားတာမျိုးတွေပေါ့"

"အေး. . . မင်းပြောတာ မဆိုးဘူး လက်ခံလို့ရတယ်၊ အဲဒီမျိုးတွေကြောင့် တစ်ချို့ အုပ်ထိန်းသူတွေက မျိုးရိုးသန့်မသန့်ဆိုတာမျိုးတွေရှိတာပေါ့၊ ကြီးကျယ် ဘဝင်လေဟတ်တယ်လို့ ပြောတတ်ကြပေမယ့် ကိုယ်ကျင့်သိက္ခာတရားဆိုတာ ငွေနဲ့ပေးဆပ်လို့ အစစ်အမှန်မရနိုင်ဘူးလေ"

ထည်း ကြိုက်ရာဆန်ကျင်ဘက်လမ်းတွေ ကိုယ့်စီးရွေးလျှောက်ကြပြန်တယ်၊ နောက်တော့ တစ်တက်စားလည်း ကြက်သွန်ဖြစ်ကုန်ရော တည့်ဆောက်လိုက် ပြုပျက်လိုက်၊ ပြုပျက်လိုက် အသစ်ပြန်တည်ဆောက်လိုက် မဆန်းကြားတော့ဘူး၊ တဖြည်းဖြည်းနဲ့. ပရုပ်လုံးကို ကိုယ်ကိုယ်တိုင် ကိုယ်ကျင့်သိက္ခာ တန်ဖိုးမဲ့သူ ဖြစ်မှန်းမသိဖြစ်သွားတော့တယ်။ အဲဒါ အစ,မကောင်းဆော့ နှောင်းလွဲတာပေါ့ကွာ၊ ဖြစ်တတ်တာလေးပြောတာနော်၊ တချို့ ထလေကိုဆိုလိုတာ"

ဒီခကာင်တွေပြောသည်မှာ ဟုတ်သလိုလိုတော့ရှိပါသည်။ ဘာကို အကြည့်၌ ပြောနေကြသည်ကိုတော့ မသိပါ။

ဒီအိမ်ထောင်တစ်ခု တည်ဆောက်ခြင်းသည် လူတစ်ယောက်တာဝ အတွက် လမ်းအချိုးအကွေ့ဖြစ်ပါသည်။ လွယ်လွယ်ဆုံးဖြတ်ဝိလျှင် ပေါ့ ချောက်ဖြစ်တတ်ပါသည်။

ဖြူးဝေဝိုင်းကတော့ လက်ဖက်ရည်ဆိုင်မှနေ၍ သက်ထားနွယ် အနန်းဆီမျှော်ငေးရင်း ရင်ထဲမှ ဟင်းလင်းပြင်ကြီးတစ်ခုလုံး တစ်စုံတစ်ရာကို ဆောင်းခဲအော်ဟစ်နေချိန်။ မျိုးဇော်မေးခွန်း မသဲမကွဲဖြတ်ဝင်လာသည်။

"ဒါနဲ့ စကားမစပ် ညက ဘယ်အသင်းနိုင်သွားလဲ"

"တွေ့ချင်လိုက်တာ သက်ထားရယ်"

လူမမာရေတောင်းသလို တိုးတိုးလေး သူ့ဘာသာ ကိုယ့်အာရုံနဲ့ ကိုယ် ရေရွတ်လိုက်တာကို မျိုးဇော်က မရှင်း။

"ဘာ. . . အသင်း"

ဝဏ္ဏက ကြားဖြတ်အဖြေတင်သွင်းသည်။

"အာဆင်နယ်တဲ့"

တလဲတချော်ကြားလိုက်ခြင်း ဖြစ်သည်။

"တစ်နေ့တစ်နေ့ တမ်းတစိတ်တွေ ပီတာ အရှင်းတော်ကြီး

ထည်း ကြိုက်ရာဆန်ကျင်ဘက်လမ်းတွေ ကိုယ့်စီးရွေးလျှောက်ကြပြန်တယ်၊ နောက်တော့ တစ်တက်စားလည်း ကြက်သွန်ဖြစ်ကုန်ရော တည့်ဆောက်လိုက် ပြုပျက်လိုက်၊ ပြုပျက်လိုက် အသစ်ပြန်တည်ဆောက်လိုက် မဆန်းကြားတော့ဘူး၊ တဖြည်းဖြည်းနဲ့. ပရုပ်လုံးကို ကိုယ်ကိုယ်တိုင် ကိုယ်ကျင့်သိက္ခာ တန်ဖိုးမဲ့သူ ဖြစ်မှန်းမသိဖြစ်သွားတော့တယ်။ အဲဒါ အစ,မကောင်းဆော့ နှောင်းလွဲတာပေါ့ကွာ၊ ဖြစ်တတ်တာလေးပြောတာနော်၊ တချို့ ထလေကိုဆိုလိုတာ"

ဒီခကာင်တွေပြောသည်မှာ ဟုတ်သလိုလိုတော့ရှိပါသည်။ ဘာကို အကြည့်၌ ပြောနေကြသည်ကိုတော့ မသိပါ။

ဒီအိမ်ထောင်တစ်ခု တည်ဆောက်ခြင်းသည် လူတစ်ယောက်တာဝ အတွက် လမ်းအချိုးအကွေ့ဖြစ်ပါသည်။ လွယ်လွယ်ဆုံးဖြတ်ဝိလျှင် ပေါ့ ချောက်ဖြစ်တတ်ပါသည်။

ဖြူးဝေဝိုင်းကတော့ လက်ဖက်ရည်ဆိုင်မှနေ၍ သက်ထားနွယ် အနန်းဆီမျှော်ငေးရင်း ရင်ထဲမှ ဟင်းလင်းပြင်ကြီးတစ်ခုလုံး တစ်စုံတစ်ရာကို ဆောင်းခံအော်ဟစ်နေချိန်။ မျိုးဇော်မေးခွန်း မသဲမကွဲဖြတ်ဝင်လာသည်။

"ဒါနဲ့ စကားမစပ် ညက ဘယ်အသင်းနိုင်သွားလဲ"

"တွေ့ချင်လိုက်တာ သက်ထားရယ်"

လူမမာရေတောင်းသလို တိုးတိုးလေး သူ့ဘာသာ ကိုယ့်အာရုံနဲ့ ကိုယ် ရေရွတ်လိုက်တာကို မျိုးဇော်က မရှင်း။

"ဘာ. . . အသင်း"

ဝဏ္ဏက ကြားဖြတ်အဖြေတင်သွင်းသည်။

"အာဆင်နယ်တဲ့"

တလဲတချော်ကြားလိုက်ခြင်း ဖြစ်သည်။

"တစ်နေ့တစ်နေ့ တမ်းတစိတ်တွေ ပီတာ အရှင်းတော်ကြီး

"ဝမ်း ဖီး ဟုတ်လား"

မျိုးဇော်က ကြားချင်သလိုကြားသည်။

"ဘီလ်သာ ဆောင်ရရင်တော့ မွဲရချည်ရဲ့ သက်ထားရယ်"

"ဝဏ္ဏ. . . ဟိတ်ကောင် ဒီကောင် ဘာတွေပြောနေတာလဲ"

"ခုအချိန် ဝရန်တာ မင်းထွက်လာရင် သိပ်ကောင်းမှာပဲ"

"အိမ်သူ နှောက်ယှက်နေတာကွ၊ လွဲတော့လွဲနေပြီ"

"ငါ့ဘဝ တစ်သက်တာလုံးသာ ပြုစားလိုက်ပါတော့"

"ဘုရားစာ ရွတ်နေတာတော့ မဟုတ်လောက်ဘူးကွ"

သေချာပါတယ် သက်ထား၊ ငါ့အတွေးထဲ မင်းရောက်လာဖို့ အတွက် ဆီလျော်သင့်မြတ်တဲ့ အကြောင်းပြချက်တွေ မလိုပါဘူး။

ငါ့ရင်ခုန်သံ ငါပြန်နားဆင်လိုက်ရုံလေးနဲ့ပဲ လုံလောက်ပါတယ်။

www.burmeseclassic.com

အခန်း (၁၄)

ကွန်ပျူတာသင်တန်းရှိရာသို့ သက်ထားနွယ်ပြောသောအချိန်ထက် နာရီဝက်ခန့်သာ စောစီးစွာ သူရောက်ရှိသွားခဲ့သော်လည်း သင်တန်း ခုမှစတင်ဟန်တူပါသည်။ ထို့ကြောင့် နှစ်နာရီခန့်စောင့်ခဲ့ရသည်။

သက်ထားနွယ်ပုံစံက တကယ့်ဝါရင့် ဆရာမကြီးပုံစံပေါက်နေသလို အမူအယာက လေးစားချင်စရာအပြည့်။ ဒါကို ထိုငနဲ၏တဏှာစိတ်မိုးမွန်နေခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

မထူးတော့ပြီမို့ ကပ်ငြိလာသောအာရုံကိုဖမ်းဆွဲရင်း ကိုရီးယား ဇာတ်လမ်းတစ်ခုလို စိတ်ဝင်တစား အာရုံလေးပါးနှင့် ခံစားမိနေသည်။

"ခုပေးထားတဲ့စာရွက်တွေကို ကြည့်လိုက်ပါ။ What is computer ကွန်ပျူတာဆိုတာ ဘာလဲ။ အလွတ်ကျက်မှတ်ထားစရာတော့ မထိုအပ်ပါဘူး၊ ဒါပေမဲ့ သဘော တရားကို သိရုံနားလည်ရုံပဲ လေ့ထာထားရှိ ပါ။

စိတ်ဝင်စားစရာတော့ အကောင်းသားပင်။

ဖိုးလပြည့်စာပေ

သင်တန်းချိန်ပြည့်ပြီး ခဏအကြာ သက်ထားနွယ် ထွက်လာသည်။ သက်ထဲကလက်ဆွဲခြင်းအား သူ လှမ်းယူလိုက်ရာ ငြင်းမည့်စိတ်ကူးနှင့် လက်ပြန်ရုပ်ပြီးမှ ကမ်းပေးလိုက်သည်။ ဘေးအမြင်မှာတော့ ဘာလိုလို ညာလိုလိုပေါ့။

"သက်ထားပြောတော့ သုံးနာရီခွဲပြီးမှာဆို၊ တို့ သုံးနာရီလောက်ကတည်းက ရောက်နေတာ"

မှတ်တိုင်ရှိရာသို့ အတူတူ ယှဉ်တွဲလျှောက်လာကြရင်း . . .

"သူ အဆင်မပြေရင် လာမကြိုပါနဲ့၊ သက်သက် ဒုက္ခပေးသလို ဖြစ်နေပါ့မယ်"

"ဟာ. . . ဘာလို့ အဆင်မပြေရမှာလဲ၊ ပြေပါကယ်၊ လာကြိုချင်လို့ လာကြိုတာကို"

တကယ်တော့ ဖြည်းဖြည်းပြောလည်းရပါသည်။ ဒါကို ပြာပြာယာယာရှင်းပြနေပါသည်။

ဘာလို့ လာကြိုချင်ရတာလဲဟုမေးလျှင် ဖြစ်ချင်ရာဖြစ် 'သိပ်ချစ်လို့ပါ' ဟု ဖြေလိုက်မည်။ (အမှတ်တရ) ဆုံးဖြတ်ထားမိလိုက်သော်လည်း သူမ မမေးခဲ့ပါ။ ထို့ကြောင့် သူလည်း ဖြေခွင့်မရလိုက်ပါ။

ဘေးခြင်းယှဉ်ကားစီးရင်း အတင်းတိုးဝှေ့နေကြတဲ့ လူများကို ကာကွယ်ပေးရသည်မှာ ကမ္ဘာ့အချိမြိန်ဆုံး အနှစ်သာရတစ်ခုပင်။ ခံစားရင်း အိမ်သို့ ရောက်မှန်းမသိရောက်ခဲ့ကြပြီ။

လောကတစ်ခုလုံးရှိ သက်ရှိသက်မဲ့ ဒြပ်ရှိဒြပ်မဲ့ဟူသမျှ ပြုံးစိစိနှင့် လှပတင့်တယ်နေပါသည်။

"လာလေ. . . အိမ်ပေါ်လိုက်ခဲ့ဦးပေါ့"

"ဥက္ကာလင်းရော ရှိပါ့မလား"

"အဲဒါတော့ ဘယ်ဘီမှာလဲ၊ ခုမှ အပြင်ကပြန်လာတာကို"

ဖိုးလပြည့်စာပေ

အိမ်ပေါ်ရောက်တော့ ညက္ကာလင်းအား မတွေ့ရပါသော်ထည်း ကျွေးဖူးရှင် ဒေါ်ငြိမ်းငြိမ်းနွယ်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပါသည်။ ဒေါ်ငြိမ်းငြိမ်းနွယ်က အေးဆေးပင်။ စာဖတ်နေရာမှ ဖော်ရွေစွာ အထာသိသာပ ပြောဆိုနှုတ်ဆက်ပြီး သူ့အထာနှင့်သူပြန်နေသည်။

သက်ထားနွယ် အဝတ်အစားလဲပြန်ထွက်လာပြီး သီချင်းနှင့်ရုန် VCD ခွေများကို ရွေးချယ်နေစဉ် သူ့အတွက် အကောင်းဆုံးသော ဧည့်ခံမှုအခွင့်အရေးကြီး ရလိုက်ပါသည်။

အိပ်ထဲမှ အသင့်ဆောင်ထားသော နှုလုံးသားဇော်သံတမန် ချစ်ခြင်းစကားလုံး အမှတ်အသား (ပြဿနာ၏သော့ချက်လည်း ဖြစ်နိုင်ချေရှိသည်)

"ဒါ. . . လက်ရွေးစင်လေးတွေကူးထားတာ နားထောင်ကြည့်ပါလား"

အားနာရှိပဲလား၊ သူမကိုယ်တိုင်ကပဲ ကြိုက်ရှိပဲလားတော့မသိ စက်ထဲထည့်ပြီး ခဏအကြာ ဘိုဖြူ၏ 'ပြည့်စုံပါစေ' တေးသွားလေး ငြိမ်းအေးမှုအပေါင်းကို သယ်ဆောင်ပြီး ညင်သာစွာ ထွက်ပေါ်လာပါသည်။

သီချင်းစာသားအဓိပ္ပာယ်နှင့် ညီညွတ်ဖမ်းစားနိုင်စွမ်းသော သံစဉ်လေးကြောင့် နှုလုံးသားထဲမှ ချစ်ခြင်းအစိုင်အခဲများ အံ့ကြွနိုးကြားလာသည်ဟု ဆိုက ရင်ထဲမှာ စကားလုံးများကို စီစစ်ပြီး အဓိပ္ပာယ်များစွာကို ဖွက်ထားတဲ့အကြည့်ဖြင့် စူးစိုက်ကြည့်မိခိုက် စက္ကန့်ပေါင်းအတန်ကြာ ရှက်လုံးသူငယ်အိမ်များ တိုးတိုက်ကပ်ငြိ၍ သွားကြသည်။

စစ်မှန်သောဝါဟာရကို သက်ထားနွယ် နှုလုံးသားဖြင့် ခံစားတွေ့နိုင်ပါလိမ့်မည်။

ထိုအချိန်တွင် အကြည့်လွဲဖယ်ပစ်ခဲ့ရသူက ပြုံးစေ့စေ့

"သက်ထား. . . တို့ပြန်လိုက်ဦးမယ်"

ဖိုးယပြည့်စာပေ

တစ်စုံတစ်ရာ မဖွင့်ဟပါ။ တိတိကျကျ အဓိပ္ပာယ်ဖော်ဆောင်ရ ခက်ခဲသော မျက်ဝန်းများဖြင့်သာ အတွေးတွေနှင့် ရင်ခုန်သံရောစပ်ကာ တွေဝေစဉ်းစားနေဟန်ရှိသည်။

ငါ့ရဲ့ အာရုံလေးရေ. . .

ဒါဟာ ချစ်ခြင်း အစစ်မှန်တရားပါ. . .

တလောကလုံးက မှတ်ကျောက်များနဲ့

မှတ်တိုက် စစ်ဆေးခံဝံ့ပါတယ်

ငါဟာ . . .

အိပ်မက်ထဲမှာ လမ်းလျှောက်နေသူ ဆက်ပြီး

မဖြစ်ချင်တော့လို့ပါ . . .

အိုး. . . မင်းမျက်နှာလေးပဲ ကိုယ်နေ့တိုင်း အမြဲတမ်း ငေးကြည့်မိခဲ့. . . ရင်ထဲက မင်းကိုချစ်တဲ့စကားတွေလည်း. . . ကို ဘာကြောင့် ပြောဖို့ သိပ်တွေဝေနေလဲ. . . သက်ပြင်းယေး မင်းရှေ့နားမှာ ရှိက်နေဆဲ ဒါကိုလည်း သိနိုင်လိမ့်မယ် ကိုယ်မထင်ဘူး . . .

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၁၅)

"ငါ. . . တစ်ဝက်တိတိ ရင်ဖွင့်လိုက်ပြီကွာ"

"ဘာ. . . ဘယ်လိုတစ်ဝက်တိတိလဲ၊ မင်းစကားက ဟိုမရောက် ဒီမရောက်နဲ့"

"အေးလေကွာ၊ မင်းကလည်း ဖွင့်မယ့်ဖွင့် အပြည့်အဝဖွင့်ခဲ့ ရောပေါ့၊ ဒါနဲ့ သက်ထားနွယ်က ဘာပြန်ပြောလိုက်လဲ၊ ဆဲနည်း ဘယ် နှစ်နည်းလောက်နဲ့ အပြတ်ဆဲပစ်လိုက်သေးလဲ၊ ပါးလေးကော ပိုပိုသာသာ နှစ်ချက်သုံးချက်လောက် ဆော်ထည့်လိုက်သေးရဲ့လား"

"ဟာ. . . ဘယ်ကလာကွာ၊ မင်းဖင်ကြီးနဲ့၊ နိမိတ်မရှိ နမပေး အဲ. . . နမာမရှိ"

"ထွီ. . . ဘာဖင်လဲ အကောင်းပြောတာ"

"ကဲပါ၊ မင်းအခြေအန ဘယ်လိုရှိလဲ၊ ဆက်စမ်းပါဦး"

"အခြေအနေ ဘယ်လိုရှိမှန်းတောင် မခန့်မှန်းနိုင်တော့ပါလူးကွာ

ဖိုးလပြည့်စာပေ

ငါလဲညီး ရင်တွေကတုန်ကရင် ဘာညာတွေဖြစ်ပြီး ရှေ့မျက်နှာ နောက်ထားပြီး ထ,လစ်လာတာ''

''ဒါဆို မင်း ဘယ်မှာပြောတာလဲ၊ ဘယ်နေရာ ဘယ်အချိန် အနားမှာ ဘယ်သူရှိလဲ''

''အနားမှာ သူ့မားသားကြီးရှိတယ်၊ သူ့အိမ်မှာ''

''ဟေ. . . သူ့အိမ်မှာ''

''အေး''

''သူ့အမေကြီးလည်းရှိတယ်''

''ဟုတ်တယ်လေ''

''မင်းဟာက ဟုတ်ရောဟုတ်ပါ့မလားကွ''

နှစ်ကောင်သား ယုံဟန်မရှိ မျက်စိနှစ်ကွင်းကို လိုအပ်တာထက် ပိုပြူးပြီးကြည့်နေကြသည်။

''ကွက်တိ ဟုတ်တယ်''

ဝဏ္ဏနှင့်မျိုးဇော် အခင်းဖြစ်ပွားခဲ့ပုံများကို အသေအချာ နား မလည်သေး၍ ပါးစပ်အစုတ်သားနှင့် (အကောင်းထက်လွန်ကဲသောကြောင့်) အံ့သြနေကြသည်။ ထို့ကြောင့် သူက . . .

''ဒီလိုကွနှင့် အစပြု၍ ဖြစ်ကြောင်းကုန်စင်နီးပါးကို ဒါပဲကွာနှင့် အဆုံးသတ်လိုက်ရသည်။ ထိုမှ . . .

''သြော်. . . ဟာ. . . ဟာ. . . ဂလိုလား မသိပါဘူးကွာ၊ ငါက ဟိုလိုမှတ်လို့''

''ဘာမှ ဟိုလိုမမှတ်နဲ့၊ အဲဒီလိုကွ''

''မဆိုးပါဘူး၊ မင်းအိုင်ဒီယာနူးညံ့သားပဲ၊ ဒီလောက်နဲ့ အစပျိုးပြီး ချဆီထည့်ပြီးတော့မှ ပြောလိုက်ရင် ပွဲသိမ်းသွားနိုင်တယ်၊ လျှော်ကန်သင့်မြတ်တဲ့ ဇာတ်ဟာပဲကွ''

"ဗျူဟာ တမင်သက်သက်ဆင်တာမဟုတ်ပါဘူးကွာ၊ ရင်ခုန်သံ ခဲ့ ရိုးသားစွာ စီရင်လိုက်တဲ့ ပဲ့တင်ရိုက်ခတ်သံပါကွာ"

နူးညှံ့ခြင်းတံခါးပေါက်
ခပ်စောင်းစောင်းလေး (ငါ)
တံခါးခေါက်မိတယ်
တံခါးတစ်ချပ် ပွင့်လာတဲ့အခါ . . .
အချစ်တွေနဲ့ နှုတ်ဆက်ကြိုဆိုမလား
အမုန်းတွေနဲ့ ရက်စက်နှင်ထုတ်မလား. . .
ငါ မတွေးတတ်ခင် . . .
အကြိမ်ကြိမ် ထပ်ခေါက်ကြည့်ဖို့
ကြိုးစားကြည့်ချင်တယ် . . .
တကယ်. . . ရင်ခုန်ခဲ့တာပါ. . .

"ကိုဖြိုး ကျွန်တော့်ကို စာရေးနည်းတွေ ထပ်သင်ပေးဦးလေ"

"ချမ်းမြေ့မှာထိုင်ကြရင်း ဥက္ကာလင်းက တောင်းဆိုသည်။ ခက်နေတာက သူ့ခေါင်းထဲမှာ အခုတလော စိုးမိုးနေသော နက္ခတ်က သက်ထားနွယ်နှင့်ပတ်သက်သည့် အကြောင်းအရာများသား

လက်ရှိအခိုက်အတန့်မှာ Inspiration (အနုပညာအာရုံတ်စာမှ) များ မုတ်သုံလေအင်အားနည်းပါးနေသဖြင့် ရေးလက်စစာများထောင် ဆေးပြင်းနှိပြထားရသည်အထိ။

လိုချင်တမ်းဘမူများနှင့် အတန်ငယ်ပူလောင်နေသော Sensory Data (အာရုံ၏အချက်အလက်များ)အရ ရေးမိသည့်တများအတိုအစများ

ဖိုးလပြည့်စာပေ

ကယည်း မျော်လင့်တောင့်တမှုအား ရည်ညွှန်းချက်မျှားသာ။

အရင်ဘုန်းကလိုသာ ပျက်တီးပျက်ချော် အာဝဇ္ဇန်းရွှင်မြူးနေချိန် မျိုးသာဆိုရင် ဒီထက် ပျော်စရာကောင်းသောမျက်လုံးမျှားနှင့် စိုပြေနေနိုင်ပါလိမ့်မည်။

သို့သော် ဥက္ကာလင်းဆိုသော အလျောင်းလျာလေးအတွက်ဆိုမှ တော့ အာရုံခပ်မှိုင်းမှိုင်းကြီးကို ဖုန်ခါရင်း . . .

"မင်းကို ပြောပြထားဖူးသားပဲ၊ ဘာတွေ မင်းက ထပ်သိချင် နေသေးလို့လဲ"

"ဟို အစ်ကိုပြောခဲ့တာတွေက ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ ပရယ်တီကယ် လက်တွေ့နည်းနာ ညွှန်ပြစေချင်သေးလို့."

"ကဲပါလေ၊ ဒါဆို မင်းနဲ့ငါ ဇာတ်လမ်းတိုလေးတစ်ပုဒ်လောက် အကြမ်းရေးကြည့်တာပေါ့"

"ဟာ. . . အိုကေတာပေါ့"

စာရွက်နှင့်ဘောပင်လိ ထုတ်ယူလိုက်ပြီး . . .

"ကဲ. . . ဇာတ်လမ်းလေးတစ်ပုဒ်ကိုစပြီး ခံစားကြည့်မယ်၊ လူငယ် တွေဆိုတော့ ဖန်စီပေါ့၊ ပေါ့ပေါ့ပါးပါးအချစ်ဇာတ်လမ်းလေးတွေဆိုတော့ ဖွဲ့ တာပေါ့၊ ကောင်လေးနဲ့ကောင်မလေးကို ဘယ်လိုဆုံတွေ့ပေးမလဲ၊ ကိုယ့် ရှုထောင့်ကနေကိုယ် စဉ်းစားကြည့်"

"နံနက်ခင်း စက်ဘီးစီးကြရင်း စက်ဘီးချင်းတိုက်မိပြီး ဆုံမယ်" ကြားဖြတ်ဝင်လာသော ဝဏ္ဏရဲ့နိဒါန်းစကား။

"ရိုးတယ်"

ဖြူးဝေပိုင်၏ တစ်ခွန်းတည်းသော မှတ်ချက်။

"ဒါဆို ဖဲဝိုင်းမှာ ဖဲရိုက်ရင်းဆုံပေးလိုက်"

"မဖောက်နဲ့၊ ဒါ နောက်ရမယ့်အချိန်မဟုတ်ဘူး"

"မင်းပဲ ဆန်းပြားချင်နေတာမဟုတ်လား။ ဘယ်သူမှ မသုံးသေး

ဆဲ အိုင်ဒီယာနော်"

"စရိုက်ဆန်တယ်ကွာ၊ ကဲ ဥက္ကာလင်း မင်းစဉ်းစား"

ဥက္ကာလင်း စဉ်းစားနေသည်။ စဉ်းစားနေသယောင် ဟန်ဆောင်ထားလည်းဖြစ်နိုင်သည်။

"ထီဆိုင်မှာ ထီထိုးရင်းဆုံမယ်"

မျိုးဇော်၏ အမှတ်မထင် ခံစားတင်ပြချက်။

"ဘယ်လိုကြီးတုန်းဟာ၊ သိပ်မရှင်းသလိုပဲ"

"ဒီလိုကွာ၊ ကောင်လေးနဲ့ကောင်မလေး လက္ခန်ခါနီးမှာ ထီသွားဆိုးကြရင်း တိုက်တိုက်ဆိုင်ဆိုင် ထီဆိုင်မှာ မဂ်လာစုံတွဲနှစ်စောင်တွဲဆစ်ရပဲကျန်တော့တယ်၊ သူယူမယ် ငါယူမယ်နဲ့ နောက်ဆုံး သဘောတူညှိပြီး နှစ်ယောက်လုံး ပေါင်းစပ်ထိုးလိုက်တယ်၊ အဲဒီက်စမယ်"

"မဆိုးဘူးဟာ၊ ဆက်ပြော"

"နောက်တော့ အဟမ်း တစ်ရွတ်ကျန်တစ်သက်စံက တစ်သိန်းဆု ပေါက်ပါလေရော"

"ပေါက်တာများကွာ တစ်သိန်းတည်းပဲပေါက်ရလား၊ သိန်းငါးရာဆစ်ခါတည်း တန်းပေါက်လိုက်ရင် မင်းအစ်မကြီး တင်တောင်းမှာစိုးလို့ထား"

ဝဏ္ဏက အလကားပေါက်တဲ့စိတ်ကူးထီကို နှည်းနေသဖြင့် အားလိုအားမရဖြစ်နေပြန်သည်။

"တုန်းလိုက်တဲ့ ဝဏ္ဏရာ၊ သိန်းငါးရာကြီးတောင်ပေါက်သေးတဲ့ဆော့ အချိုးအကွေ့ကြီးက လုပ်ဇာတ်ကြီးဖြစ်သွားပြီး ဆားမပါတဲ့ အချိ သာရပေါ့ဟုက်သွားမှာပေါ့ကွ၊ အတွေးအခေါ်တွေ မရိုးသားစင်းပါနဲ့"

"ဟုတ်တော့ ဟုတ်နေသလိုပဲ၊ ဆက်စမ်းပါဦး"

"ဒါနဲ့ မင်းတို့ဇာတ်သိမ်းက ပေါင်းမှာလား ကွဲပြဲမှုန်းမှာ ထား"

ဖိုးလပြည့်စေလ

ဥက္ကာလင်းက . . .

"ကွမယ်အစ်ကို ကွမယ်. . . ဇာတ်သိမ်း လွမ်းလွမ်းဆွေးဆွေးလေး ကြေကွဲပစ်လိုက်မယ်"

အားရဝမ်းပမ်းတသာ ကွဲချင်နေတာ ဒီတစ်ကောင်ပဲ တွေ့ဖူးသေးသည်။ မျိုးဇော်က သူ့စကားကို စိတ်ဝင်စားနေကြသဖြင့် ထိုင်ခုံနေသားတကျ ပြုပြင်ထိုင်လိုက်ပြီး လက်ဝါးနှစ်ဖက်ရိုက်ကာ . . .

"အိုကေ. . . ရတယ်လေ၊ တစ်သိန်းဆုလေးပေါက်တော့ သူတို့နှစ်ယောက် ပြန်ဆုံကြမယ်။ တူတူသွားထုတ်မယ်ပေါ့။ အဲဒီမှာ ကောင်လေးက ကောင်မလေးကို ရည်းစားစကားပြောလိုက်မယ်"

"အမ်. . . ဘာမှလည်းမဆိုင်ဘူး၊ ဆုငွေထုတ်တာနဲ့ ရည်းစားစကား ပြောမှာ"

"မင်းအိုင်ဒီယာတွေ အရမ်းဒိတ်အောက်နေပြီ ဝဏ္ဏ၊ အိုင်ကျူကို မြှင့်တင်လိုက်စမ်းပါ။ အဲဒီအချိန်က ရည်းစားစကား ထိကပါးရိကပါး ပြောလို့အကောင်းဆုံးအချိန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးက ဆုငွေရတော့မှာတွေးပြီး အူမြူးကြည်နူးနေတဲ့အချိန်လေ"

"ဟုတ်သားပဲ၊ ဟုတ်နေတုန်းပဲ၊ ဘာမဟုတ်တဲ့မျိုးဇော်က၊ ကဲ ဆက်စေ"

"ကောင်လေးက ပြောမယ်၊ ကောင်မလေးရယ် မင်းနဲ့တို့နဲ့ဟာ ရှေးရှေးတုန်းက ဘဝရေစက်ကြောင့် ဒီဘဝမှာ ကံတူအကျိုးပေး ကံစပ်ခဲ့တာ၊ မင်း မငြင်းပါနဲ့"

"အမ်း"

"ဒီတစ်သိန်းကို မခွဲခြမ်းတော့ပဲ တစ်ဘဝလုံးအတွက် ရည်ရွယ်ပေါင်းစပ်လိုက်ကြပြီး နှစ်ယောက်တစ်အိပ်မက်လို အတူတူ အကျိုးမွှားများစေဖို့ ရည်သန်၍ ထာဝရ ထိုးလိုက်ကြရအောင်လား မိန်းကလေးရယ်လို့ ပြောမယ်"

"ဟေ့ကောင်၊ ဘာထိုးမှာလဲ"

"ထီလေကွာ၊ ထီထိုးမှာကိုပြောတာ၊ မင်းက ဘာတွေ စွတ်တွေးနေတာလဲ"

"မသိဘူးလေကွာ၊ ငါက ဟိုဟာထိုးမှာကို ပြောတာလားလို့"

"ဘာဟိုဟာလဲ"

"အဟီး. . . ထီကိုပဲပြောတာပါကွာ၊ ကဲ ဇာတ်က သိမ်းတော့မှာလား"

"ဇာတ်ကြောရိုး၊ အနှစ်သာရအရဆိုရင်တော့ သိမ်းသင့်ပြီ၊ အဲဒါနဲ့ ငွေထုတ်မယ့်ဆိုင်ရှေ့လည်းရောက်ရော ကောင်လေးနဲ့ ကောင်မလေးသူတပြန်ကိုယ်တပြန် ပါးရိုက် နားရင်းအုပ်ကြပါလေရော"

"ဟ. . . ဘာဖြစ်လို့လဲဟ"

"သူတို့က မင်္ဂလာစုံတွဲနှစ်စောင်ကို တစ်ယောက်နဲ့တစ်ယောက် ဆောလို့ပတ်လို့မရအောင် အလယ်ကပိုင်းပြီး ခွဲယူသွားကြတာကွ"

"အဲဒီတော့"

"အဲဒီတော့ အပြဲကြီးဆိုပြီး ဆိုင်က ဆုငွေထုတ်မပေးတော့ဘူး ကား နင့်ကြောင့်ငါ့ကြောင့်ဆိုပြီး အပြန်အလှန် ကွဲကြလေရောတဲ့ကွယ် . . . ကဲ"

"ခွီး. . . တော်တော့ကို အောက်တန်းကျတဲ့အိုင်ဒီယာကွာ၊ အောင်းမှတ်လို့ နားထောင်နေတာ"

"အံမယ်. . . မင်းတောင် ငါ့လို ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် ရှုတ်တာ မဟုတ်တာအသာထား၊ လက်ငင်း ချခင်းပြနိုင်လို့လား"

ဘာပဲပြောပြော ဒီနေ့မှာတော့ မျိုးဇော် အာဝဇွန်းရှင်ပြနေရှိ ရှုပြောသလို ဟုတ်တာမဟုတ်တာ အသာထား တော်သေးသည်။ ခုထိုင်ရောက်နှောင့်ယှက်ပေးနေသောကြောင့် အကြံအိုက်နေသော ပြိုးဝေပိုင် ရှုတ် အသက်ရှူချောင်နေရသည်။

ဖိုးလပြည့်စာပေ

"ဟုတ်တယ်ကွ ဝဏ္ဏရာ၊ ဒီကောင့်ဇာတ်လမ်းဆင်ချက် လှဲ့ကွက် ဝရိယာယ်က မဆိုးဘူးနော်၊ ကိုရီးယားကားနဲ့ နှင်လားငါလားပဲ"

ဖြူးဝေဝိုင်၏စကားရေးရာဖြင့် မြွှင့်တင်ပေးလိုက်သောကြောင့် မျိုးဇော်ပါးစပ်ကြီး တစ်ကွာတစ်ဖိုက်ခန့် ကျယ်ပြန့်သွားပြီး . . .

"အဟီး. . . ဟင်းဟင်း ဒီလောက်တော့မဟုတ်သေးပါဘူးကွာ အဟဲဟဲ"

ဆိတ်တေလေမကြီး လင်ကောင်မပေါဘဲ ဇီးလျှော်လို့အော်နည်းနှင့် ရယ်နေလိုက်သေးသည်။

"ဘာလို့ မဟုတ်ရမှာလဲကွ၊ အဲဒါ စာပေဖတ်တဲ့လေ့လာတဲ့ အကျိုးကျေးဇူးတွေပေါ့ကွာ၊ ဒီကောင်စာရေးတာ ဝါသနာပါလို့နော်၊ ပါရမီ ဓာတ်ခံအားက သေးသေးကွေးကွေးမဟုတ်ဘူး"

မျိုးဇော် လူနေခြံကြား စိတ်နေဘုံဖျားစကားလို ဖြစ်နေပါသည်။ သို့သော် လူနေခြံကြား စိတ်နေမြောင်းကြီးမြောင်းကြားထက်စာလျှင် သာလွန်ပါသေးသည်။

ထိုင်ခုံကို ပြုပြင် ကိုယ်ဟန်အနေအထားကို ပြန်မတ်လိုက်ပြီး. . .

"စာက အခုတလော မအားတာနဲ့ သိပ်တောင်မဖတ်ဖြစ်ပါဘူးကွာ၊ ဒါပေမဲ့ ပြန်ထွက်ကြည့်ရင် ဖတ်ခဲ့တဲ့အင်အားက မင်းတို့အုံ့ဩရှင်လည်း အုံ့ဩလောက်ပါတယ်၊ ဟိုတစ်နေ့က အာကာနောင်ဆီက ငှားဖတ်လိုက်တဲ့ စာအုပ်လေးတစ်အုပ်တောင် ဟာသလိုလိုဘာလိုလို၊ ဆိုက်ကို နည်းနည်း ဓမ္မသဘောပေါ်နွယ်နွယ်လေး နက်သားဟာ၊ မင်းတို့တွေ ဖတ်သင့်တယ်ကွ၊ လမ်းညွှန်ပေးတာပါကွာ"

"ဘာစာအုပ်ပါလိမ့်၊ ဘယ်သူရေးတာလဲ"

"အဲ. . . ရေးတာတော့ မင်းခိုက်စိုးစန်ပဲကွ၊ စာအုပ်နာမည်ကတော့ ငါတောင် သေသေချာချာမမှတ်မိလိုက်ဘူး၊ အာကာနောင်ကြွာတာတော့ နားစွန်းနားဖျားပဲ၊ ဘာတဲ့ အင်း. . . ညော် သူမသာ လောက်

ဆင်ကောင်ဖြစ်သွားခဲ့သည် တံစို့မှဆို. . . ဆိုလားပဲ"

"ဘာ. . . ဘယ်လိုနာမည်"

"သူမသာ လောက်တစ်ကောင်. . . အဲဒီပုံစံမျိုးလေးကွာ၊ သိပ်ချောတယ်လို့. . . ဟီး"

"သူမသာ လောက်တစ်ကောင်. . . တံဆို့မှစို. . ."

သံယောင်လိုက်ရွတ်ကြည့်မိသည်။ တော်တော့်ကိုအံ့း (ဦး) စားဆိုသည်။ ဒီနာမည်မျိုး မင်းခိုက်စိုးစန် ကြားတော့ကြားမိသလိုရှိသည်။ သူလည်း မင်းခိုက်စိုးစန် တော်တော်စုံအောင် ဖတ်ဖူးပါသည်။ သို့သော် ဒီနာမည်မျိုးတော့ ခပ်ဆင်ဆင်ထဲက ဘာရှိမလဲ၊ အတွေးချဲ့လိုက်တော့. . .

"အမ်. . . မင်းအမေလွှား (ဦးသံလုံး အာမေဋိတ်ကို ခေတ္တဥာဏ်ဆုံးစွဲလိုက်သည်) သူမသာ မျောက်တစ်ကောင်ဖြစ်သွားခဲ့သည်ဆိုပါစို့. . . ဒါကွာ"

"ဩော်. . . အေးဟေးဟေး. . . နီးစပ်တယ်၊ ဖြစ်နိုင်မယ်ထင်ဆယ်၊ ဟုတ်မယ်. . . ဟုတ်မယ်"

ဒါတောင် နီးစပ်တယ် ဖြစ်နိုင်မယ်နှင့် စမ်းတဝါးဝါး လုပ်နေသေးသည်။

"ကဲ. . . တော်ပါတော့ စာပေလေ့လာသူ စစ်စစ်ကြီးရယ်၊ ဟောဆရာသာ ကြားသွားရင်တော့ တော်တော်လေသွားမယ်"

မျိုးဇော်ကတော့ လုပ်လိုက်ရင် နည်းနည်းလွဲတာမဟုတ်ဘူး အနီးအဆမ်းခံချင်တဲ့ကောင် မဟုတ်ပါ။

အရပ်စကားနဲ့ပြောရင် သဒ္ဓါလံနေတော့တာ။

အဲလိုကောင် (ချေးထုပ်)

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၁၆)

မိုးလေဝသအခြေအနေသည် စကားနည်းတတ်မှန်း ဘာမကြာ
ညာမပြောနှင့် အမှတ်တမဲ့ မိုးရွာချလိုက်မှ သူသိလိုက်ရသည်။

ထက်ကောင်းကင်က ကြည်လင်သာယာနေရက်မှ အမှတ်မထင်
သည်းသည်းမည်းမည်း ရွာချလိုက်သည်။ ညိုမှိုင်းနေသောတိမ်ကို မှောင်ရီ
ဝေစပြုနေသော ညဦးမှာ သတိမထားမိခဲ့။

မိုးရာသီအချိန်အခါမို့ နေရာဒေသမရွေး ရွာသွန်းခွင့်ရှိပါသည်။
နှလုံးသားစစ်စစ်တစ်ခုသည်လည်းပဲ ပေါက်ကွဲချိန် သတ်မှတ်
ပေးထားသောချိန်ကိုက်ပုံးတစ်လုံး မဟုတ်ခဲ့သည့်အတွက် အချိန်အခါနေရာ
ဒေသမရွေး နေ့ကောင်းရက်သာမရွေး ပေါက်ကွဲခွင့် ရှိနိုင်ကောင်းပါလိမ့်
မည်။

အင်အားပြင်းထန်သွားသည်ဆိုသော်လည်း ကြိုတင်ကြံစည်ထား
မှု မရှိသားမှု လုံးဝလုံးဝ မပါရှိခဲ့ဘူးဆိုလျှင် ဒါဟာ ရာဇဝတ်မှုတစ်ခု

ဖြစ်မြောက်လိမ့်မည်မထင်။

ထိုပေါက်ကွဲမှုဖြစ်စဉ်အတွက် စနက်တံကို ခပ်တည်တည်နှင့် မီးစည်ပေးခဲ့သူများမှာ . . .

အချိန်ကာလကို စာမလာ သတင်းကြိုတင် အကြောင်းမကြားပါ ဘဲ ရောက်ရှိလာခဲ့သော မိုးစက်များ။

သူမ ကိုယ်သင်းရနံ့။

အကြိမ်ကြိမ် ပြည့်သိပ်အကျဉ်းချ ထိန်းချုပ်ခံစားရသော နှလုံး သားအတွင်းက အစိုင်အခဲ တစ်စုံတစ်ရာ စသည်. . . စသည်တို့၏ ပူးပေါင်းကြံစည်အရောက်ပို့ပေးမှုကြောင့်သာ . . .

ဘာပဲဖြစ်ဖြစ် လူအတန်ငယ်ကျဲပါးသော ကွန်ကရစ်လမ်းမငယ် ပေါ် လမ်းဘေးမီးတိုင် မှုန်မှိုင်းမှိုင်းကြား စကားလုံးတစ်ချို့ကတော့ ကြဲဖြန့် ဒိတ်စဉ် လွင့်ကျသွားခဲ့ရပါသည်။

မိုးရွာခြင်း မရွာခြင်းကား အဓိကမကျနိုင်ဘူးဆိုလျှင် မိုးရွာပြီးစ နောက်ပိုင်း ဖြစ်ပျက်ခဲ့မှု တစ်ချို့တစ်ဝက်ကတော့ အရေးပါနေပါလိမ့်မည်။

ဒါဟာ အစစ်အမှန်များသာ ဖြစ်ကြောင်း။

အခွေငှားပြီး မိုးက အင်တိုက်အားတိုက်ရွာချနေသဖြင့် ထီးယူ မလာမိခဲ့သော သူ အခွေဆိုင်မိုးခပ်သေးသေးလေးရှေ့မှာ ခေတ္တ ငြိမ် ကုတ်နေရပါသည်။ ဒီအချိန်မှာသာ ထီးဆောင်လာသော တစ်စုံတစ်ယောက် တိုတွေ့ပါက သာမန် ခင်မင်မျက်မှန်းတန်းမိရုံဖြစ်ပါစေ ဆွေမျိုးရင်းချာ တစ်ယောက်အား ခုမှ ပြန်ဆုံတွေ့ရသလို ဖော်ဖော်ရွေရွေနှုတ်ဆက်၍ ထီး ကပ်ဆောင်းရပါလိမ့်မည်။

ကံဆိုးချင်၍ပဲလား၊ ကံကောင်းချင်၍ပဲလား (နောက်တော့ ကံ ကောင်းလွန်သည်ဟု ကျေနပ်စွာ သတ်မှတ်ခဲ့သည်. . .) အယိုးရှိ၍ မှေး တစ်ကောင် ကြောင်တမြီးမှ ပေါ်တော်မမူခဲ့။

ဖိုးလပြည့်စာပေ

အဲ ပေါ်မယ့်ပေါ်တော့ သက်ထားဆိုသော မိန်းမချော။

"ဟိတ်. . . ထီးမပါခဲ့ဘူးမို့လား"

"အင်း. . . မိုးရွာမယ်မထင်လို့"

"ရွာမယ်မထင်လည်း ဆောင်ထားပေါ့။ မိုးတွင်းပဲ"

အရေးထဲ ဆရာမက သြဝါဒပြန်နေသည်။

"ထီးမဆောင်တတ်ပေမယ့် ကပ်ဆောင်းတဲ့စိတ်ကလေးကတော့ အမြဲ သတိဆောင်ထားပါတယ်"

"ခဏစောင့်. . . အခုငှားလိုက်ဦးမယ်"

ဗာခွေငှားပြီး သူမနှင့် ထီးကပ်ဆောင်းခွင့်ရသည်။

သူမနှင့် တစ်မိုးအောက်မှာ အတူတူခိုလှုံခွင့်ရတော့ စုပါမင်းလို့လို့ ဒါမှမဟုတ် တရုတ်သိုင်းကားထဲက စွမ်းအားရှင်ဓားသမားလိုလို လေမှာ ပျံပါးလျက် . . . ။

"ဟိုနေ့က သူ့သီချင်းခွေ အိမ်မှာကျန်ခဲ့တယ်"

ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားရလောက်အောင် ရင်ခုန်နေ ခိုက် သူမအသံက ပျားတစ်ကောင်လို ဗုံ့လွှင့်လာသည်။

"ဘာခွေလဲ"

"Slection တွေကြီးပဲ. . . ရွေးကူးထားတဲ့အခွေလေ"

"ဩော်. . . အဲဒါ တမင်ထားခဲ့တာ၊ သက်ထားအတွက်လေ"

"ဘာကြောင့်လဲ"

"ဒီလိုပေါ့။ သီချင်းနားထောင်ပြီးပြီမဟုတ်လား. . . သက်ထား"

သက်ထားနွယ် ခေါင်းငြိမ့်တာလား ခေါင်းခါတာလားတော့ မသိနိုင်။ စကားကိုတော့ တစ်စုံတစ်ရာမဖွင့်ဟ (ဆိတ်ဆိတ်နေခြင်း ဝန်ခံခြင်းဟု မှတ်ယူလိုက်သည်)

"သက်ထား"

"ဟင်"

"Shop House လမ်းဘက် လမ်းခဏလျှောက်ရအောင်"

"သွားလေ. . . ခဏပဲနော်"

သူမ မငြင်းပါ။

မိုးက စည်းချက်မှန်မှန် ရွာသွန်းလျှက်ပင်။ ခပ်ဝေးဝေးမှ ကားမီးအလင်းတန်းကြောင့် မြေပေါ်ကြွေကျနေသော မိုးစက်ပွင့်လေးများ စိန်ပွင့်လေးတွေလို ပျော်ရွှင်စွာ လက်ထနေသည်။ ဘေးမှကားဖြတ်ကျော် လာသောအခါ ကားဘီးရေစင်မှာစိုး၍ သူမက သူ့ဘက်တိုးကပ်လိုက်တဲ့ အခိုက်အတန့် ရှန်ပူအနံ့သင်းသင်းက ရင်ကို လှုပ်ခတ်သွားစေသည်။

သက်ပြင်းတစ်ခု ချလိုက်မိသည်ထင်၏။

"သက်ထား"

". . ."

"ကဗျာလေးရော ဖတ်ကြည့်သေးလား၊ အဲဒီသီချင်းလေးတွေက တို့ခံစားချက်လေးတွေနဲ့ သိပ်တူလို့ တမင်ရွေးကူးပြီးပေးလိုက်တာ"

စကားလမ်းကြောင်းဦးတည်ချက်က အထင်းသားကြီးရှင်းနေသည်။ ပြီး ရှင်းသွားစေရန် . . .

"သက်ထားကို တို့ အရမ်းချစ်တယ်သိလား"

လူအတော်များများ ကျင့်သုံးခဲ့တဲ့ ရည်းစားစကားပြောနည်းပုံစံ အတိုင်းပါပဲ၊ ဝါကျတည်ဆောက်ပုံ ပြေပြစ်ချင်မှ ပြေပြစ်ပါလိမ့်မည်။ သို့သော် သူ့အတွက်တော့ လှပပါသည်။

"အကြိမ်ကြိမ်ပြောဖို့လွဲချော်ခဲ့တဲ့ အပြောချင်ဆုံး သစ္စာတရားပါ၊ စတွေ့ကတည်းက အရမ်းကိုချစ်နေခဲ့တာ သိလား"

ငုံ့ထားသောခေါင်းလေးကို 70 လောက် နောက်ထပ် ငုံ့ကိုင်း သွားသည်။

ဖိုးလပြည့်စာပေ

"သီသားပဲ"

"ဟင် သက်ထားသီတယ်၊ ဘယ်တုန်းက သိလိုက်တာလဲ"

"သီတာပဲ သီတဲ့အချိန်ကသီတာပေါ့။ ဘာလို့ သိချင်နေတာလဲ၊ မသိခုင်နဲ့"

သူမ ရုက်နေပြီဖြစ်ပါလိမ့်မည်။ ရုက်ပါစေလေ ရုက်သင့်ပါတယ်။ ဒီလိုအချိန်မျိုးဆိုတာ မိန်းကလေးတစ်ယောက် ရုက်လို့အကောင်းဆုံးနဲ့ အထာကိုင်လို့ အမိုက်ဆုံးအချိန်ဖြစ်ပါသည်။

တကယ်တော့ သူမသိနေသည်ဆိုသောအချိန်ဟာ များစွာနောက်ကျပါလိမ့်မည်။ သူမ မသိတဲ့ စတွေ့စဉ်အချိန်ကတည်းက သူချစ်နေခဲ့မိတာပဲ။ ဒါတွေထပ်ပြောနေလျှင် လေရှည်နေမည်စိုးု၍ 'သူမ' သိသည်ဆိုတဲ့အချိန်ကိုပဲ သိလိုက်ပါသည်။

သေးငယ်သော ထီးတစ်ချောင်းအောက်မှ သူ့ကိုယ်တစ်ခြမ်းလုံးစိုရွှဲနေစေသော်လည်း စကားလုံးများက အအေးမမိနိုင်သေး။

"သက်ထား ဒါဆို တစ်ခုခုပြောပါလား"

"တော်ပြီ. . . တော်ပြီ. . . မပြောတော့နဲ့"

သူမ နောက်ကြောင်းပြန်လှည့်လိုက်တော့ ကြည့်နူးမှုခပ်ပါးပါး ဘယ်ချောင်ကပ်သွားမှန်းမသိဘဲ ထိတ်လန့်မှုက နေရာယူသွားပြီး . . .

"သက်ထား"

". . ." (ပြန်မထူး)

"သက်ထား တို့ကို စိတ်ဆိုးသွားပြီလား"

သူမ နှိုးတော်ကီ. . .

"ပြောပါဦး သက်ထား၊ စိတ်ဆိုးသွားပြီလား၊ ကျေးဇူးပြုပြီး ဒီအတိုင်းကြီးတော့ မထားခဲ့ပါနဲ့"

"စိတ်ဆိုးတယ်၊ မဆိုးတယ်ပြောလိုက်ရင် အဖြေပေးသလို ဖြစ်

သွားမှာပေါ့"

"ဘယ်လို ညာလို"

"သွားတော့မယ်၊ ကျန်ခဲ့တော့"

"အယ်"

"ကျန်ခဲ့. . . သွားတော့မယ်"

"တို့ မိုးဦးကျန်မှာပေါ့"

"ခုလည်း စိုနေတာပဲဟာ"

"ဟုတ်တော့လည်းဟုတ်ပါတယ်၊ စိုနေပြီပဲ"

သူမက အဖြေအားလုံးကို ခြေရာဖျောက်ထားရစ်ခဲ့ပါသည်။ သူ့မှာတော့ မတင်မကျအခြေအနေကြီးတစ်ခုကို ထမ်းပိုးရင်း မတ်တပ်ကြီးမေ့သွားခဲ့ရပြီ။

ဒါထက်တော့ပို၍ အခွင့်အရေးမတောင်းဆိုသင့်တော့။ မယူသင့်ဆော့။ သူမကတော့ အထာကို မိန့်မိန့်ကြီး မြိန်ရည်ယှက်ရည် ကိုင်ကာဆော့ကော့ကော့ကော့နှင့် ထွက်ခွာသွားလေပြီ . . .

ဖြစ်ခဲ့ပါတော့လား သက်ထားရယ်
မျက်လုံးဖွင့်ပြီး ရင်ဆိုင်ရမယ်
မနက်ဖြန်တွေမှာ တို့ ပျော်ရမှာလား ငိုရမှာလား. . .
မင်း ဖန်ဆင်းတဲ့ မျှော်လင့်ခြင်းပွင့်လယ်ကျယ်မှာ
ဇနက္က မင်းလို ဇ၀ ကူးခတ်ခဲ့
ငါ့ရဲ့ မေခလာ နတ်မိမယ်လေးရယ်
နှလုံးသားတစ်ခုလုံးသာ
ဖျစ်ညှစ်ဆယ်ယူလိုက်ပါတော့ . . .

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၁၇)

"ဟင်. . . ဟင်. . . ဟင်. . . ဟာ. . . အို"

မျိုးဇော်နှင့်ဝတ္ထု အံ့သြသင့်တာထက် ပိုမိုအံ့သြပြနေကြသည်။ သူ အမြင်ကပ်ကပ်နဲ့. . .

"ဘာဖြစ်တာလဲ၊ မင်းအမေလင်ဖြစ်တာလား"

"အံ့သြလွန်းလို့ပါ၊ မင်း တကယ်ပြောလိုက်တာလား"

"တကယ်ပြောတာပေါ့ကွာ၊ အဲဒါ အခြေအနေ ဘယ်လိုမှန်း မသိလို့ မင်းတို့ကို အကြံဉာဏ်တောင်းတာ"

"ကောင်းတယ်. . . ကောင်းတယ် ပြောလိုက်တာကောင်းတယ် အဲ အခြေအနေကလည်း မဆိုးပါဘူး၊ ဒီအတိုင်းဆို မျှော်လင့်ချက်ရောင် ခြည်သမ်းပါတယ်၊ မိန်းကလေးဆိုတော့လည်း ဒီလောက်တော့ မူမှာပေါ့"

"ဟုတ်. . . ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဆို"

"အေး. . . ဒါဆို အဖြေတောင်းသင့်ပြီလား၊ မင်းတို့ကို အကြံ ဉာဏ်ပေါင်းသာတောင်းရတာ မင်းတို့လည်း ဟုတ်တိပတ်တိ ရည်းစား တောင် လက်ပူအောင်ထားဖူးတဲ့ကောင်တွေ မဟုတ်ပါဘူး"

ဟုတ်တာပြောတော့ နှစ်ကောင်လုံး ငြိမ်နေပေးပါသည်။

"ဘာမှလုပ်မနေနဲ့တော့၊ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ပဲကွာ။ ဆောင်းသာတောင်းကွာ၊ အဖြေကို ပြောတာနော်၊ ခွေးဖြစ်မှတော့ အမည်းနီတိုက်ရမှာ ကြောက်မနေနဲ့ ဟိတ်ကောင်"

ကောင်းလိုက်တဲ့ ဥပမာ။

စိတ်မဆိုးအား။ သူကလည်း ငြင်းရှာပါသေးသည်။

"အေး. . . တောင်းမယ်ကွာ၊ တောင်းမယ်"

သက်ထားနွယ် သင်တန်းရက်မို့ သင်တန်းဆီပဲ ကြုံရန်သွားဆောင့်နေမိသည်။ Class အတွင်းမှထွက်လာသော သက်ထားက အမှတ်ဆောင် သူ့ကိုတွေ့လိုက်ရတော့ မျက်နှာလေးက ပုဖွန်ဆီရောင် အာရုံဦးနဲ့ . . .

"ဆွဲခြင်းပေးလေ သက်ထား"

အားနာပါးနာနှင့် ဆွဲခြင်းကမ်းပေးရင်း လမ်းကို မှန်မှန်လျှောက်သည်။ သူမက ဖြူးဝေပိုင် တစ်စုံဝစ်ခုပြောလိုက်မှာကို စိုးရိမ်နေသလို ဆူကလည်း ဘယ်ကနေ စကားအစချီရမယ်မှန်း အကြံဉာဏ်ကောင်းများ ဆုံးဆိုင်းနေမိသည်။

လိုင်းကားပေါ်မှာ နှစ်ယောက် အတူစီးနေကြတဲ့ အချိန်အထိ ဆစ်စုံတစ်ရာ စကားစ ခြေရာခံ မရရှိသေးပါ။

မှတ်တိုင်ရောက်လို့ အိမ်ဘက်ဆီလမ်းလျှောက်လာတော့ အားနာနှင့်ပင် . . .

"သက်ထား. . . ငို"

လည်ချောင်းခွံ အပူငွေ့ရိုက်ပိတ်ဆို့နေသော လေအဆိုင်အခဲတစ်စာ စကားလုံးများအား နှောင့်နှေးသွားရအောင်ခုခံပြီး လိမ်ဆင်သွားသည်

"သက်ထား"

ဒုတိယမို့ နှစ်ကြိမ်မြောက်ထပ်ခေါ်လိုက်သည်။

ဖိုးလပြည့်စာပေ

"ဘာလဲ အဖြေတောင်းမလို့မို့လား"

ဟာ. . . သက်ထားသိနေပြန်ပြီ၊ တော်လိုက်တာ၊ ဟုတ်ပါတယ်၊ ဟုတ်တယ်. . . အဟေး"

မျက်နှာချိုသွေးကာ မြောက်လုံးလေးနှင့် ပင့်လိုက်ပါသေးသည်။

"ဒါဆို စဉ်းစားလို့ပြီးသွားပြီပေါ့နော်"

"မပြီးသေးဘူး"

"အမ်. . . မပြီးသေးဘူးလား"

"ဟုတ်တယ်. . . ခုမှ စဉ်းစားမှာ"

"ခုမှ စဉ်းစားမှာ၊ ဟာ. . . ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"တို့က သက်ထားစဉ်းစားပြီးပြီမှတ်လို့၊ မထူးတော့ပါဘူး၊ ခု စဉ်းစားပြီးပြီမဟုတ်လား၊ ခုပဲ စဉ်းစားပြီး အဖြေပေးလိုက်တော့"

"မပေးပါဘူး၊ ဘာလို့ပေးရမှာလဲ"

"ဟာ. . . သက်ထားကလဲ"

"သက်ထားမလဲနဲ့၊ ခု မပေးသေးဘူး"

"ဘာ. . . ဘာဖြစ်လို့လဲ"

"ဝါတွင်းကြီးမို့"

"ဘာဆိုင်လို့လဲ"

"ဆိုင်မဆိုင်မသိဘူး၊ ဝါတွင်းကြီး အဖြေမပေးကောင်းဘူး"

"ဒုက္ခသစ္စာပဲ"

စိတ်ညစ်ညစ်နှင့် ပါးစပ်ထဲတွေ့ရာ အာမေဋိတ်ဖြင့် ညည်းတွား နေသည်။

"ဝါတွင်းကြီး မင်္ဂလာမဆောင်ကောင်းဘူးလို့တော့ ကြားဖူးဝါ တယ်။ အဖြေမပေးရတာတော့ ကြားကိုမကြားဖူးတာ၊ သူလုပ်ကာမှ သင်း ရည်းစားတောင် မဖြစ်ရတော့ပါလား၊ ဒါဆို ဘယ်တော့ပေးမှာလဲ"

"ဝါကျွတ်မှ"

"ဝါကျွတ်မှ. . . ကြော်. . . တစ်ခါတည်းဖိုးရာပါ လိုက်တော့မယ် လို့"

"စကားကို လျှောက်မပြောနဲ့၊ ဝါကျွတ်အောင်စောင့်၊ အဲဒီလောက် တော့စဉ်းစားဦးမှာပေါ့"

"ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်. . . ဟာ အဝေးကြီးလို သေးပါလား၊ အင်းပေါ့လေ၊ အတိတ်ကပြုပြုခဲ့ပြီးသမျှ အကြောင်းတရား ဝဲပေါ့၊ ကိုယ်က ချစ်ရသူကောင်းကောင်းမွန်စင်စစ် ဖြစ်ရသူဆိုတော့လည်း စောင့် မျှော်တမ်းတလိုက်ဦးပေါ့"

သက်ထားနွယ်၏ရယ်ချင်စိတ်ကို ထိန်းချုပ်ထားဟန်ရှိသော နှုတ်ခမ်းတောင့် တာ ကြည့်နူးရိုပ် အပြုံးပါးပါးလေးကြောင့် သူ နေသာထိုင်သာရှိရပါသည်။

"ဒါဆို ဒီဝါတွင်းသုံးလ ဘယ်လိုနေရမှာလဲ"

"ဘာကိုလဲ"

"ခုလို လာကြိုတာတို့ စကားပြောတာတို့ပေါ့"

"ဒါလား သူငယ်ချင်းတွေလိုပဲပေါ့၊ ကြိုတာမကြိုတာတော့ သူ့ သဘောပဲလေ၊ ဒါပေမဲ့ အဖြေတော်ပြီး မကြာခဏမတောင်းရဘူး၊ ရည်းစား စကားထပ်မပြောရဘူး"

"စည်းကမ်းက ကြီးမားလှပါလား၊ အဲဒါတွေ မတော်တဆ အားပါးပြီးလုပ်မိရင်. . ."

"အားပါပါ မပါဖါ လုပ်မိရင်တော့ သက်တမ်းထပ်တိုးလို့ ဆိုမှမယ်၊ အဲ. . . ရည်းစားစကားထပ်ပြောရင်တော့ ရက်အကန့်အသတ် ရှိပဲ တကယ်ပြောတာ၊ အဲလိုမျိုးကြီးပြောတာ နားရွက်တယ်. . . တာကယ်"

"ရက်စက်လှချည်လား၊ ကဲပါလေ ရှိပါစေတော့ တို့ဘဏ္ဍာ သူ့ သက်ထဲရောက်နေမှတော့ သူပြုသမျှ. နုရမယ့်ဘဝပဲဟဲ့ တာပြင်ခွင့် ဆုတဲ့အတွက်တော့ ကျေးဇူးမမေ့ပါဘူး"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၁၈)

"မင်းကျော်က ဟိုမရောက်ဒီမရောက်ကြီးပါလား၊ ငိုရမလိုရယ်ရ
မလို"

"ဒေးကွာ၊ မင်းဟာမလေးကလည်း အဖြေပေးစရာရှိလည်း ပေး
လိုက်၊ မပေးချင်သေးရင်လည်း စဉ်းစားမယ်ဆိုရင် ရိုးရိုးတံနှံးတန်း ကြည့်
ကောင်းအောင် စဉ်းစားမယ်၊ တစ်ခုခုပြောပေါ့ကွာ၊ ခုဟာက ဝါတွင်းနဲ့
ကိုင်ပေါက်တယ်၊ ဘာမှသိပ်မဆိုင်သလိုပဲ၊ ဖြူးဝေဝိုင် မင်းထက်တောင်
ဆိုးနေပါလားကွာ"

"ဟုတ်ပါကွာ၊ ငါလည်း တိုင်ပတ်နေပြီ၊ သူပြောပုံကလည်း ဟုတ်
ရမလိုမဟုတ်ရမလို၊ ထပ်တွန်းပြန်ရင်လည်း ရက်စွဲတွေ လစ်မစ်ထပ်ထိုး
ဦးမယ်၊ ငါ သူ့နောက်သာလိုက်နေရတယ်၊ ရည်းစားစကား ယောင်လို့
တောင်မပြောရဲဘူး၊ ဒုက္ခသစ္စာပဲ တကယ်. . . တကယ်"

"ဟား ဟား ဟား ဟား ချည်ပြီးတုတ်ပြီးဆိုတာပေါ့၊ ဒီတစ်
တော့ ခံလိုက်ပေဦးတော့ ဘုရား ဒါယကာကြီးရေ၊ ပုတီးများများစိတ်ပေး
ဟုတ်လည်းဟုတ်ပါသည်။ ဖြူးဝေဝိုင် အမှန်အကန် သောကရွ
နေရပါသည်။ တစ်ခါတရံ သက်ထားနွယ် ဥပသိစောင့်သည့်အခါ ရောရော

ယောင်ယောင်နှင့် သူပါ လိုက်စောင့်ရတော့မလိုလို။

ရည်းစားစကားပြောရလည်း အခက်။ ဝါမြန်မြန်ကျတ်ပါစေ ဆုတောင်းပြန်လျှင်လည်း ဘေးအမြင်မှာ အဓိဋ္ဌာန်ဝင်ထားသလိုလို သက်နှီးစီးထားသလိုလို ထင်စရာ ငံရဲတော့ကြီးချင်ကြီးနိုင်တယ်။

ဘာပဲပြောပြော ဝါတွင်းရက်ကလေးများကိုတော့ လက်ဦးရင်းအောင့်အီးစောင့်မျှော်နေရရှာသည်။ ဟိုသီချင်းထဲကလို လက်ဆစ်ကလေးဆွဲတောင် နာလှရောပေါ့။

"ဖြူးဝေပိုင်ကြီးတစ်ကောင်တော့ အထိနာနေပြီ၊ လည်ကိုစင်းလို့"

"ဟ. . . ဘယ်ကောင်ချောင်းရိုက်သွားလို့လဲ"

"မင်းကလည်း ပြောရော့မယ်၊ ဟတ်(ထ်)ထိနေတာကိုပြောတာ"

"Boss နဲ့ ရေးလို့ဖြစ်မှာပေါ့"

မျိုးဇော်က ဝတ္ထွာကို မကျေနပ်သလို သွယ်ဝိုက်ကြည့်ရင်း . . .

"နည်းနည်းပါးပါး အားပေးစကားလေးဘာလေး သွားပြောလိုက်ဦးလေကွာ၊ ဘော်ဒါချင်း မင်းကလဲ"

"မင်းကမလဲနဲ့၊ ပြောပြီးပြီဆရာ၊ အဖြေက မရမှာလည်း မဟုတ်သူ့ ဝါတွင်းလေးကွာ၊ သုံးလတည်း၊ ဝါကျွတ်အောင်စောင့်ဆိုပြီး ရက်ရှိန်းအတိအကျပေးထားတာတောင် ကွေးသောလက်မကောက်မိ ကောက်သောလက် မကွေးမိ"

"ကွေးသောလက်မဖြောင့်မိ၊ ဖြောင့်သောလက် မကွေးမိပါကွာ"

"အေး. . . မင်းပြောသလို အတွာမပြုခင် လူ့သက်တမ်းဆိုတာ ဘယ်လို့ရတာမဟုတ်ဘူးဆိုပြီး ဒီကောင် မစောင့်နိုင်ဘူးဖြစ်နေတာ ငါ သွားပြောတော့ မင်းတို့ မခံစားသေးဘူးလို့ပါ၊ ဘာညာအီစိကယ်နဲ့ ချော်ခီးတောင်မှားတယ်"

ဝတ္ထွာက စိတ်မသက်သာသလို မှတ်ဆိတ်ကကြိုကတဲ့ကို နှိပ်ရင်း ဆပ်ပြာတိုက်ရင်း မဲ့ရွဲ့ပြုံးနေလိုက်သည်။

"ဒါကတော့ သူကို အပြစ်မမြင်နဲ့လေကွာ ကုတ်ခြင်းတည်း

တုတ်မှာပေါ့၊ သူပြောသလို တကယ်လည်း တို့မှ မခံစားဘူးလေတော့ ဘယ်ကိုယ်ချင်းစာနိုင်မလဲ"

"အေး. . . သူ့ကို တရားချဖို့ တို့တောင် အတွဲတွေဘာတွေ ထားဘူးပေးရမလိုဖြစ်နေပြီ"

မျိုးဇော်က ကြေကွဲရိပ်မျက်ဝန်းဖြင့် မလေးရှားပိတောက်ပွင့်ကြွေတာကို နှမျောသလိုကြည့်ရင်း . . .

"ဒီကိစ္စတွေက အခြေအနေ အချိန်ကာလ တစ်ခုပေါ်မှာ ဖြစ်တည်သွားပါလိမ့်မယ်ကွာ၊ အချိန်မကျသေးလို့ပါ"

"အေးကွာ တို့များဘဝတွေကလည်း အချိန်က ကျပဲမကျနိုင်သေးဘူး"

ဝဏ္ဏ၏ အားမလိုအားမရ မှတ်ချက်က အသက်ပါသည်။

"ရှာဖွေရတဲ့အချစ်သည် ကောင်း၏။ သို့သော် မရှာဖွေရတဲ့ အချစ်သည် ပို၍ကောင်း၏တဲ့"

"အချစ်ဆိုတာ ရှာဖွေတူးဆွရှအောင် နစ်မြှုပ်နေတဲ့ ရတနာပစ္စည်းလား၊ ဒါမှမဟုတ် ပျောက်ဆုံးနေတဲ့ ကိုယ့်ပိုက်ဆံလား"

"ရာသီဥတုအပူအအေးနဲ့ ကိုက်ညီထိတွေ့မှ ဖူးပွင့်တတ်တဲ့ ရာသီအလိုက် ပန်းဖြစ်မယ်ထင်တယ်"

ဗီသိုဗင်၏ အလွမ်းနယ်ပယ်

ငါဟာ ဂီတများစွာ မြတ်နိုးတန်ဘိုးထားဆဲ. . .
ငါဟာ ဂီတများစွာ သီကျူးဖွဲ့ခဲ့. . .
ငါရဲ့ ဂီတများစွာ ငါအတွက်မဟုတ်ခဲ့. . .
ငါ မြတ်နိုးတန်ဖိုးထား သီဖွဲ့ခဲ့သော ဂီတများစွာအား. . .
အခြားသော ခံစားတတ်သည့် နှလုံးသားတစ်ခုခုဆီသို့
ရည်ရွယ်ခဲ့ပါကြောင်း (၂၆)နှစ်တာကာလမှ ဆွံ့အ
ပျက်ဆီးသွားခဲ့သည့် ငါနားတစ်စုံမှ သက်သေခံပါလိမ့်မည်. . .

ဖိုးလပြည့်စာပေ

အခန်း (၁၉)

"မိုးလေကွင်းလွတ်သီတင်းကျွတ်" ဟု စာချိုးရှိသော လမြတ်ကလေးတစ်ခုမှ ပြန်လည် စတင်လိုက်ပါရစေ. . . ။

မိုးလေကင်းလွတ်သီတင်းကျွတ်ဟု ရှိသော လမြတ်ကလေးတစ်ခုဖြစ်သည်။

မိုးမရွာသော်လည်း လေကတော့ မကင်းလွတ်။ တစ်ချက်တစ်ချက် လေညှင်းတပျော်တပါး ပြေးဝင်တိုက်ခတ်လေသည်။ အနည်းငယ်အေးစပြုလာသည်နှင့်တပြိုင်နက် အနွေးထည်ဝတ်ရန် ချောင်းခမြောင်းအားခဲထားသော Rapper လူငယ်တချို့က အနွေးထည်နှင့် လုံလုံခြုံခြုံ ဆိုင်မလိုင် ထုတ်ကောင်းနေကြသည်။

စိန်ပန်းလမ်းမဘေးတလျှောက် ကာလာစုံမီးလုံးငယ်များ (နှစ်စဉ်အစီအစဉ်များအတွင်း) ထွန်းညှိအလှဆင်၍ ထားသည်။ ဖြိုးဝေပိုင်ကမီးလုံးငယ် စိမ်း ပြာ နီ ဖြူ ဝါများကို (အထူးတလည် မထိုအပ်သော်

လည်း) အရောင်ကာလာ အစီအစဉ်တကျဖြစ်အောင် ပြောင်းလဲတပ်ဆင်ရင်း . . .

"ဒီနေ့. . . ဒါအဖြေရမယ့်နေ့ပါလား"

လှိုက်ခနဲ ရင်ခုန်ကြည်နူးရခြင်းနှင့်အတူ အတွေးကြောင့် ပြီးမိသည်။ သုံးလကျော်ကာလကြာအောင် စောင့်မျှော်တိုက်ခိုက်ခဲ့ရသော တိုက်ပွဲတစ်ခု၏ပဏာမအဆင့်ကတော့ ပြီးမြောက်ခဲ့ပြီ။

ကဲ ဘယ်လိုလဲ ကြင်နာသူ။ မင်းအပိုင်းအလှည့်ကျပြီ ဟီဟီ။

မီးလုံးလေးများကို ပြောင်းရင်းပြောင်းရင်း သက်ထားနွယ်တို့ အိမ်ဘက်သို့ မယောင်မယည် ဦးကည်ရောက်ရှိခိုက် . . .

ချိတ်ထမီနီညိုရောင် ဝမ်းဆက်ကလေးနှင့် ဆံပင်လေးများအား နောက်ဘက်သို့စုစည်း၍ ကြိုးမိုက်မိုက်တစ်ခုနှင့် စည်းနှောင်ထားသော သူမ(ဆံပင်အနည်းငယ်ကို ရှေ့ဘက်မှာ လှလှပပ ချထားပါသေးသည်)

မိတ်ကပ်ပါးပါးနှင့် နှုတ်ခမ်းဆိုးဆေးပျော့ပျော့ကို ဆိုးနေရုံဆိုးထား၍ မဆန်းပြားသော်လည်း ခမ်းနားစွာ လှပနေသောအနေအထား။

ကျန်တန်ဆာဆင်ယင်မှုများကို မဝေခွဲတတ်နိုင်သေးခင် ထိုမျှလောက်သာ အသိတရားခန့်မှာပင် သူ့ရင်ခုန်မှုအလုံးစုံ မေ့ဆေးအပေးခံလိုက်ရပြီ။ ပိုစိုးပက်စက် ယဉ်ကျေးလှပစွာ သိမ်မွေ့နက်နဲသော သူမ၏ဒီဇိုင်း။

တို့ကို အဖြေပေးဖို့အတွက်တော့ ပြင်ဆင်မှုအထူးတလည်ဟာ အဓိကမကျ မလိုအပ်လှပါဘူးချစ်သူ။ အရေးကြီးတာ မင်းဆီကအချစ်တွေ အဓိပ္ပာယ်သက်ဝင်နေတဲ့ စကားတွေနဲ့ တို့ရဲ့အနာဂတ်တွေကို အသက်သွင်းရှင်သန်ထမြောက်စေနိုင်ဖို့သာပါ။

မင်းနှုတ်ခမ်းက ဖွင့်ဟခြွေချမယ့် စကားလုံးအနည်းငယ်နဲ့တင် ဟောဒီလောကကြီးကို ရွှေရည်စိမ်ပစ်လို့ ရနိုင်စွမ်းပါတယ်။

ဖိုးလပြည့်စာပေ

သူမထံမှ ရှက်ပြုံးတချို့တစ်ဝက်ကို သေသေချာချာရမိလိုက်တဲ့ အခိုက်အတန့်. . .

"ဘုရားသွားကြမလို့"

မျှော်လင့်ထားမိသမျှနှင့်ဆန့်ကျင်သော အဓိပ္ပာယ်က မှားယွင်းစွာ သက်ရောက်လာသည်။ တစ်ချိန်တည်းမှာပင် ရှပ်အင်္ကျီဖြူ ပုဆိုးတွေ ဘာတွေနဲ့ အပြတ်ယဉ်ကျေးနေသော ဥက္ကာလင်းတစ်ကောင်လည်း ရောက်ရှိလာသည်။

"ဟာ. . . ကိုဖြိုးကြီး ဘယ်မှမသွားဘူးလား၊ ကျွန်တော်တို့ ဆောင် ဘုရားသွားကြမလို့"

"မင်းတို့နဲ့ဆို ငါလည်းလိုက်ချင်တာပေါ့ ယောက်ဖရာ" ဟူသော ရင်ထဲကစကားအစား . . .

"ဟေအေး. . . ဘယ်မှမသွားပါဘူးကွာ၊ မင်းတို့နှစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး၊ ဖေဖေနဲ့မေမေလည်းပါတယ်၊ ဘုရားပူဇော်ဖို့ ပစ္စည်းတွေဝယ်ရင်း စောင့်နေကြတယ်"

ဒါက မိသက်ထား ပြောလိုက်တာပါ။

ဟန်ဆောင်ထားနိုင်ခြင်းစွမ်းအင် ကင်းမဲ့စွာ သူ့မျက်နှာ အချိုးအစား ပျက်ယွင်းသွားပါလိမ့်မည်။ ဥက္ကလင်းကတာ့ အမှုမဲ့အမှတ်မဲ့ သူ့ ဆိုင်လ် သူပြန်ရှိးရင်း အင်္ကျီလက်ကို အသပ်ရပ်ဆုံးဖြစ်အောင် ခေါက်နေသည်။

သူမကတော့ ကောင်းကောင်းကြီး သထိထားမိဟန်တူပါသည်။

ဒီနေ့က ငါ့ဘဝအတွက် အရေးကြီးတဲ့နေ့တစ်နေ့ဖြစ်အောင် ထွန်ခဲ့တဲ့သုံးလလောက်က မင်းစီရင်ထားခဲ့တယ်ဆိုတာ ပေါ့ပေါ့ဆဆ မေ့ မထားသင့်ပါဘူး နတ်သမီးရယ်။

ဖိုးလပြည့်စာပေ

"မီးတွေထွန်းထားတာ အရမ်းလှတာပဲ၊ မနက်ဖြန်အထိ ထွန်းဦး မလားမသိဘူးနော်"

"ထွန်းမှာပေါ့"

ခုအချိန်မှာ ဒီစကားအရေးသိပ်မကြီးမှန်း သူမ သိရဲ့သားနဲ့။ ဟန်ဆောင်မှုအတတ်ပညာကင်းမဲ့၍ သူမစကားသံ တုန်ခါမှု မမှန်မကန်။

"ဒီအချိန်ထိပေါ့နော်"

"ဟုတ်တယ်၊ တစ်ညလုံးထွန်းမှာ မိုးလင်းတဲ့အထိထွန်းမှာ"

ဒေါသရိပ်နည်းနည်းပါသွားသလိုရှိသည်။ (လျှော့ စိတ်ကိုလျှော့)

"ဒါဆို မနက်ဖြန်ညကျတော့မှပဲ မီးတွေ လျှော့ကြည့်တော့မယ်"

သူမစကားနှင့် အသွင်အပြင်မှာ အဓိပ္ပါယ်သီးခြား ပျော်ဝင်သက်ရောက်နေသလို ထင်မိသည်။ ဘာကိုဆိုလိုချင်နေတာလဲ။ သူနားမလည် ပြူးကြောင်ကြောင်ကြီး ငေးကြည့်မိနေဆဲ နောက်ဆုံး သတိထားဝံ့စကားလေးတစ်ခွန်းက . . .

"သွားတော့မယ်နော်"

နှုတ်ဆက်စကားက ရင်ဝကို အရှိန်ပြင်းပြင်း ဆောင့်အကန်ခံလိုက်ရသလို မျှော်လင့်ခြင်းအံ့ချို့ ပိုးလိုးပက်လက် ပြုတ်ကျသွားစေခဲ့သည်။ ခေါင်းညိတ်ပြခဲ့မိလား အမှတ်တမဲ့ဖြစ်သွားရအောင် အမှတ်တရ နှင်နေရ ပြီ။

နောက်ဆက်တွဲ သူမစကားထဲမှာ သူ့အတွက် လက်ဆောင်တစ်ခု ပါဝင်နေခဲ့တယ်ဆိုတာ ဟုတ်ရဲ့လားလို့ ငြိန်မေးနေစံရာမလိုတော့အောင် သေချာခဲ့ရသည်။

"မနက်ဖြန် ဒီအချိန်(၇)နာရီလောက် စောင့်နေတဲ့"

သူမ နောက်လှည့်ပြီး မသိမသာ လက်ဟန်ဖြင့် ပြောသွားခဲ့သောကြောင့် ဖြစ်ပါသည်။ (စောင့်စားရတဲ့အချိန်တွေကို ပင်ပန်းတရွတ်ဘိုက် ငါဖြတ်သန်းနေခဲ့ရတယ်ဆိုတာ မင်း ဝင်ခံစားစေချင်တယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ ဆုံးဖြတ်ခွင့်က ငါ့လက်ထဲမှာမှမရှိတာ၊ စောင့်စားလိုက်ရရုံပဲပေါ့)

"စစ်ကိုင်းလမ်း" တေးသွားထဲကလို

ခုညတော့ အိပ်နိုင်မယ်မထင်ဘူး. . .

(အကြိမ်ကြိမ် တမ်းတမျှော်လင့်ခဲ့ရသော

အဖြေ = ?)

"ဟိတ်ကောင်. . . ဘယ်လိုလဲ၊ အခြေအနေ"

မျိုးဇော်နှင့်ဝဏ္ဏကို ဘယ်လိုပြောရမယ်မှန်းမသိသည်နှင့် မျိုသွားဖြဲလိုက်ရသည်။

"မမိုက်ပါဘူးကွာ"

"ငြင်းလိုက်ပြီပေါ့၊ ဟုတ်ပါ့မလားကွာ၊ သူ့အခြေအနေက အဲဒီလောက် ယတိပြတ်ကြီးငြင်းရလောက်အောင် မစိမ်းပါဘူးကွ၊ 75%လောက် ယိမ်းနေတဲ့ဟာ"

"ငြင်းတော့မငြင်းပါဘူး၊ ဒါပေမဲ့ ဘာမှ သေချာပြောမသွားခဲ့ဘူး"

"ဘယ်လိုကြီးတုန်းကွ"

"ဟာ. . . ဒါဆို ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းလုပ်သွားတာ နေမှာပေါ့ကွ၊ အဲဒါ အခြေအနေကောင်းတာပေါ့"

အဖြစ်မှန်အကြောင်းစုံနှင့်ပေးနေသော ထိုနှစ်ကောင်ကို ဖွင့်မပြောင်းပြလိုက်တော့မှ . . .

"ဟာ ဟတ်ကော့ဒ်ကြီးကွာ၊ ဒါပေမဲ့ မနက်ဖြန်ချိန်းခဲ့တာပဲ

ဖိုးလပြည့်စာပေ

ကွာ၊ အံဆက်ကြိတ်လိုက်ပေါ့။ မင်းလည်း သုံးလလောက်တောင် စောင့်ခဲ့ပြီးပြီ ပဲ၊ တစ်ရက်နဲ့တော့ ပိုပြီးကြကွဲမနေပါနဲ့တော့၊ သန်းခေါင်ထက် ညည်မနက်ဆိုတာလိုပေါ့ကွာ"

"အေးပါကွာ၊ ဟုတ်ပါတယ်၊ ငါလည်း တွေးမိပါတယ်၊ ဒါပေမဲ့ ကွာ ငါ့အတွက် အချိန်တွေပိုကြာသလိုပဲ၊ ပြီးတော့ ငါ သေးငယ်သွား သလိုမျိုး ခံစားရတယ်"

ဖြိုးဝေပိုင်မျက်ဝန်းများ အဝေးဆီသို့ ငေးသွား၍ သက်ပြင်းတစ် ခုကို မသက်မသာ လွှတ်ချလိုက်တော့ အပူလိုင်းက ဘေးလူကိုတောင် ကူးစက်စေအောင် အင်အားဖြည့်သည်။

"အရာရာဟာ ပေါ့သေးတဆ ခံစားမှုလေးတွေမဟုတ်ဘူး၊ ငါ့ နှလုံးသား၊ ငါ့ချစ်ခြင်းတရား၊ ငါ့စံကားတွေ လူရာဝင်သင့်ပါတယ်၊ လူသား တစ်ယောက်ရဲ့ မျှော်လင့်ချက်ကြီးတစ်ခုကို မတော်တဆဆိုတဲ့ အခြေအနေ တွေနဲ့ ခဏလေးဆိုပြီး ရပ်တန့်ထားလို့မရဘူး"

မျိုးဇော်က ကိုယ်ချင်းစာစွာ နှစ်သိမ့်စကားဆိုသည်။

"ဒါတော့ဒါပေါ့ကွာ၊ တို့တွေ စိတ်ကြိုက်ဆုံးဖြတ်လို့မရနိုင်တဲ့ ကိစ္စဆိုတော့ မတတ်နိုင်ဘူးလေ၊ ဒီအကိုင်းပဲ စီးသင်းကြရုံပေါ့"

"လာကွာ၊ ဒီညတစ်ညလုံး တို့တွေ ဂီတာတီးကြရအောင်"

"ဟုတ်တယ်၊ မင်းရဲ့အဖြေတစ်ခုနားက မျှော်လင့်ခြင်းနာရီတွေ ကို တို့သူငယ်ချင်းတွေ အဖော်လုပ်ပြီး အတူဖြတ်သန်းကြတာပေါ့"

"Thank You"

"အိုကေ . . . ထ"

ဒီလိုနဲ့ . . . ထိုည . . .

တေးတစ်ပုဒ်ကို ပြင်းပြင်းရှရှဆိုညည်းမိတော့ . . .

အထီးကျန်ခြင်း ကမ်းနဘေးမှာ စွန့်ပစ်ထားတဲ့ အလွမ်းတေးတစ်

ဖိုးလပြည့်စာပေ

ဇော်...ငါ...ပါ...မင်းအဝေးမှာ...အလွမ်းဝေနဲ့...ဝေဒနာမီးများ
ကြိုးသတ်သွားဖို့ရာ...

မင်းနှလုံးသားက စကားတစ်ခုသာ...မင်းနှုတ်ဖျားက ပြောခဲ့
ဦး...ငါ့အတွက် မင်းရဲ့အဆုံးသတ် အဖြေတစ်ခုပါ...

(မင်းနှုတ်ဖျားက ပြောခဲ့ပါ
ငါ့အတွက် မင်းရဲ့... အဆုံးသတ်အဖြေတစ်ခုပဲပေါ့...
ချစ်သူ...
အဖြေလေး တစ်ခုတည်းရယ်ပါပဲ...
ဒါထက်ပိုပြီး မတောင်းဆိုခဲ့ပါဘူး...
ဒီတစ်ခုတည်းပဲ...)

www.burmeseclassic.com

အခန်း (၂၀)

ပြီးပျော်ကြည်နူးနေသော သဘာဝညချမ်းရိပျိုးမှာ သောကတွေ ရင်ဝယ်ဝိုက် ဖျိုင်းဖိုင်ဖိုင်နေသူ တစ်ယောက်ကတော့ ဘယ်သူရှိနိုင်ပါ့မလဲ (ဟိုကောင်)

ကဲ. . . ဘယ်လိုလာဦးမလဲ မိန်းမလှကျွန်းသူရေ။ မင်း ဘာများ ပြောလိမ့်မလဲ။ နှုတ်ဆားတံခါးကို ဖွင့်ဖို့. ဘယ်လိုစကားလုံးနဲ့. မင်း သုံးမှန်းမှာလဲ။ ရွှေဖော့ရိုးနဲ့. ဆုံးမရမယ့်နေရာမှာ နှစ်တစ်လက်မနဲ့တော့ သေအောင်မနှက်ပါနဲ့။ အပ်နဲ့ထွင်ရမယ့်ဇော်ရာကို လွှဲနဲ့ဖြတ်။ သေလောက် အောင် မနှိပ်စက်ပါနဲ့တော့။

အချိန်များ တရွေ့ရွေ့နီးကပ်လို့လာခဲ့ပြီ။

အစပိုင်းတော့ အားလုံးအားလုံး ဒေးဆေးပင်။ ထိုအခိုက်အတန့် မဒေးဆေးသော မပေါ်မပါး လေးထူကိစ္စက ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိလာသည်။

ဖိုးလပြည့်စာပေ

ခန္ဓာကိုယ်အတွက် မလိုအပ်တော့သည့် အဟာရပစ္စည်းများကို ဖြန့်ကျဲတော့ရန် အောက်ဘက်သို့ ဖြည်းဖြည်းချင်း ဆင်းသက်လာကြသည်။

"ဝိုး...ဝိုး...အု...အီး"

ဒါမှ တကယ့်ကိုငိုပဲ။ ဓာတ်ကြီးလေးပါးထဲက အဓိကပါဝင်နေသည့် ပထဝီဓာတ်ကြီးက အစာဟောင်းဝန်ထုပ်ဝန်ပိုးကြီးကို ဆက်လက်ဆီးသိမ်းထားနိုင်စွမ်းကုန်ခမ်းနေ၍ ထွက်ပေါက်နားဆီမှာ ဒေါသတကြီး ဩသံပေး တံခါးခေါက်နေပြီ။ ခုအချိန်မှ သွားရှင်းနေလျှင် လွဲမှာအခက်။ ဆိုးကြောင့် ယောကျ်ားဆိုမာန်ကိုဝင့်လိုက်တော့ ဘာမှမဆိုင်။

"အား မလုပ်နဲ့...မလုပ်နဲ့ ခဏောင့်"

အချည်းအနှီးပင် အဆိုင်အခဲက ထုထည်အားကောင်းလာချေပြီ။

ထိုစဉ် နတ်သမီးတစ်ပါးက ကူးခြေအပြည့်ဖြင့် ခြေလှမ်းတွေကို ဆွတ်ရင်း တဖြည်းဖြည်း လျှောက်လှမ်းလို့လာသည်။

ဆေနာအပေါင်းကို ခေတ္တမေ့လျော့ပေါ်ဆသွားစေနိုင်ခဲ့ပါသည်။ သို့သော် ဆာမှ ခဏလေးသာ။

"စောင့်နေတာကြာပြီလား။ မနေ့က အိမ်က ဘုရားသွားမယ်ဆို နဲ့ ကတိပျက်သလိုဖြစ်သွားတယ်"

စီကာပတ်ကုံးနေရမယ့်အခြေအနေ မဟုတ်သဖြင့်...

"အဟေး ရပါတယ်၊ အား ခုပေးမယ်ဗို့လား။ မြန်မြန်ပေးတော့ မရတော့လို့"

"ဘာမရတော့တာလဲ၊ မျက်နှာက ဘယ်လိုဖြစ်နေတာလဲ"

ဟန်ဆောင်နေရသူတစ်ယောက်ရဲ့ ရင်တွင်းခံစားချက်ကို သူ့ဆီသဖြင့် မေးခွန်းတွေ ထုတ်နေသေးသည်။

"ဘာ...ဘာမှမဖြစ်ဘူး၊ ပေး...ပေး...မြန်မြန်ပေး [illegible] ဆုံး အမြန်ဆုံး အာ့စ်"

ဖိုးလပြည့်စာပေ

"ဘာလို့ဖြစ်နေတာလဲဆို. . . မျက်နှာက. . . "

"အား. . . နေတာတ်သလိုနေတာ မမေးနဲ့. . . မမေးနဲ့"

မျက်လုံးများပင် ပြာဝေသလိုရှိလာပြီ၊ ပြောလိုက်ဖို့ကလည်း ခပ်ခက်ခက်။ လူပျိုဆိုတော့လည်း ကိုယ်ချစ်တဲ့ကောင်မလေးရှေ့မှာဆို တော့. . . ။

သက်ထားနွယ်ကတော့ တမင်အခွက်ပြောင်တယ်ထင်ပြီး တင်းပြုလာသည်။

"ဘာဖြစ်နေတာလဲ ပြော၊ မပြောရင်. . . "

ကို့ငှက်မှတကယ့်ကို့ငှက်၊ မထူးတော့ပြီဗို့. . .

"ဟိုလေ. . . ကိစ္စက ထိပ်ဝရောက်နေလို့"

"ဘာ"

အထာမပေါက်သေးသော သူမက ပြန်အော်သည်။ ဟုတ်လည်း ဟုတ်သည်။ စကားကြီးက တလွဲထင်စရာ။

အံကိုတင်းတင်းကြိတ် လက်သီးကို အကျစ်ဆုံးဆုပ်ကိုင်လိုက်တော့ သက်သာသလိုထင်ရပေမယ့် တကယ်တမ်းကျတော့ ပိုမိုညှစ်အားပေးလိုက်သလို ဂိတ်ပေါက်ဝသို့ အတင်းဒုန်းဆိုင်းတိုးဝင်ပါတော့သည်။ ထိုအချိန်၌ ကိုးလလွယ်ဆယ်လဖွားဆိုသော ဆိုစကားနှင့် ကိုယ်ဝန်ဆောင် အန်တိကြီးတစ်ယောက်ကို အာရုံထဲမြင်မိသည်။ ဘာဆိုင်လဲတော့ မသိဘဲ နဖူးနှင့်နားသယ်စပ်မှ ဇောချွေးများပင်စိုရွှဲ နားမှ လေများ ဒလဟော ပမ်းထွက်နေပြီ။

"ဟုတ်တယ်၊ ကိစ္စက ထိပ်ဝကိုရောက်နေပြီ၊ ဟိုလေ ဂိတ်ဝကလူတွေကောင် တားလို့မရနိုင်တော့လို့ အဲဒါ. . . "

ငိုသံစွက်လည်း သူမက နားမလည်သေး။ ထိုစဉ်. . .

"ဝို့. . . ဘို့"

အင်အားကောင်းကောင်းနှင့် ပဲတင်ရိက်စတ်သံပါသော ဝမ်းတွင်း ဖြစ်သံစဉ်က ခံစားတင်ပြ ဝင်၍ အဖြေပေးလိုက်သည်။ ဒီတော့မှ သူမ ဆောပေါက်လွယ်ပါသည်။

"သြော်. . . ဒါဆို သွားလေ၊ ဘာလုပ်နေတာလဲ၊ မြန်မြန်သွား"

"ဘယ်ကိုသွားရမှာလဲ၊ အား. . . အာ့"

"နီးစပ်ရာ အိမ်သာရှိတဲ့နေရာကိုပေါ့. . . ဒုက္ခပဲ"

"သွားမှာပါ၊ ဒါပေမဲ့ အဖြေပေးဦးလေ အု"

"ကဲ. . . သွား. . . သွား. . . ကိစ္စမြန်မြန်ရှင်းခဲ့ပြီးမှ. . ."

"ဒါဆို ခဏစောင့်ဦးနော်၊ ဘယ်မှမသွားနဲ့၊ အမြန်ဆုံးရှင်းခဲ့ ဟယ်နော်၊ စောင့်နေနော်"

"အင်းပါ. . . သွားပါဆို"

"အား. . . အား. . . အောက်မလေးဗျာ"

စောင့်မျှော်ခြင်းနှင့် အတော်အကျိုးပေးပါလားဟု တွေးမိသည်။ နီးစပ်ရာ လက်ဖက်ရည်ဆိုင်ထဲသို့ ပြေးဝင်လိုက်တော့ . . .

"လာထိုင်. . . ဘာစားမလဲ၊ ဘာသောက်မလဲအစ်ကို၊ ဟော့ အစ်ကိုကြီးထိုင်မယ်ဟော့၊ ဟာ. . . အစ်ကို ဘယ်ကိုလဲ အစ်ကို"

Hip Hop သီချင်းများကို ဝါသနာထုံပုံရသော စားပွဲထိုးလေးကို ရည်ရည်စေးစေးပင် မပြောနိုင်တော့သည့် နောက်ဆုံးလွှန် အခြေအနေ ဆို့ကြောင့် အတိုဆုံးနှင့် အရှင်းဆုံး ကြိုးစားပြောမိသည်။

"မှားတာက အသုံးနှုန်းရွေးချယ်မှု"

"ညီလေး လက်ထရိန် ဘယ်မှာလဲ"

"ဘာ. . . လက်ထရိန်လဲ"

အရေးထဲ စာတတ်ပုဂ္ဂိုလ်က လက်ထရိန်ကိုမသိ။

"ဒုက္ခ တကယ့်သစ္စာပဲကွာ၊ အိမ်သာဘယ်မှာလဲ အစ်ကို"

"အိမ်သာ"

"အေး"

"အိမ်သာ. . . ဘာလုပ်မလို့လဲ"

"မင်းအမေကလွှား (ဦးသံလုံး၏စကားစုကို ဒုတိယမွှိ ငှားရမ်းမိပြန်သည်) အိမ်သာ အာ. . . မင်းပြောရတာနဲ့ အိမ်သာပါဆိုမှ ချေးရှိမလို့ပေါ့ကွ. . . ခွီး"

"ဩော်. . . ဒါလေးများလွယ်ပါတယ်၊ ဟိုမှာ"

စားပွဲထိုးလေး၏ လက်ညှိုးညွှန်ပြမှုက ဒီအချိန်၌ ရတနာသေတ္တာကို လမ်းညွှန်ထားသော မြေပုံတစ်ချပ်နှင့် တန်ဖိုးညီမျှလေစွ။

"အေး. . . အေး. . . ခဏတက်ပါရစေကွာ"

ပြောတာက နောက်မှာ လူက အိမ်သာဝသို့ လက်ပိတ်နည်းစနစ်ဖြင့် ရောက်နေချေပြီ။ တံခါးကိုဖွင့်မယ်ကြံတော့ အပေါက်ဝမှ အဒေါ်ကြီးတစ်ယောက်ထွက်လာတာနှင့် ကြုံသည်။

"ဟဲ့. . . ဟဲ့. . . ဘယ်လိုဖြစ်ဖြစ်"

"မပြောတော့. . . အု"

စကားမဆိုနိုင်တော့။ တံခါးပိတ်ပြီးသည်နှင့် တစ်ပြိုင်နက်ဘောင်းဘီကိုဆွဲချတ်တော့ မကျွတ်။ အရေးထဲ ခါးပတ်ကရှိနေသေးသည်။ ဖြစ်ချင်တော့ ဒီနေ့မှ ခါးပတ် သေသေချာချာ ပတ်လာမိသည်။ ခါတိုင်းနေ့တွေဆို သိပ်ပတ်လေ့မရှိခဲ့။

အောက်မလေး အရေးထဲဆို ခါးပတ်က မနည်းကြိုးစားချွတ်နေရသည်။ ပြီးတော့ အတွင်းအား တကူးတကသုံးစရာမလိုဘဲ အရှိန်ပြင်းထန်စွာဖြင့် မနည်းမနော ရောမ မပေါ့မပါး အစာဟောင်း Group တစ်ရာပျော်ကြီး ညာသံပေး ဆင်းသက်သွားပါတော့သည်။

ခုမှ တစ်ကိုယ်လုံး ရေအေးအေးဖြင့် လောင်းချလိုက်သလို အေး

မြလန်းဆန်းသွားရသည်။ အရှိန်လေးနှင့် ဇိမ်ပြေနပြေဆုံးခန်းတိုင်အောင် ကိစ္စဖြတ်လိုက်သည်။ အခုတော့ ကမ္ဘာကြီးက ပုံမှန်အချိန်ဇယားအတိုင်း ပြန်လည်လည်ပတ်သွားပါပြီ။ ခုနကတော့ လည်ပတ်မြန်သလား ရပ်နေသလားတောင် မဝေခွဲတတ်တော့။

အခြေအနေကို သဘောပေါက်ပြီးဖြစ်သော ဆိုင်ရှင်ကတော့ ပြုံးပြုံးကြီးကြည့်သည်။ ကယ်တင်ရှင်ကြီးတစ်ယောက်လို မျက်နှာပေးနှင့် စားပွဲထိုးလေးက . . .

"ဘယ်လိုလဲ အစ်ကို၊ ဂွဒ်ရဲ့လား"

"အေး. . . ဂွဒ်သမှသိပ်ဂွဒ်၊ သိုင်းကျူး၊ အဲ. . . ကျေးဇူးပဲကွာ"

"သိဘူးလေဗျာ၊ အမှတ်တမဲ့ဆိုတော့ အစ်ကို့ပုံစံက အိမ်သာမှန်းမသိ၊ ဘာမှန်းမသိဆိုတော့. . ."

နားလည်ရခက်သွားသည်။ သူ့ဆိုင်မှာ အိမ်သာတက်မည့်သူနှင့် မတက်မည်သူ ဘယ်လိုပုံစံခွဲခြားသတ်မှတ်ထားပါလိမ့်ဟု တွေးမိသည်။

"ဟာ ဒုက္ခအပေါင်းမှ ကင်းစင်လွတ်မြောက်သွားတော့မှ အသိထဲ တဏှာစိတ် ပြန်ဝင်ရောက်လာပြီ (ဩော် တဏှာကို ပယ်သတ်နိုင်တာ အိမ်သာတက်ချင်စိတ်ပဲ ဖြစ်မည်)

ဟာ. . . သက်ထားစောင့်နေပါ့မလားမသိဘူး၊ အဖြေ. . . ဒီ. . . အဖြေ. . . မရသေးဘူး၊ ဘုရား. . . ဘုရား. . . ။

အိုကေ အခြေအနေ အလတ်ကြီးကောင်းပါတယ်။ မှောင်ရိပ် အစွန်အဖျားမကျတကျမှာ ရပ်လျက်စောင့်နေသော သက်ထားနွယ်။

"ဟူး. . . ခုမှပဲ အလုံးကြီးကျသွားတော့တယ်"

"ကိစ္စပြီးသွားပြီလား၊ ဝရောဝခဲ့ရဲ့လား"

"ဝပါတယ်၊ အမ်. . . ဘာလဲ. . . ဘာလဲ"

"ရှင်းလို့ဝပြီလားလို့"

ဖိုးလပြည့်စာပေ

"သေသေချာချာရှင်းခဲ့တာပါ။ တော်တော်ဆိုးတဲ့ကောင်၊ နှုတ်တောင်ဆက်မသွားဘူး။ မယုံရင်သွားကြည့်ပါလား"

"အိုး. . . ညစ်ပတ်လိုက်တာ ဘာလို့သွားကြည့်ရမှာလဲ"

ပါးစပ်ထဲရှိတာကို လျှောက်ပြောနေမိသည်။ အဲ ရှက်ကို့ရှက်ကန်း ဆိုတော့ ဒီလောက်တော့ရှိလိမ့်မပေါ့။ လူဟိုဆိုတော့လေ။

"ကဲ. . . ဒီကိစ္စအပထားလို့ အဖြေကိစ္စ တိကျမှန်ပါဦး"

ရှက်ပြုံးလေးတစ်ပွင့်ကို သပ်သပ်ရပ်ရပ် သူမနှုတ်ခမ်းထက်မှ ဖူးပွင့်လိုက်ရင်း . . .

"အင်း" (တစ်လုံးတည်း)

"ဝမ်"

"အင်းပါဆို" (ရှက်ပြုံး 100%)

"အဲလိုတော့ မလုပ်ပါနဲ့ကွာ နာရီပေါင်းမြောက်များစွာ စောင့်မျှော်ခဲ့ရတာပါ။ အဲဒီအတွက် ပိုပိုသာသာလေး ချီးမြှင့်ပါကွာနော်၊ ကြားချင်လို့"

သူမက မိန်းကလေးတို့ဝတ္ထုရားအတိုင်း ပိုင်ပိုင်နိုင်နိုင် အပြည့်အဝရှက်နေလေပြန်တော့ . . .

"ပြောပါသက်ထားရယ်၊ မင်းနှုတ်ခမ်းက ချစ်တယ်ဆိုတဲ့စကားနဲ့ ခေါင်းတစ်ချက်အညိတ်မှာ ဟောဒီလောကကြီးကလေ အလှပဆုံးဖြစ်သွားမှာမို့ပါ"

ထိုမှ ဖြည်းဖြည်းချင်း ဒေနေးကွက်ကလေးဖြင့် ခေါင်းကို ညှင်သာစွာညိတ်လိုက်ပြီး . . .

"ချစ်တယ်. . . ကဲ"

ဟေးဆိုသော အော်သံနဲ့အတူ စိတ်ကူးဖြင့် ကျင့်သားရနေသော သူ့လက်နှစ်ဖက်က သူမကိုယ်လုံးလေးကို ထွေးဖက်ရက်သား။

ဖိုးလပြည့်စာပေ

သွက်လိုက်ပါဘိနှယ်။

"အား. . . နံတယ်. . . နံတ

"ဟာ. . . ဆောရီး"

ယောင်ရမ်းလွှတ်ပေးလိုက်တော့ သူမ ပြေးထွက်သွားပါပြီ။ သို့သော် ပျော်ရွှင်မှုများစွာကိုတော့ ထားရစ်ခဲ့ပါသည်။

တကယ်တော့ သူမ လှည့်စားသွားခြင်းသာ သူ ရေအိမ်ထဲက ထွက်ကတည်းက ဆပ်ပြာနှင့် သေသေချာချာဆေးခဲ့သည်ပဲ။

ဒါပေမဲ့ ဒီည ဒီမျှ ဒီလောက်နဲ့ ကျေနပ်ခဲ့ရပါသည်။

"အို အသက်လောက သင်သည် မွှေးမွှေးပေးချင်လောက်အောင် လိမ္မာလွန်းလှပါသည်။ Thank You"

ရင်ထဲကကြွေးကြော်သံပါ။ အပျော်ဖုံးလွှမ်းနေသော ဖြိုးဝေပိုင် တစ်ယောက် အမှောင်ထဲက သူတို့ကိုရပ်ကြည့်ပြီး အမိပ္ပာယ်ဖော်ရခက်သော အပြုံးကို ပြုံးကာ ထွက်ခွာသွားသော တစ်စုံတစ်ယောက်ကို သတိမထားမိလိုက်။

အဲဒီတစ်ယောက်သောသူကတော့ . . .

ထိုညအတွက် အောင်မြင်ပျော်ရွှင်ခြင်း အထိမ်းအမှတ်အဖြစ် ချိုးဇော်နှင့် ဝဏ္ဏကို ကောင်းကောင်း တည်ခင်းဝည့်ခံပေးလိုက်သည်။ ထို့ကြောင့် ထိုနှစ်ကောင် ဗိုက်ကို ခွေးနမ်းကိန်းဆိုက်ရောက်ခဲ့ရသည်။

မျိုးဇော်နှင့်ဝဏ္ဏက 'မင်းကတော့ ဖြစ်ရမယ်' ဟုသော မှတ်ချက်ဖြင့် ကောင်းချီးပေးခဲ့သည်။

အခန်း (၂၁)

"သက်ထား၊ ဒီနေ့ ဘာနေ့လဲသိလား"

အမေးက ရှင်းလှသလို အပြောကလည်း ရှုပ်ထွေးမနေပါ။

"ကြာသပတေးနေ့လေ"

"ထွိန်. . . ဘယ်ကလာ အဲဒါတော့သိတာပေါ့၊ သက်ထားနဲ့ ကိုယ်နဲ့ ချစ်သက်တမ်း ခုနှစ်ဆယ့်နှစ်နာရီပြည့်တဲ့နေ့လေ"

"အင်း. . . ဟုတ်ပါပြီ"

"အဲဒီတော့ သက်ထား သင်တန်းချိန်ထက် သုံးနာရီလောက် စောပြီး ထွက်ခဲ့၊ လသာစာအုပ်တိုက်ကို အရင်ဝင်၊ ပြီးရင် တစ်ခုခုစား နောက် သက်ထားသင်တန်းကို လိုက်ပို့ပေးမယ်. . . အိုကေ"

"အင်းလေ. . . သွားတာပေါ့"

အင်းလေ သွားတာပေါ့ဟု သက်ထားနွယ်ပြောပြီး ငါးနာရီကျော်ကျော် အကြာမှာ လသာရှိစာအုပ်တိုက်ကို ရောက်ခဲ့သည်။ ထုတ်ပေသူမရှိ။

ဖိုးလပြည့်စာပေ

"လာတော့မှာပါကွာ. . . ခဏစောင့်"

"ဟုတ်. . . ကိုကျော်ကျော်ရော စာပေစိစစ်ရေးသွားနေတာလား"

"အာ ဒီဘဲအကြောင်းတော့ မပြောချင်ပါဘူးကွာ"

မပြောချင်သော ကိုအောင်အောင်က အစကနေအဆုံးထိအောင် ပြောပြပါသေးသည်။

"ဒီဘဲကွာ မူးမူးရူးရူးနဲ့ ညက သူ့မိန်းမကို ကလိထိုးလိုက်တာ အူအတတ်ပေါက်လို့ အဲဒါ ဆေးခန်းသွားပြရမှာမလို့ ခွင့်ယူထားတယ်"

"ဩော်ဒုက္ခလေစွပါလား၊ ကလိထိုးတာနဲ့ ဘာကြောင့် အူအတတ်ပေါက်သွားရတာပါလိမ့်"

များမကြာမီကာလမှာ ထုတ်ဝေသူ ရောက်လာသည်။

"ဟော. . . ဖြိုးကြီး ရောက်နေတာကိုး"

"ဟုတ်ကဲ့၊ အစ်ကိုလည်း စုမိဆောင်းမိအတော်ဖြစ်နေတာပဲ၊ ဒီကြီးကိုရွဲလို့"

"ဟဲဟဲ. . . စိတ်ချမ်းသာအောင်နေထိုင်လို့ပါကွာ၊ သုခဗိုက်. . . သုခဗိုက်"

စာမူပေးစာမူခထုတ်ပြီး ပလာဇာအတွင်းရှိ ဆိုင်သန့်သန့်မှာ ထိုင်ဖြစ်တော့ မျှော်လင့်မထားခဲ့ပါသော Liver Rap Phyo နှင့် ပက်ပင်းတိုး၍ ညက ဘုရားမရှိခိုးမိတာ သွားသတိရသည်။

Liver Rap Phyo ခေါ် တေဇာက သူ၏ Raper အထာနှင့် နှုတ်ဆက်သည်။

"ဟိုင်း ဖြိုးဝေပိုင်၊ မဆုံဖြစ်တာ အတော်ကြာ ပေါ်မထာ ပေါ်ကာလာတော့ သားနားလင်းလက်လို့ ဒါဆို တို့တွေ ခံစားချက်ထို့နဲ့ အတွေးတချို့ တိုင်ပင်လို့ရပြီပေါ့ကွာ၊ ကျောင်းတုန်းက မင်းထို့နဲ့ အမှုစ်

ဖိုးလပြည့်စာပေ

အကြောင်း တိုင်ပင်နေရပေမယ့် မင်းတို့က မူးလို့ ထိုင်ကန်တော့စရာ တစ်ယောက်တလေတောင်မှမရှိလေတော့ ဝက်ကို ဒံပေါက်နဲ့ဖာလူဒါ တိုက်သလိုဖြစ်နေတာပဲကွာ"

Liver Rap Phyo က ဘလိုင်းကြီး ဂုဏ်ယူနေသည့်စကား။

"ငါ့မှာ မတတ်သာလို့ တိုင်ပင်နေရပေမယ့် ဖီးလ်မလာပါဘူးကွာ မင်းတို့တွေက မျက်စိသူငယ် နားသူငယ်နဲ့ ခုတော့ ပရယ်တီကယ် ကြပြီဆိုတော့ အရိပ်ပြရုံနဲ့ ခံစားချက်တွေ အကောင်အထည်ပြင်နိုင်သွားပြီ"

"မင်းပြောလိုက်တော့ ကဲ သားကြီး ဒီအချိန်မှာ မင်းလုပ်သင့် တာသိတယ်နော်၊ အရိပ်ပြလို့အကောင်မြင်ပါတယ်၊ အားလည်းနာတယ် ခင်လည်းခင်တယ်"

သက်ထားက အားနာသွားဟန်ဖြင့် သူ့ကို တံတောင်ဖြင့်တွတ်သည်။

"အိုး ရက်စ် ရက်စ် အိုင်းအမ် အန်ဒါစတန့် နိုးပလော်ယလန် ဘိုင့် ဘိုင့် ဒါနဲ့ နာမည်လေးက ဘယ်သူ"

"သက်ထားနွယ်ပါ"

သဘောကောင်းသောသက်ထားက ပြုံးပြရင်း ဖြေပါသည်။

"ခြေ့ ဟုတ်ကဲ့၊ သွားလိုက်ပါဦးမယ် မသက်ထားနွယ် ဟိုကောင် သွားဦးမယ်"

"ကျေးဇူးတင်တယ်ကွာ"

Rapper ဦးထုပ်ကို သုံးချီးတစ်ချီးဆောင်းပြီး ရက်ပါခြုံလှမ်းခြင့် အကုသိုလ် ပြန်လည်ထွက်ခွာသွားလေပြီ။

ထိုနေ့က ခင်စရာကောင်းသလို ရယ်စရာကောင်းသော Liver Rap Phyo ခေါ် တောဇာအကြောင်းနှင့် တလွဲတွေကိုပြောရင်း ရယ်မောခြင်း ခဲ့ကြပါသည်။

Liver Rap Phyo ဟု တွင်ရစ်နေသော အမည်နာမကလည်း သူ့ဟာနဲ့သူ ဘယ်ချောင်ကြိုချောင်ကြားမှ ရရှိထားသော နာမည်မှန်း မည်သူမှ မသိနိုင်သော်လည်း သူ့ကိုယ်သူကတော့ ၎င်းအမည်ကို ဂုဏ်ယူ စွာ တင်စားခေါ်ယူနေခဲ့ပါသည်။

အစပိုင်းတွင် သူ့လို မကြောင်နိုင်ပါသော ဖြိုးဝေပိုင်နှင့် နီးစပ်ရာဘော်ဒါမှန်သမျှက မခေါ်ချေ။ နောက် ရည်ရှည်လများ ကြာညောင်းထာသော အခိုက်အတန့် လက်ဖက်ရည်သုံးဝိုင်းမျှ သကောင့်သား ရှင်းပြီးသည့်အခါ အားနာပါးနာ ခေါ်တွင်သမုတ်ပေးခဲ့ရပါသည်။

ယခုတော့ ထိုနာမနှင့် အသားကျ ဘယ်သူဟုတ်ဟုတ်မဟုတ်ဟုတ် သူ့ဟာနဲ့သူ ဟုတ်နေချေပါတော့သည်တကား။

ပေါချက် ပြောင်မြောက်လှပါသော Liver Rap Phyo ပင်။

ရက်အတော်များများ ပွတ်တိုက်ဖြတ်သန်းပြီးခဲ့သောသကာလ ဖြိုးဝေပိုင်နှင့်သက်ထားနွယ်တို့၏ ချစ်သက်တမ်းမှာလည်း 4 Weeks ကျော်လွန်၍ 5 Weeks နား ကပ်လာခဲ့ပြီ။

၎င်းရက်စွဲတိုင်းတွင် သင်တန်းအသွားအပြန် အချိန်အနည်းငယ်လေးတွင် တွေ့ဆုံစကားစမြည်ပြောရင်း ရည်းစားဘဝ ပုံစံခွက်အတိုင်းပဲ သဘာဝကျကျ ကုန်လွန်စေရသည်။

ကောင်းကွက်တစ်ခုက ဖြိုးဝေပိုင် ရည်မှန်းချက်မှန်မှန်ဖြင့် စာရေးသည့်အလုပ်ကို ပို၍ကြိုးစား အချိန်ယူလာခြင်းပင်။ ကျန်သောအချိန်ကာ သက်ထားနွယ်နှင့် တွေ့ချိန် လက်ဖက်ရည်ဆိုင်ထိုင်ကာ လေပမ်းချိန် စာဖတ်ချိန် အလုပ်များဖြင့်သာ။

၎င်းတွေ့ဆုံမှုလေးများနှင့် လှည့်လည်စီးဆင်းနေရခြင်းကို အားမရနိုင်ဟုဆိုတာ ဖြိုးဝေပိုင် တစ်စခန်းထပါတော့သည်။ နေ့တည် (၁၁)နာရီကျော်ကျော် နေရာက ချမ်းမြေ့လက်ဖက်ရည်ဆိုင်...

ဖိုးလပြည့်စာပေ

"တကယ်တော့ တရုတ်မလေးလင်ယူရဲဟာ တရုတ်ပြည်မကြီးရဲ့ တော်ဝင်အမျိုးနွယ်ထဲကပဲကွ"

"အေးပေါ့ကွာ၊ တော်မှတော့ဝင်ပြီပေါ့၊ အဲဒီမင်းသမီးလေးက တော်ဝင်မျိုးနွယ်မှန်း ဘယ်လိုသက်သေပြမှာလဲ"

"ဒါများကွာ၊ သူတို့မျိုးနွယ်ရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ ဝမ်းဗိုက်ကဓားဒဏ်ရာနဲ့ သက်သေပြလို့ရတာပေါ့ကွာ"

"အမလေး အမှတ်အသားကလဲ"

"ဟုတ်တယ်၊ လင်ယူမျိုးနွယ်တွေဟာ မိန်းကလေးမွေးပြီး သုံးနှစ်အရွယ်မှာ ဗိုက်ကိုဓားနဲ့ထိုးပြီး အမှတ်အသားလုပ်လေ့ရှိတယ်"

"အား. . . ကျွတ် ကျွတ်၊ ကြောက်ခမန်းလိလိပါလား"

"အေး. . . လင်ယူရဲဟာ ဂျပန်မင်းသားလေး အော်ဂလီဆန်နဲ့ ဂျပန်နိုင်ငံက ဟိမဝန္တာတောကြီးထဲမှာ ဆုံတွေ့ခဲ့ကြတယ်"

"ဟိတ်ကောင်. . . ဟိမဝန္တာက မြန်မာနိုင်ငံမှာရှိတာ မဟုတ်ဘူးလား"

"ငါဆင်ထားတဲ့နေရာဒေသလေကွာ၊ ကိုယ်ပိုင်အတွေးအခေါ်ပေါ့ အဟေး. . . မြန်မာပြည်က စာဖတ်ပရိတ်သတ်တွေ နားယဉ်အောင်သုံးလိုက်တာ"

"အင်း. . . ဟုတ်ပါပြီ ဆက်ပါဦး"

"လင်ယူရဲကို ဘေဘီဘဝကတည်းချစ်ခဲ့တဲ့ သူတို့မျိုးနွယ်ဝင်မင်းသား ဖူးယောင်ကိုင်းက သိတော့ အော်ဂလီဆန်ကို အမျက်ပွားတာပေါ့ကွာ၊ ဖူးယောင်ကိုင်းက အဓိက ဗီလိန်"

"မင်းဇာတ်ကောင်နာမည်တွေကလည်းကွာ"

"ဝေဖန်ရမယ့်အချိန်မဟုတ်သေးဘူး၊ ဆက်ပြောပြမယ်၊ ဒီနေရာမှာ နှစ်ပေါင်းများစွာက ဆိုရိုးစကားတစ်ခုကို ပြောင်းပြန်လုပ်ပစ်လိုက်တယ်၊

ဖိုးလပြည့်စာပေ

ဆောခန်းဆိုပါတော့. . . ”

“ဘာစကားတုန်း”

“ရွာနားကမြက် ရွာနွားမစားဘူးဆိုတဲ့စကားလေကွာ၊ ဒီဇာတ်ထမ်းထဲမှာတော့ ရွာနားကမြက်က ရွာနွားအစားမခံဘူးဆိုပြီးတော့ကွာ”

“အို. . . အာဂမှတ်ဖွယ်ရာပါလား”

“အဲဒီလို လင်ယူရဲဟာ ငယ်ငယ်တုန်းက ကစားဖော် ဖူးယောင်ကိုင်းကို လုံးဝမချစ်ဘူး၊ တကယ့်မောင်နှမ လိုပဲ သံယောဇဉ်ရှိတာ၊ သူချစ်တာ ဂျပန်သားလေး အော်ဂလီဆန်၊ သုံးပွင့်ဆိုင်မေတ္တာဖွဲ့လေးနော်၊ တကယ်မိုက်တယ်”

သူ့ဇာတ်လမ်း သူ့ဟာနဲ့သူမိုက်သည်။

“စိတ်ဝင်စားဖို့ကောင်းတာက ဖူးယောင်ကိုင်းနဲ့ အော်ဂလီဆန်တလည်း သိုင်းလောကရဲ့ တကယ့်ထိပ်သီးအကျော်အမော် သိုင်းသမားတွေ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်မှာ စကားများကြရင်း လူမျိုးနှယ်ဝါဒနဲ့ ဖွန်ကြောင်ဒေါသတွေကြောင့် အမှိုက်ကစ ဇရပ်မီးလောင်ဆိုသလို. . . ”

“ဓမ္မာရုံ မီးလောင်ပါကွာ၊ မင်းကလည်း”

တကယ်တော့ တစ်ယောက်မှမမှန် (ပြဿဒ်မီးလောင်)

“အေး. . . အေး. . . မင်းပြောတဲ့ဟာကြီး မီးလောင်ဆိုသလို နှစ်နိုင်ငံသိုင်းလောကကြီး အကြီးအကျယ် တိုက်ပွဲဖြစ်ကုန်တာပေါ့ကွာ ဟဲ. . . ဟဲ”

မျိုးဇော်စာမရေးလို့၊ စာရေးရင် ရနိုင်တယ်ဟူသော အပင့်စကား က နတ်ရှူးဘုံဆော်သလို ဖြစ်သွားမှန်း သိလိုက်ချိန် အရမ်းနောက်ကျသွားချေပြီ။ ဝတ္ထုရေးစားတော့မည်တကဲကဲ။ ရေးမယ့်ရေးတော့ ဝန်ကအချစ်တို့ဘာတို့ မရေးဘူးတဲ့။ သူနဲ့နီးစပ်မှုရှိတဲ့ သိုင်းဝတ္ထုရေးမတဲ့ သိုင်း

နှင့် ဘယ်လိုဘယ်အချိန်က ဘယ်မှာနီးစပ်သွားပါသလဲတော့မသိ။ သိုင်းဆို မုဆိုင်းကွင်းသိုင်းတာလောက်ပဲ တတ်တဲ့ကောင်က။

ခုလည်း မိန်းမတစ်ယောက် (လင်ယူရဲ့)အတွက် အကြောင်းပြကာ သူ့စိတ်ကူးဇာတ်လမ်းဆင်ကွက်ဖြင့် ဂျပန်နှင့်တရုတ်ကို ရန်တိုက်ပေးနေချေပြီ။ သူ့ဇာတ်လမ်း ဘယ်က,နေဘယ်လို အဆုံးသတ်သွားမှန်းမသိလိုက်၊ ဝဏ္ဏ ရှားမှရှား သူငယ်ချင်းကောင်းပီသစွာ နားထောင်ပေးနေသည်။

"ဟိတ်ကောင် ဖြူးဝေပိုင် ဘယ်လိုလဲ၊ မိုက်လား"

မျိုးဇော်စကားကို စိတ်ဝင်စားသလား၊ မဝင်စားသလား ဖြူးဝေပိုင် ပြေ လိုက်သောစကားက သက်သေခံသွားသည်။

အမိုက်ကစ ပြဿဒ်မီးလောင်။

"သက်ထားနဲ့တွေ့ရတဲ့အချိန်တွေ အရမ်းနည်းလွန်းတယ်ကွာ၊ စကားတွေများများပြောခွင့် တွေ့ခွင့်ရဒအောင် ဘယ်လိုလုပ်ရပါ့မလဲ၊ မင်းတို့ အကြံပေးကြပါဦးကွာ"

သူမေးတာနှင့် ဘာမှမဆိုင်၍ မျိုးဇော် မျက်နှာငယ်သွားပြီး...

"အဲဒီသီချင်း...အရမ်းကောင်းတယ်"

မကြားဟန်ဆောင်ကာ သီချင်းမှာပဲ စိုးမျှောနေသလိုလို ဘာလိုလို...။ ဟုတ်လည်းဟုတ်သည် ဒီကိစ္စက ကာယကံရှင်ကိုယ်တိုင် အခြေအနေ ကာလဒေသကို ပိုမိုနားလည်ကျမ်းကျင်သဖြင့် သူဟာနဲ့သူ ကြံပေစေပေါ့။

"ဟာ...ဟိတ်ကောင်တွေ အသက်မှရှိကြသေးရဲ့လား"

မနေနိုင်တော့သော ဝဏ္ဏက ...

"ဟတ်ကောင်ရ အခြေအနေအစစ်အမှန်ကို မင်းက ဝိုသိတယ်လေ၊ ငါတို့က ဝင်အကြံပေးလိုက်လို့ အဆင်ပြေသွားရ ဟုတ်တုတ်တုတ်၊

သောက်တလွဲတွေဖြစ်သွားရင် မင်းပဲနားကားမှာ၊ မင်းဟာမင်းပဲ စဉ်းစား ပါကွာ၊ အကြံရတော့ ကောင်းမကောင်း တော်၏မတော်၏ ခန့်မှန်းပေး မှာပေါ့"

လက်ဖက်ရည်အမှန်သောက်ရင် ကျက်သရေအမြန်ရောက်မယ်၊ ကြံသလောက်ပြီးတဲ့ရည်ဟူသောစာပုဒ်ကို အမှတ်ရကာ လက်ဖက်ရည် တစ်ခွက်ပြီးတစ်ခွက်သောက်၍ အကြံထုတ်နေလေတော့သည်။ ခြောက်ခွက် မြောက်ကာလ . . .

"ဟာ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . အကြံရပြီ"

"ဘယ်လိုအကြံတုန်းကွာ၊ လုပ်စမ်းပါဦး"

"အေး. . . လောလောဆယ်တော့ ဂတ်စ်ကက်ပေါက်တော့မယ်၊ ရေဆူမှတ်ကိုရောက်နေလို့ သွားလှယ်လိုက်ဦးမယ်"

အပေါ့ထသွားပြီး ပြန်ရောက်လာမှ . . .

"ဒီလိုကွာ၊ သက်ထားတို့အိမ်မှာက ဖုန်းရှိပေမယ့် သူ့ဖားသား ကြီးကပဲ အကိုင်များတယ်၊ အဲတော့ကွာ ဖုန်းနဲ့ အဆင်မပြေလောက်ဘူး"

"အေး"

ဥက္ကာလင်းကိုအကြောင်းပြပြီး သွားလည်ရတော့လည်း မိုင်ကုန် နေပြီ၊ လွတ်လွတ်လပ်လပ်နဲ့ ပြောလို့မရဘဲနဲ့ ကြာရင် ယောက်ဖထေး ဆောင် ရိပ်မိသွားလို့ ကျိုင်စင်ဖြစ်သွားနိုင်တယ်"

"အဲဒီတော့. . ."

"အဲဒီတော့ကာ အဟမ်း. . . တို့ငယ်ငယ်တုန်းက [illegible] ထုပ်တမ်းကစားတာ မှတ်မိလား"

"မှတ်မိဘူး"

"ဟိုကွာ၊ နို့ဆီဗူးအလွတ်နှစ်ဘက်ပွင့်နှစ်ခုမှာ [illegible] ချည်ပြီးတော့ အပ်ချည်ကြိုးနဲ့ စကားပြောတာလေကွာ"

"ဩော်. . . အေး. . . မှတ်မိပြီ. . . မှတ်မိပြီ"

"အဲဒီ System ကိုပဲ သုံးရမယ်၊ သဘောပေါက်လား"

"သဘောပေါက်ပြီ. . . သဘောပေါက်ပြီ"

"သဘောမပေါက်သေးရင်လည်း ကျောပေါက်ဖို့ပဲပြင်တော့"

"သိပ်ကောင်းတဲ့အကြံပဲကွာ၊ ဒါမှ ဖုန်းဘီလ်လည်းဆောင်စရာမလို၊ လိုင်းခိုးကူးခံရမှာလည်း မကြောက်ရ၊ လျှပ်စစ်ဓာတ်လည်းမလိုဘူး၊ အဲ. . . ဒါပေမဲ့ အဲဒီလို ကလေးကလား ကြောင်တောင်တောင်အလုပ်တွေကို သက်ထားနွယ် လုပ်ပါ့မလားကွာ"

"အဲဒါတော့ သေချာကြည့်ပြောရမှာပေါ့၊ သူလည်း ငါနဲ့ စကားတွေအများကြီးပြောချင်နေမှာပေါ့၊ ဒီနည်းကလည်း လက်ရှိအခြေအနေမှာတော့ တကယ့်အလန်နော်. . . ဟီး. . . ဟီး"

၎င်းအစီအစဉ်ကို ရရှိသည့်များမကြာမီ ဖြိုးဝေပိုင် နို့ဆီဗူးနှစ်ဗူးအပ်ချည်ကြိုးများနှင့် အလုပ်ရှုပ်ပါတော့သည်။

ဟုတ်သလိုလိုတော့ရှိသည်။ အကြံအစည်ပင် သူတို့ပြောသကဲ့သို့ ဘီလ်လည်းဆောင်ရန်မလို၊ ငွေကုန်ကြေးကျလည်းမရှိ။ ဖုန်းနံပါတ်မှားစရာအကြောင်းလည်း မရှိသည့်အတွက် ကောင်းတော့ကောင်းပါသည်။ အဲ့အဆင်ပြေမယ်ဆိုရင်ပေါ့။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၂)

"သက်ထား. . . ဒီမှာကြည့်စမ်း"

အိတ်နှင့်ထုပ်ယူလာသော နို့ဆီဗူးနှစ်ဗူးကို ဂလုမ်းဂလွမ်နှင့် ဘုတ်ပြလိုက်သည်။

"အဲဒါ. . . ဘာကြီးလဲ"

"နို့ဆီဗူးနှစ်ဗူးလေ"

"အဲဒါတော့ သူပြောမှလား၊ ဘာလုပ်တာလဲလို့မေးတာ"

"ဖုန်းပြောဖို့လေ"

"ဖုန်းပြောဖို့"

"ဟုတ်ပါတယ် သက်ထားရယ်၊ တို့လေ သက်ထားနဲ့ ခုတို့ အခိုန်နည်းနည်းလေး စကားပြောခွင့်ရတာ အားမရနိုင်ဘူး၊ တို့က သိပ် ချစ်မိသူဆိုတော့လည်း မနေနိုင်မထိုင်နိုင် ဒီနည်းလေးကိုသုံးရတာပေါ့ ဆယ်ငယ်တုန်းက ကစားခဲ့တာ၊ သက်ထားတို့လည်း ကစားမှုမှာပေါ့

ဒီဟာလေးနဲ့ ညဘက်ဆို အပေါ်နဲ့အောက်စကားလှမ်းပြောကြမယ်လေနော်. . . သက်ထား"

သက်ထားနွယ် စဉ်းစားတော့စဉ်းစားနေသည်။

"ကလေးကလားနဲ့"

"မကလေးကလားပါနဲ့ကွာ၊ ညဘက်တွေ တို့က အရမ်းကိုတွေ့ချင်နေရတာ၊ ဒါကြောင့်ပါ၊ လက်ခံလိုက်ပါနော်. . . နော်"

ဟူ၍ ပတ်ခွဲနှပ်ခွဲ လေသံခွဲခွဲဖြင့်ပြောလိုက်သည်။

"အင်းလေ၊ ဒါဆို ညကျစမ်းကြည့်တာပေါ့၊ အဟီး ရှက်စရာကြီး"

"မရှက်ပါနဲ့ကွာ၊ နောက်တော့ တို့သားသမီးတွေပြန်ပြောပြရင်ရယ်စရာကောင်းတဲ့ အမှတ်တရဖြစ်မှာ၊ အဲဒီတော့မှ ဖေကြီးက ဥာဏ်ကောင်းတယ်လို့တောင် ချီးမွမ်းခံရဦးမှာ"

"အံမယ်၊ အပိုင်ချီကြီးပါလား၊ သူ့လည်း ဘယ်သူက ယူမယ်ပြောလို့ပါလိမ့်၊ ဒါနဲ့ ညဘက် ဘယ်နှစ်နာရီလာမှာလဲ"

"အမ်း. . . ကိုးနာရီလောက်"

"အာ. . . အဲဒီအချိန် ဇာတ်ကားကောင်းနေတာကို"

"ဒါဆိုလည်း ဆယ်နာရီ"

"မေမေ မအိပ်သေးဘူး"

"ဟာ. . . ယောက္ခမကြီးကလည်း ဒီအချိန်တောင် မအိပ်ဘဲ ဘာလုပ်နေပါလိမ့်၊ ဆယ်နာရီခွဲလောက်တော့လုပ်လိုက်တော့ ကျေးဇူးရှင်ရယ်၊ ဈေးမဆစ်ပါနဲ့တော့ကွာ"

"အင်းပါ. . . အင်းပါ. . . ပြီးရော၊ သူများအမေကိုများ ယောက္ခမလေးဘာလေးနဲ့၊ ပိုင်စိုးပိုင်နင်း"

အဲဒီနောက် တတွတ်တွတ်ပြောရင်း နို့ဆီဗူးထည့်ထားသော

ဖိုးလပြည့်စာပေ

အိတ်ကိုကိုင်ကာ အိမ်ပေါ်သို့ တဂွပ်ဂွပ်နှင့် လှမ်းတက်သွားပါတော့သည်။

အချိန်ကား ည(၁၀း၃၀)နာရီ။ နေရာက သက်ထားနွယ်တို့ အိမ်အောက်တည့်တည့်။

ရည်းစားဖြစ်ကတည်းက နှစ်ယောက်လုံး နာရီကို အညီတိုက်ထားသဖြင့် ဆယ်နာရီခွဲသည်နှင့် သက်ထားနွယ် အခန်းတံခါးပွင့်လာပြီး နို့ဆီဗူးတစ်ဗူး ကြိုးတန်းလန်းနှင့် ကျလာသည်။ သူတို့အတွက် NSB Phone (နို့ဆီဗူးဖုန်း)။

ဖြိုးဝေပိုင်က နို့ဆီဗူးကိုကိုင်ကာ ပါးစပ်ဖြင့် . . .

"ဟယ်လိုလားဟင်၊ အဲ. . . ဟယ်လို. . . ဟယ်လို ဒက်စတင်ဆောင်ပြောနေပါတယ်. . . အချစ်လေးကြားလား. . . ကြားရင် အကြောင်းပြန်. . . ဒါပဲ"

ပြောပြီး နားမှာတော့လိုက်သည်။

"ဘာတွေလျှောက်ပြောနေတာလဲ"

"အဟီး. . . မိုက်စမ်းတာ. . . ပြော. . ."

"ဘယ်သူကပြောရမှာလဲ. . . သူပြောချင်တာဆို"

အခြေအနေက အဲဒီအထိတော့ ဟုတ်နေပြီ။

"ဟိုလေ. . . ဟို. . . ပြောတော့ပြောမလို့ပဲ၊ ပြောဆိုတော့ဘယ်ကနေဘယ်လို စရမှန်းတောင်မသိဘူးဖြစ်နေတယ်၊ ဟို အရမ်းချစ်တယ် သက်ထားရယ်"

"သိပြီးသားပဲ၊ ဘာလို့ ထပ်ပြောနေတာလဲ၊ တခြား အရေးကြီးတာပြောလေ"

အစပိုင်းတော့ ဟုတ်နေသလိုလိုဘာလိုလိုနဲ့ တဖြည်းဖြည်း ကိုင်မင်သိပ်မမှန်ချင်တော့။ ဆိုလိုတာက နားတောင်တဲ့အချိန်နဲ့ ပြောတဲ့အချိန် အံကိုက်သိပ်မဖြစ်တော့။

ဖိုးလပြည့်စာပေ

ဝိုးတဝါးအမှောင်မှာ နားလည်မှုလေး အနည်းငယ်ချွတ်ချော်နေတော့သည်။ အချိန်တိုက်ဆိုင်မှုတွေကြောင့် ဂျစ်ဂျစ်သံပဲကြားနေရသည်။

နောက်ဆုံးမှာ ပြတ်ပြတ်သားသားလေး ကြားလိုက်ရတာက. . .

"ကဲ. . . ဖြိုး အချိန်မရှိတော့ဘူး၊ ပြန်တော့လေ"

ရင်ထဲမှာ ခေါင်းစဉ်မဲ့ ဝမ်းနည်းသွားရသည်။

"ဟိုလေ"

"ပြန်တော့နော်၊ နောက်နေ့တွေရှိသေးတာပဲ"

". . ."

"ပြန်တော့ဆို. . . ဘိုင့်. . . ဘိုင်"

"ဘိုင်"

ဒီတစ်ညတော့ ဒီကိစ္စလောက်နှင့်ပင် အချိန်တန်အိမ်ပြန်ခဲ့ရသည်။ ဆက်သွယ်မှုနည်းစနစ်က ၅၀%ခန့်လောက်သာ အောင်မြင်သဖြင့် အကြံထုတ်ရပြန်သည်။ အဲဒီအတွက် ဦးနှောက်ကို အစွမ်းကုန်တံခါးဖွင့်ပစ်လိုက်တော့ . . .

"ဟော. . . အကြံရပြန်ပြီ"

"သက်ထား. . . နောက်ထပ်ဒီမှာ. . ."

နို့ဆီဗူးခွံ နောက်ထပ် နှစ်ဗူးထပ်ပေးသဖြင့် . . .

"လာပြန်ပြီ၊ ဒီဗူးက ဘာလုပ်ဦးမလို့လဲ"

"သက်ထားကလည်း ညက တစ်ယောက်နဲ့တစ်ယောက် တိုင်မင်သိပ်မကိုက်ဘူးဖြစ်နေတယ်လေ၊ ပြောရတာ သိပ်အားမရဘူး၊ ဒီမှာတွေ့လား၊ ဒီဗူးနှစ်ဗူးမှာ မာကင်တိတ်လေးကပ်ထားတယ်၊ ဒီမာကင်ဗူးလေးက သက်ထားပြောဖို့၊ တို့နားထောင်မယ်၊ မနေ့ဗူးက တို့ပြောမယ် သက်ထားနားထောင်ပေါ့၊ မမိုက်ဘူးလား ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ"

"မမိုက်ပါဘူး၊ ကိုယ်တော်ကလည်း ရှုတ်ယှက်ကိုခတ်နေတာပဲ"

ဖိုးလပြည့်စာပေ

"အခြေအနေရ တီထွင်ကြံဆရတာပါ"

"နေ့တိုင်းတော့ မပြောရဘူးနော်၊ ဒါကြီးနဲ့ တစ်ပတ်တစ်ရက်ပဲ ဈေးမဆစ်နဲ့"

"အမိန့်တော်မြတ်အတိုင်းပါပဲ"

"သူလည်း တဖြည်းဖြည်း ပစ္စည်းအဟောင်းဝယ်တဲ့ကုလား ဖြစ်နေပြီ"

"အဲဒီလိုလည်း မမှတ်ယူပါနဲ့ကွာ"

ဒုတိယမြောက်ည . . .

"ဟဲလို"

"ပြော. . . နားထောင်နေတယ်"

"အမ်း. . . ယောက္ခနေကောင်းလား"

စကားမရှိ စကားရှာခြင်းပင်။

"ဘယ်ကယောက္ခလဲ"

"သြော်. . . ယောက္ခမကမွေးတဲ့ ယောက္ခလေးပေါ့"

"လာပြန်ပြီ. . . ဘယ်ယောက္ခမလဲ"

"သက်ထားရဲ့ မွေးသမိခင်ကြီးပေါ့"

"စကားပြောရင် အသာစီးကသိပ်ပြောတာပဲ၊ ဒီစကားက ပြောနေရင် ဖုန်းချ၊ အဲ. . . နို့ဆီဗူးချလိုက်မှာနော်"

"ဟိုး. . . ဟိုးတား. . . ချစ်လို့ တမင်စတာပါ သက်ထားရယ်"

"ချစ်ချစ် မချစ်ချစ် အဲလိုမစနဲ့"

"အင်းပါ၊ မစတော့ဘူး၊ ဒီတစ်ခါ တကယ်အတည်ပြောမှာ နားထောင်"

"ပြော"

"တို့တွေ မိဘတွေကိုဖွင့်ပြောပြလိုက်ရရင် ကောင်းမထားလို့"

ဖိုးလပြည့်စာပေ

"ဘာဖြစ်ရပြန်တာလဲ"

"ဒီလို ဖုန်းခိုးပြော. . . အဲ. . . စကားခိုးပြောရ အပြင်မှာ မသိအောင် ခိုးတွေ့ရနဲ့ မမိုက်ပါဘူး"

"ဖွင့်ပြောလိုက်ဖို့တော့ စောပါသေးတယ်၊ ဖြစ်မှာမဟုတ်ဘူး၊ တော်ကြာ အိမ်ထဲကအိမ်ပြင်တောင် မထွက်ရမှ အခက်"

"သက်ထား"

". . ."

"သက်ထားရဲ့မိဘတွေက သဘောတူနိုင်ပါ့မလား"

"အဲဒါတော့ သက်ထားလည်း မမှန်းတတ်သေးဘူး၊ ဖေဖေမေမေတို့က ကလေးလေးလိုပဲ ထင်နေကြတုန်းထင်တယ်"

"ရင်မောရမှာလား မသိဘူးနော်"

"ဘာလဲ. . . ဖြိုးက စောစောစီးစီး လက်ထပ်ချင်နေပြီလား၊ တို့ကတော့ စိတ်မကူးသေးဘူးနော်၊ ကြိုပြောထားမယ်"

"လက်ထပ်ချင်တယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့သက်ထားရယ်၊ ဒါပေမဲ့ အရာရာရေရာချင်တယ်"

"ခုလည်း ရေရာပါတယ်၊ ဘာလဲ သက်ထားကိုမယုံလို့လား"

"သက်ထားကို အကြွင်းမဲ့ယုံတယ်၊ အခြေအနေဆိုတာကြီးကိုတော့ သိပ်စိတ်မချချင်ဘူး"

"လုပ်ပြီကွာ၊ ဘာတွေဆွေးနေမှန်းမသိဘူး"

မိနစ်အနည်းငယ် စကားသံတို့ တိတ်ဆိတ်သွားသည်။ လရောင်တင့်သောညအောက်မှာ ခံစားချက်က သိပ်မယင်းလက် ရင်ခုန်သံကတော့ အပြည့်အဝ နွေးထွေးနေပါသည်။

လူ့ဘဝသည် တစ်ခါတရံ ဝေးဝေးသို့ လှမ်းမျှော်ကြည့်တတ်ရသည်။

ဖိုးလပြည့်စာပေ

တစ်ခါတရံတော့ အနီးနားဆီကိုပဲ ကပ်ကြည့်ရပြန်သည်။

ဝေးဝေးသို့ လှမ်းမျှော်ကြည့်တတ်ခြင်းသည် အောင်မြင်မှုလမ်းစများကို တွေ့မြင်နိုင်ခဲ့သော်လည်း တစ်ခါတရံမျိုးမှာ မောပမ်းနွမ်းနယ်ရတတ်သည်။

နီးနီးလေးဆီသို့သာ ကြည့်တတ်ခြင်းကလည်း တစ်ခါတရံတော့ သောကကင်းမဲ့ အေးမြစေနိုင်သော်လည်း တရံတခါ လမ်းစပျောက်ဆုံးနေတတ်သည်။

"တို့. . . သီချင်းဆိုပြမယ်လေ၊ သက်ထား နားထောင်မှာလား"

"အင်း. . . တိုးတိုးတော့ဆိုနော်"

ဘဝဆိုတာ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး စိတ်ကြိုက်ရွေးချယ်သီဆိုခွင့်ရခဲ့ရင်တော့ ကောင်းတဲ့အပိုဒ်လေးပဲ ရွေးပြီဆိုချင်တာပေါ့။

တစ်ခါတလေတော့ သီချင်းက သီဆိုသူကို ပြန်ရွေးချယ်သွားတတ်တာမျိုး ရှိတတ်တယ်လေ. . . ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၃)

နေသာသောနေ့တစ်နေ့...

သက်ထားနွယ်အိမ်မှာ ပြဿနာသေးသေးလေးတက်ပါတော့သည်။ ပြဿနာစတင်ပုံမှာ ဒေါ်ငြိမ်းငြိမ်းနွယ်၊ သက်ထားနွယ်အခန်းထဲ ဝင်ရောက်လာသောနေ့...။

"ဟဲ့...သမီး ဒီမှာ နို့ဆီဗူးအခွံတွေက ဘာလုပ်ထားတာလဲ"

ပထမတော့ သက်ထားနွယ် ဘာပြောလို့ပြောရမှန်း အကြောင်းပြချက်ရှာမရ။ နောက်တော့ ခံတွင်းထဲရှိရာ ပြောချလိုက်သည်။

"မကိုင်နဲ့...မကိုင်နဲ့...မေမေ၊ သမီး ယတြာချေထားတာ"

"ဘာအတွက်ချေတာလဲ သမီး၊ အမေလည်း မသိရပါလား"

"ဟုတ်တယ်၊ သမီးလည်း စကားမစပ်မိတော့ မပြောဖြစ်ဘူး လုပ်ငန်းကိုင်ငန်း အောင်မြင်အောင်ပါ"

"ပေဒင်ဆရာလုပ်နိုင်းတာလား"

ဖိုးလမြည့်စာပေ

"ဆရာမဟုတ်ဘူး၊ ဆရာမ"

ဗေဒင်ဆို၍ မိန်းမသားပီပီ ဒေါ်ငြိမ်းငြိမ်းနွယ်ပါ စိတ်ဝင်စား သွားပုံရသည်။

"သမီး ဗေဒင်ဆရာမက မှန်ရောမှန်ရဲ့လားသမီးရဲ့" တခြား ဘာတွေဟောသေးလဲ"

"ဒီလောက်ကြီးတော့ မဟောပါဘူး၊ အညွှံလေးတွေ နည်းနည်းရှိ ဘာနဲ့ ယတြာလောက်ပဲ၊ မှန်တော့အမှန်မှန်တယ် မေမေရဲ့"

"ဟုတ်လား၊ ဒါဆို တစ်ခေါက်လောက်တော့ မေမေလည်း ဇာတ စစ်ဦးမှ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"သမီး ဒီနေ့ သင်တန်းမရှိဘူးမဟုတ်လား၊ ဘာလုပ်နေလဲ"

"သမီး စာဖတ်မလို့"

"အေး. . . အေး. . . ငါ့သမီးကြည့်ရတာ သိပ်နေထိုင်မကောင်း သလိုပဲ၊ ဆေးခန်းလေးဘာလေး ပြကြည့်ပါလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ခါတဝလ မောမော ငြီး အားနည်းနေသလိုပဲ၊ မေမေလည်း ကိုယ့်ကျန်းမာရေးကို မပေါ့နဲ့နော"

"အေးပါကွယ်၊ မေမေလည်း ဆေးမှန်မှန်သောက်နေရတယ်၊ ငါ့ သမီးလည်း ဆေးခန်းပြဖြစ်အောင် ပြကြည့်ဦးနော် သမီး"

ဒေါ်ငြိမ်းငြိမ်းနွယ်ပြောမှ သက်ထားသူငယ်ချင်း ဒေါက်တာ [illegible] ထွေးကို သွားသကိရသည်။ မတွေ့ဖြစ်တာလည်း အတော်ကြာ[illegible] ဆော့. . .

"ဟုတ်ကဲ့၊ သမီးသူငယ်ချင်း ဆရာဝန်တစ်ယောက်ရှိတယ် [illegible] ပြကြည့်လိုက်ပါ မေမေ"

"အေး. . . အေး. . . ဒါနဲ့ သမီး နို့ဆီခွက်ယတြာက [illegible]

ဖိုးလပြည့်စာပေ

ကြာကြာထားရမှာလဲ"

"တစ်လကျော်ကျော်လောက်ပါ၊ ဘာဖြစ်လို့လဲ"

"ဩော်. . . ပစ္စည်းအဟောင်းအစုတ်တွေဆိုတော့ အိမ်မှာ ကြာကြာထားလို့မကောင်းမှာစိုးလို့၊ ယတြာရက်ပြည့်ရင်တော့ ရောင်းချင်ရောင်းမရောင်းရင် လွှတ်သာပစ်လိုက်တော့နော်"

"ဟုတ်. . . ဟုတ်ကဲ့ မေမေ"

ဒီလိုနှင့်ပင် သက်ထားနွယ် သူမသူငယ်ချင်း ဒေါက်တာနုနုထွေး ဆီသို့ ရောက်ခဲ့ရသည်။

"ဟဲ့. . . မိသက်ထား၊ ဘယ်ကနေဘယ်လို လည်လာတာလဲ၊ အလည်သက်သက်ပဲလား"

"မရောက်တာလည်းကြာတာနဲ့၊ နောက်ပြီး ကျန်းမာရေးအခြေအနေ စမ်းသပ်ကြည့်ရအောင်လာခဲ့တာ"

"ဒေါက်တာနုနုထွေးက ဆရာဝန်ဆိုသော်လည်း တရားသူကြီး အကြည့်ဖြင့်ကြည့်ပြီး ကျောင်းဆရာမလေသံနှင့် . . .

"ဆွေးနွေးဖို့ သိပ်လိုအပ်တဲ့အခြေအနေပဲ သူငယ်ချင်း"

ထိတ်လန့်ခြင်းခံစားမှုကို သက်ထား ခံစားလိုက်ရသည်။

ဒေါက်တာနုနုထွေးမှာ သက်ထားနွယ်ကိုစမ်းသပ်ပြီး လက်ရှိအခြေအနေနှင့် အကြံဉာဏ်ပေးစကားများကို တိုးတိုးလေးပြောလိုက်သည်။

ဘာများပြောနေတာပါလိမ့်။

လူရွင်တော်တွေမျက်လုံးလိုပေါ့။

တိုးတိုးလေးပြောတာ၊ ငါ ဘယ်ကြားမလဲ။



ဖိုးလပြည့်စာပေ

နွေစစ်ကြီးမဟုတ်ပေမယ့်လည်း

ခပ်ဝေးဝေးသို့ လှမ်းမျှော်ကြည့်လိုက်ရင် အပူရှိန်ကြောင့် တံလျှပ်များက တလူလူပျံတက်နေကြသည်။ ရင်ထဲကအပူတွေလည်း တံလျှပ်ထနေပြီ ထင်ပါရဲ့။ တံလျှပ်တွေရဲ့ကြားမှာ လူတွေက အပူပင်ကိုအံတုလျက် လှုပ်ရှားသက်ဝင်ရင်ဆိုင်နေရဆဲ။ အပူလှိုင်းဂယက်တွေကြားမှာ လူများကို ကြည့်ပြီး သူတို့ သိပ်ပူနေမှာပဲဟု တွေးမိနေသော သူရပ်နေရာကို ခပ်လှမ်းလှမ်းမှပြန်ကြည့်လျှင်လည်း တံလျှပ်များကို မြင်တွေ့နိုင်ပါလိမ့်မည်။

လူဆိုတာ ဒီလိုပါပဲလေ၊ ကိုယ့်ဘေးနား့ကတံလျှပ်ကို မမြင်နိုင်ဘဲ အခြားတံလျှပ်တွေကြားက လူတွေကိုကြည့်ရင်း သိပ်ပူနေမှာပဲလို့ တွေးနေတတ်ကြတာပါပဲ။

လေနဲ့အတူ လွင့်လာဟန်ရှိသော သစ်ရွက်ကလေးက သူ့ရှေ့နားကို ဝဲကျလာတာတွေ့တော့ စိတ်ကူးလေးနဲ့မေးမိတယ်။

သစ်ရွက်လေးရယ်. . .

မင်းတစ်ယောက်တည်းပဲလား. . .

ဘယ်လိုအပြစ်အနာဆာတွေကြောင့် မင်းကြွေခဲ့ရတာလဲ. . .

မင်းဟာ ရင့်ရော်ခြောက်သွေ့မနေသေးပါဘူး. . .

အကိုင်းအလက်တွေကြား မင်းသက်တမ်း အတော်ကြာ နေသင့်သေးတာပဲ. . .

မတတ်နိုင်စွာနဲ့ ငါစိတ်မကောင်းပါဘူး. . .

ကြွေချိန်တန်တယ်မတန်တယ်ရယ်လို့ လောကကြီးမှာ သိတ်မှတ်ချက်မရှိပါဘူး။ ဖြစ်တည်ခြင်း ပျက်ကြွေခြင်းများဟာ အားလုံးပဲ အမိုန်အခါနေရာကျပါတယ်။ ကြွေခဲ့တာလည်း ငါတစ်ယောက်တည်းမှမဟုတ်ဘဲ ဝေခဲ့ကြွေခဲ့ကြတဲ့ သစ်ရွက်တွေ ဟောဒီကမ္ဘာမြေပြင်ထက်မှာ များစွာပါ။

ဖိုးလပြည့်စာပေ

ခံစားတတ်ရင်လည်း ခဏလေးပဲ စိတ်မကောင်းဖြစ်လိုက်ပါ။ သစ်ရွက်ကလေးက ပြန်ပြောလိုက်တာပါ . . .

ဒါပေမဲ့ သူ မကြားဘူး. . .

ဘယ်သူမှလည်း မကြားလိုက်မိပါဘူး. . .။

"ဖြေလေ သက်ထား၊ ဘာလို့ ခေါင်းငုံ့နေတာလဲ"

သက်ပြင်းတစ်ခု မသိမသာ သူမ လွှတ်ချပစ်လိုက်သည်။ တွေဝေခြင်းမျှားပါ တစ်ပါတည်းပါမသွားဘဲ ဆက်လက်တွေဝေနေခဲ့သည်။ သူမေးလိုက်သော မေးခွန်းအတွက် သူမမှာ အဖြေများစွာ အသင့်ရှိနေပါသည်။

သို့သော် အကောင်းဆုံး သို့မဟုတ် အသင့်တော် အလှပဆုံး အဖြေကို ခက်ခဲစွာမျှာဖွေရင်း သူမတွေနေမိရသည်။ ဝမ်းနည်းမှုကြောင့် ထင်၏။ မျက်ဝန်းတွေက မျက်ရည်တွေကို ရွာသွန်းချဖို့ ငွေ့ရည်ဖွဲ့ အဆိုင်အခဲတည်ဆောက်နေခြင်းကို သူမ အလန့်တကြား ဘားမြစ်လိုက်သည်။

မလုပ်နဲ့ ငိုမျက်ရည်ကျလို့မဖြစ်ဘူး. . .

သူကတော့ သူမမျက်ဝန်းထဲက ဘာသာစကားကို မျက်လုံးချင်း စူးစိုက်ဖတ်နေရင်း . . .

"ပြောလေ မယုံကြည်နိုင်တာလား၊ တကယ်မချစ်ခဲ့လို့လား၊ ထာဝရအထိ မရည်ရွယ်ခဲ့လို့လားဆိုတာ မင်း တစ်ခုခုတော့ပြောလိုက်ပါ"

သူ့မျက်လုံးများကို ရင်ဆိုင်အားကင်းမဲ့၍ ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိသည်။ လတ်တလော အဆင်ပြေမှုအတွက် သူမ မုသားမသုံးချင်ပါ။ အမှန်တရားကိုလည်းပြောဖို့ အင်အားက မပြည့်ဝ။

"ချစ်တာပေါ့ဖြူးရယ်၊ သိပ်ချစ်တာပေါ့၊ ဒါ မေးစရာမလိုဘဲ ဖြူးသိပါတယ်၊ တို့နှစ်ယောက်ကြား ဘယ်လောက်အတိုင်းအတာအထိ ယုံကြည်မှော်လင့်ထားခဲ့ကြတယ်ဆိုတာလည်း တို့နှစ်ယောက်သာ အသိဆုံး

ပဲလေ"

လွတ်ထွက်မသွားနိုင်ကြမှန်းသိလျက်နဲ့ တင်းတင်းကျပ်ကျပ် ထွေးဖက်ထားမိကြပြန်သည်။

"ဒါဆို ကိုယ်တို့ လက်ထပ်ကြရအောင်လေ၊ အဖေတို့အမေတို့ ကလည်း မြေးချီချင်နေကြပြီ၊ ကိုယ်တို့ချစ်ခဲ့ကြတာ တစ်နှစ်ပြည့်ခါနီးနေ ပြီပဲ"

လေပြေကြားမှာ တစ်ယောက်ရင်ခုန်သံတစ်ယောက် ပြန်လည် ခံစားမိကြခိုက်မှာ . . .

"ဘာတွေ တွေဝေနေတာလဲသက်ထားရယ်၊ မတော်တဆဆိုတာ လုံးဝ အဖြစ်မခံနိုင်ဘူး"

"တို့နှစ်ယောက် အနာဂတ်ကို မင်းရဲ့ အေးစက်စက်တုန့်ပြန်မှု တွေနဲ့ ရပ်တန့်မထားလိုက်ပါနဲ့။

"ဘယ်လိုလဲ သက်ထား"

ပြန်လည်တိတ်ဆိတ်သွားကြပြန်သည်။ တိမ်တိုက်တွေက မိုး အဖြစ်ရွာသွန်းဖို့ အားယူနေကြဆဲ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၄)

"မင်း Heart အားနည်းနေတယ်. . . သက်ထား"

ဒေါက်တာနုနုထွေးက အားနာခြင်း စိတ်မကောင်းခြင်းကြားမှ စံကားတစ်ခွန်းအား အားယူပြောလိုက်ရဟန်တူသည်။

"ခုအချိန်ကစပြီး ဆေးသောက်ဖို့ကို ဂရုတစိုက် သေချာလုပ်ရတော့မယ် သက်ထား၊ နောက်ပြီး အနည်းဆုံး တစ်လတစ်ကြိမ်လောက် မင်းအခြေအနေကို ပြန်ပြန်လေ့လာစမ်းသပ်သင့်တယ်"

သူမက ခြောက်သွေ့နေသော အပြုံးတစ်ပွင့်ကို ကြိုးစားလိုက်လဲပြုံးလိုက်ပြီး . . .

"နောက် ဘာတွေဖြစ်နိုင်သေးလည်း နုထွေး၊ ပြောပါ ပွင့်ပွင့်လင်းလင်းပြောပြပါ သူငယ်ချင်း"

"ကိုယ့်အမြင်ဖြစ်စေချင်တာက မင်းအိမ်ထောင်မပြုသင့်သေးဘူး၊ အဲ. . . အိမ်ထောင်ပြုစေဦးတော့၊ မင်း ကလေးယူလို့မဖြစ်နိုင်ဘူး၊ မင်း

ကလေးယူတဲ့အခါ ကလေးရဲ့ဖွံ့ဖြိုးမှုနဲ့ ကျန်းမာရေးအတွက် အလားအလာ ဓကောင်းနိုင်သလို မင်းအသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်"

ဒေါက်တာနုနုထွေးက တစ်ခါတည်းသာပြောခဲ့ပေမယ့် သူမနားထဲ မှာတော့ အကြိမ်ကြိမ်ပြန်ကြားနေရတယ်။

"ဒါပေမဲ့ ဆေးမှန်မှန်သောက် ထိထိရောက်ရောက် ဂရုစိုက်ရင် ပြန်ကောင်းနိုင်တဲ့အခြေအနေပါကွာ၊ စိတ်ဓာတ်မကျပါနဲ့၊ စိတ်ဓာတ်ကတော့ လုံးဝကျလို့မဖြစ်ဘူး သူငယ်ချင်း"

"မင်းက ဘယ်လိုဖြစ်ပြီး ချက်ချင်းကြီး အသည်းအသန် မိန်းမ လိုချင်သွားရပြန်တာလဲ"

ဝဏ္ဏစကားက သက်ထားနွယ်ဘက်မှာ အနည်းငယ်ယိမ်းသည်။

"ချစ်လို့ပေါ့ကွ၊ ချစ်လို့လက်ထပ်ချင်တာပေါ့၊ မင်းကြီးတော်လို ဝါ မချစ်တဲ့လူကျ လက်ထပ်ချင်ပါ့မလားကွ"

"ဟိတ်. . . ဟိတ်ကောင် စကားကို စည်းနဲ့ဘောင်နဲ့ပြော"

"အေးပါ. . . ဥပမာပြောတာ၊ ချစ်လို့. . . သိပ်ချစ်လို့ပေါ့"

အဖြေက ရှင်းသည်။ တိကျသည်။

"ဟုတ်ပါတယ်၊ ချစ်ပါ မချစ်နဲ့လို့တော့မပြောပါဘူး၊ [illegible] မပြောဘူး၊ မျိုးဇော်လည်းမပြောဘူး၊ ဟုတ်တယ်နော်"

မျိုးဇော်က ယောင်တောင်ပေါင်တောင် ရမ်းသမ်း[illegible]

"မိန်းမယူဖို့အထိတော့ . . ."

"လက်ထပ်တယ်ပြောပါကွာ"

"အတူတူပဲ၊ ကဲ. . . မင်းပြောသလို လက်ထပ်ဖို့အထိကတော့

ဖိုးလပြည့်စာပေ

နေဦးလေကွာ၊ သူ့မှာလည်း သူ့အကြောင်းနဲ့သူရှိလို့ ငြင်းတာနေမှာပေါ့"

"သူ့အကြောင်းက ဘာမှန်းကိုသေချာမသိရတာ၊ ခိုင်ခိုင်မာမာ တိတိကျကျလည်းမပေးဘူး၊ မရေမရာပြောနေတာကြာတော့ နှစ်ခါကနေ သုံးခါ ငါ စိုးရိမ်လာတယ်၊ ငါ ဆက်ပြီး မခံစားနိုင်တော့ဘူးကွာ၊ ငါ့ ယုံကြည်မှုတွေ ငါ့မျှော်လင့်ချက်တွေ လွဲချော်သွားမှာကို ငါ. . ."

"သက်ထားနွယ်အချစ်ကို သံသယရှိလာတယ်ဆိုပါတော့"

ဖြိုးဝေပိုင် လေးလေးနက်နက်စဉ်းစားနေလိုက်သေးသည်။ ပြီးမှ ခေါင်းတစ်ချက်မသက်မသာငြိမ့်ရင်း . . .

"ဟူး. . . အဲဒီသဘောမျိုးဆန်ဆန်ပဲ"

"ကဲ. . . သံသယရှိတယ်ပဲ တိတိကျကျထားလိုက်ပါတော့၊ သူ့ ဘက်က ခြေလှမ်းမှားယွင်းတာမျိုး တစ်ခုခုများ မင်းတွေ့နေရလို့လား"

မျိုးဇော်က ငြိမ်နေရာမှ ထမေးလိုက်တာပါ (မတ်တပ်ထမေးခြင်း မဟုတ်ပါ)

"အကြောင်းပြချက်မခိုင်လုံဘဲ ငါ လက်ထပ်ခွင့်တောင်းတာကို ငြင်းပယ်နေခြင်းကပဲ အကြီးမားဆုံး အဓိကခြေလှမ်းမှားယွင်းမှုပဲ၊ ငါတော့ အဲလို ခံစားရတယ်"

"ခေါင်းရှောင်တာတော့မဟုတ်ဘူးနော်၊ မင်းတို့ဘဝတစ်ခုလုံးနဲ့ ပတ်သက်နေတော့ ငါတို့ ထိထိရောက်ရောက်အကြံမပေးရဲဘူး၊ မင်းက လက်တွေ့အကျဆုံးနဲ့ အဓိကခံစားနေတဲ့လူဖြစ်တဲ့အတွက် မင်းဟာနဲ့မင်းပဲ ဆုံးဖြတ်ပါကွာ၊ အခြေအနေ နှစ်ဖက်လုံးကိုတော့ အတတ်နိုင်ဆုံး အဆင် ပြေအောင် မျှမျှတတညှိနှိုင်းပြောကြည့်ပါကွာ"

"ညှိနှိုင်းဖို့အတွက်ကတော့ ပြတ်ပြတ်သားသား နောက်ဆုံး အကြိမ် လက်ထပ်ခွင့် ထပ်ပြီးတောင်းဖို့ပဲရှိတယ်"

"လုပ်သာလုပ်ကွာ၊ မင်း ကောင်းမယ်ထင်ရင်ပေါ့၊ တို့က

ထောက်လျှောက်မြှောက်ပေးနေတာပဲ၊ လိုအပ်တဲ့အကူအညီကတော့ တတ်နိုင်သလောက် အဆင်သင့်ပဲ"

"သက်ထားတော့ သတိထားမိမလားမသိဘူး၊ ခုလို ထီးတစ်ချောင်းကို အတူဆုပ်ကိုင်ပြီး အနာဂတ်ကို စိတ်ကူးတွေမျှော်လင့်ခဲ့ရတာကိုယ် အရမ်းကျေနပ်မိသလိုပဲ၊ တစ်နေ့နေ့ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ချက်ကလေးနဲ့ပေါ့"

"ခုတော့ တဖြည်းဖြည်း ဖေါက်ပျက်စပြုလာသလိုပဲ၊ အရသာမပေးစွမ်းနိုင်တော့ဘူး၊ တို့ ဘာကို ဘယ်လို အရသာရှိရှိခံစားရမှာလဲ၊ သက်ထား မင်းပြောပါ၊ ရေရာတဲ့ဆုံးဖြတ်ချက်နဲ့ တို့ရဲ့ ဝေဝေဝါးဝါး အိပ်မက်တွေကို အလင်းပြပေးသင့်ပြီ"

"တို့ မင်းကို သိပ်ချစ်တယ်သက်ထား၊ ရယူပိုင်လိုခြင်းနဲ့ချစ်တာ၊ မင်းရဲ့အချစ်ကရော ဘယ်လိုသတ်မှတ်ခံယူချက်မျိုးနဲ့ ချစ်ခဲ့တာဆိုတာတော့ ဒီနေ့အထိ တို့ မသိရသေးဘူး၊ လက်ထပ်ကြဖို့ပြောတော့ မင်း အားသက်သရော ခေါင်းငြိမ့်ဖို့ ဝန်လေးနေတယ်၊ အကြောင်းပြချက် တစ်စုံတစ်ရာ ခိုင်ခိုင်လုံလုံမရှိဘဲနဲ့ ငြင်းတယ်၊ ဘာကြောင့်များလဲ"

"တို့မှာ မင်းလို ချစ်သတ်မှတ်စံနှုန်း ဘယ်လိုမကိုက်ညီမှုတွေ့ ဆိုတာင့် အိပ်မက်တွေကို အိပ်ဆေးခပ်နှစ်သိမ့်နေချင်ရတာလဲ"

သူမ တစ်ခုခုပြန်ပြောလိုက်ချင်တဲ့အချိန်အထိ စကားလုံးကမရှေးချယ်နိုင်သေးပေ။ ခေါင်းကိုသာ တွင်တွင်ခါယမ်းရင်း မျက်ရည်များ ထိတ်ကိတ်လေးစီးကျလာသည်။

ခေါင်းခါလိုက်ရုံနဲ့သာ နာရီတွေရပ်တန့် အားလုံး အိပ်စက်နိုင်ခဲ့ရင်တော့ ကောင်းတာပေါ့

ဖိုးလပြည့်စာပေ

သူမထံမှ စကားသံတစ်စွန်းတစ်ပါဒ ထွက်ပေါ်လာသင့်တဲ့အချိန်ကို ကျော်လွန်သည်အထိ အလုံးစုံ (တောင်းတ,နေခြင်းမှလွဲ၍ တိုးတိတ်ညင်သာနေဆဲ)။

ဒါဟာ တို့နှစ်ယောက် အနာဂတ်ပဲလား။ ဒီလမ်းကိုပဲ လျှောက်ရတော့မှာလား။ ဒါပဲလား. . . သက်ထား။

မင်းကို တို့ နားအလည်ဆုံးပဲလို့ ရဲရဲဝံ့ဝံ့ထင်ခဲ့မိတယ်။ တကယ်တော့ နားမလည်ဆုံးလူပါပဲ။ မင်းဟာ ဘာမှန်းကိုမသိဘူး။ မင်းခံစားချက်တွေက ဘာမှန်းသိအောင် နားလည်ကြည့်လို့မရတော့ဘူး။ နားလည်ဖို့ ထပ်ကြိုးစားဖို့ တို့ အင်အားမတတ်နိုင်တော့ဘူး။

ပြောပြလောက်အောင် နေမပူဘဲ ထိုးဆောင်းခဲ့. . .

ထိုးတစ်ချောင်းအောက်မှာ မအေးချမ်းဘဲ အေးစက်ထုံကျဉ်နေတဲ့ လူသားနှစ်ယောက် . . .

ဒီတစ်ခါ အံ့သြတဲ့မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်ရသူက သူမ . . .။

"ထပ်ပြောမယ် သက်ထား၊ တို့ မင်းကို ပြောနိုင်တာရဲ့ ဟိုးတစ်ဘက်အထိချစ်တယ်၊ ဒါ မှန်သောသစ္စာစကားပဲ၊ တို့သွားတော့မယ်"

"မင်းခံစားချက်တွေ မင်းကိုယ်မင်းနားလည်အဖြေထွက်တဲ့နေ့၊ ဒါမှမဟုတ် တို့နားလည်အောင် မင်းပြောမယ့်နေ့အချိန်ကိုပဲ တို့ စောင့်မျှော်နေတော့မယ်၊ မင်းနဲ့ပတ်သက်ရင် စောင့်မျှော်ရတဲ့အလုပ်ကိုပဲ တို့လုပ်ခဲ့ရတယ်"

သူ ထွက်သွားပြီ။

တစ်လှမ်း. . .

နှစ်လှမ်း. . .

သုံးလှမ်း. . .

လေးလှမ်းမြောက် ဟန်အပြင် . . .

"ဖြူး"

နှလုံးသားထဲ ပဲ့တင်ထပ်နိုင်အောင် အစွမ်းသတ္တိပျော်ဝင်နေသော ခေါ်သံအောက်မှာ စက္ကန့်အနည်းငယ်အတွင်းမှာ နှစ်ယောက်အတူ ထွေးဖက်ပြီးသားဖြစ်နေလေပြီ။

သူမကိုယ်တိုင်ကလည်း မခွဲရက်နိုင်ဘူးပေပဲ။ အဲဒီတော့ အားလုံးအတူတူရင်ဆိုင်ဖို့အတွက်ပဲ၊ ခေါင်းငြိမ့်လိုက်မိတယ်။

"အတူသွားကြမယ်"

"ဘယ်ကိုလဲ"

"ဒီလောကနဲ့ အတန်ငယ်ဝေးတဲ့ တို့နှစ်ယောက်ဖန်ဆင်းမယ့် နယ်မြေတစ်ခုဆီကိုပေါ့"

"သက်ထား. . . တကယ်ပြောရဲတာလား"

"အင်း"

"ဟေး"

ရယ်သံတွေက ကြားခံနယ်တွေထဲက တိုးဝင်ပျံသန်းထွက်ပေါ်လာခဲ့တယ်။ ရယ်မောလိုက်ကြတယ်၊ ကြည်ကြည်နူးနူး ရယ်မောလိုက်ကြတယ်။ ရယ်သံတွေရဲ့နောက်မှာ ငိုကြွေးတတ်ရကြောင်းကို မသိဘဲနဲ့ ရယ်မောလိုက်ကြတယ်။

အချိုမြိန်ဆုံးသော အချိန်လေးပေါ့ . . .

ဖိုးလပြည့်စာပေ

အခန်း (၂၅)

ဖုန်းမြည်သံကြောင့် သီချင်းနားထောင်နေရာမှ ထကာ ဖုန်းကောက်ကိုင်လိုက်တယ်။

"ဟယ်လို မျိုးဇော်လား"

ဒီအသံက နှစ်ယောက်မရှိသဖြင့် . . .

"အေး. . . ဟုတ်တယ်၊ ဖြိုးဝေပိုင် ပြော. . ."

"ငါ မင်းတို့ကို ဟိုင်ပင်စရာရှိလို့"

အူမြူးကြည်နူးသံ ရောစွက်နေပါသည်။

"သက်ထားနွယ်. . . ကိစ္စလား"

"အေး. . . ဟုတ်တယ်၊ ငါတို့ ခိုးပြေးကြတော့မလို့"

"ဟာ. . . ပွတာပဲ"

"ဘာ. . . ပွတာလဲ"

"ငါက ဘာမှမပွဘူး၊ မင်းပွတာ မင်းပွတာ၊ မင်းတို့ ညှိနှိုင်းလို့

ဖိုးလပြည့်စာပေ

အဆင်ပြေသွားပြီပေါ့"

"ဒါပေါ့"

"ဒါဆို ဒို့ ဘယ်တော့ လာပြီးကူချောင်းပေးရမလဲ ပြော"

"နောက်မနေစမ်းပါနဲ့ကွာ၊ မင်းတို့ လာပြီးတော့လည်း ချောင်းလို့မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ နယ်ကဆက်နေတာကွ"

"နယ်ကဆက်တာ"

"အေး. . . ဟုတ်တယ်၊ ငါတို့နှစ်ယောက် နယ်ကိုရောက်နေတာကွ"

"ခွေးကောင် ခုမှလာပြောနေ၊ မင်းက ငါ့ကို တိုင်ပင်တာလား၊ အသိပေးတာလား"

"ညက ဖုန်းဆက်ဖို့ အဆင်မပြေလို့ပါကွာ"

"ကဲ. . . ထားပါတော့၊ မင်းတို့အဆင်ပြေတယ်မို့လား၊ ဘာအကူအညီပေးရမလဲ. . . ပြော"

"ပြေပါတယ်ကွာ၊ သက်ထားအိမ်ကို မင်းကြည့်ပြောလိုက်ကွာ၊ စိတ်အရမ်းပူနေမှာစိုးလို့၊ ငါ့အိမ်ကိုတော့ ငါဖုန်းဆက်ပြီးသွားပြီ၊ ဒီကြားထဲ အဆင်ပြေရင် မင်းဆီဖုန်းဆက်မယ်၊ မင်းအခြေအနေလေ့လာထားကွာ၊ ဒါတော့ ကူညီ၊ ဝဏ္ဏကြီးကိုလည်း မင်းပဲ မင်္ဂလာသတင်းပါးလိုက်ကွာ၊ ငါ ဆက်တော့ဘူး"

"အေးပါ. . . အေးပါ၊ ဆက်ဆက်ပြောလိုက်မယ်၊ ဒါနဲ့ မင်းဘယ်ကိုရောက်နေတာလဲ"

"အဲဒါတော့ အတိအကျပြောလို့မရသေးဘူး၊ ဒီထိုပဲ ကျောက်သိမ့်ဦးမှာ၊ ဟန်းနီးမွန်းပုံစံမျိုးပေါ့"

ဖိုးလပြည့်စာပေ

"ဟိတ်ကောင် မင်းလျှိုတာများနေပြီနော်"

"မတင်းပါနဲ့ကွာ ငါကောင်းပန်ပါတယ်၊ ဒါပဲနော်"

"မဒါပဲနဲ့ဦး၊ ဘေးမှာ သက်ထားနွယ်ရှိတယ်မို့လား"

"အေး. . . ရှိတယ်၊ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူးကွာ၊ ဖုန်းပေးပေးလိုက်စမ်းကွာ၊ ပြောချင်လို့"

"အေး"

ဖုန်းကို သက်ထားနွယ်ဆီ ကမ်းပေးလိုက်သည်။

"..." (ထူးသံ)

"သက်ထားနွယ်လား"

"ဟုတ်တယ် ကိုမျိုးဇော်. . . ပြော"

"မသက်ထားနွယ်"

"ရှိန်"

"ဟဲ ဟဲ ဟဲ ဟဲ"

"ဘာ. . . ဟဲ ဟဲ ဟဲ ဟဲလဲ"

"ဟီး ဟီး ဟီး"

"ဘာဖြစ်နေတာလဲ"

မျိုးဇော်ရယ်သံကို သက်ထားနွယ် ရှုက်နေဟန်တူပါသည်။

"ဖြူးနောက်ပြီး ရယ်နေတယ်"

"ဟိတ်ကောင်. . . ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ရယ်ချင်လို့၊ ကဲကဲ ငါကောင်းကြီးကောင်းရာသုဂတိ သားပါစေကွာ"

"ခွေးကောင်"

ဇတ်တရွတ်ကြီးတောင်းဆိုနေသော ဖြူးဝေပိုင်ကြောင့် ဝါတွင်းဖိုးလပြည့်စာပေ

အချိန်မှာပင် ခိုးပြေးလာကြခြင်းဖြစ်သည်။ မနက်ဖန်ဆိုလျှင် သူတို့ချစ်ခဲ့ကြတာ တစ်နှစ်ပြည့်ခဲ့ပြီ။

မီးရောင်တွေက ပိုပြီးလှပနေသလိုထင်နေရပြီး အအေးဓာတ်က ကောင်းချီးပေးနေသဖြင့် ညင်သာစွာ ထွေးဖက်ထားမိကြသည်။ ကမ္ဘာမြေကြီးက ချစ်သူနှစ်ဦးအတွက်တော့ အလျားအနံမလိုအပ်ဘဲ ကျယ်ဝန်းနေပါလိမ့်မည်။

မီးရှူးမီးပန်းများ ပစ်လွှတ်ကြ။ ဗျောက်အိုးများဖောက်ကြ၊ ကြယ်တာရာအစုံအလင်နဲ့ လသာညက လှပလွန်းနေပါသည်။

"သက်ထား. . . ဘာတွေတွေးနေတာလဲ"

"ဘာရယ်လို့မဟုတ်ပါဘူး၊ ဒီမီးပန်းလှလှလေးတွေ ဗျောက်အိုးတွေကို ဘယ်သူများ စိတ်ကူးရ စ,တီထွင်လိုက်တာလဲလို့ တွေးနေမိတာ"

"ဩော်. . . ဒါလား၊ (၉)ရာစုအတွင်းလောက်က တရုတ်လူမျိုးတွေ စ,ပြီးတီထွင်ခဲ့ကြတာ၊ အဲ့ဒီအထဲမှာ ယမ်းနက်မှုန့်တို့ သိန္ဓောဆားတို့၊ မီးသွေးမှုန့် ကန့်တွေနဲ့ရောပြီး တီထွင်ခဲ့ကြတာလေ၊ သူတို့ဆီမှာဆော့ မင်္ဂလာရှိတဲ့အထိမ်းအမှတ် ပျော်ရွှင်ကြတဲ့အယူအဆပေါ့၊ အဲဒီကပဲ ဆင်းသက်လာကြတာလေ"

"ဟော. . . ဟိုမှာကြည့်စမ်း၊ မီးလေးတွေ ရောင်စုံဖြာထွက်သွားကြတာ လှတယ်နော်"

"အင်း"

ကောင်းကင်ပြင်ထက်ဆီသို့ မီးပန်းလေးများ အစီအရီ ပြေးတက်ထာပြီးမှ ရုတ်တရက်ပေါက်ကွဲပြီး ရေဆေးအရောင်တွေ သွန်မျှလိုက်သကို တာလာစုံ လက်ထသွားသည်။

"ဒီမှာ. . . ဒီမှာ ဒီဘက်ကပိုလှတယ်. . . တွေ့လား"

"ဟုတ်တယ်နော်"

ချစ်သူနှစ်ဦးကတော့ ကောင်းကင်ကြီးဆီကိုပဲ ငေးမိုက်ကြေးသည်

လေပြည်အေးအေး သူတို့နှစ်ဦးကြား တိုးဝင်လို့မရ၍ စိတ်ကောက်ကာ ပြန်လည်ထွက်ခွာသွားသည်။ သူတို့ကတော့ လုံးဝမသိလိုက်ကြ။

"သက်ထား"

"ဟင်"

"အိပ်ကြရအောင်"

"အိုး"

သက်ထားနွယ် သူ့အတွေးနဲ့သူ ရှက်သွားသည်။

"ဘာဖြစ်သွားတာလဲ"

"ဟင့်အင်း. . . မအိပ်သေးဘူး. . . မအိပ်သေးဘူး"

စိုးရိမ်စိတ်နှင့် အကြောက်အကန်ငြင်းနေသည်။

"ဟား ဟား ဟား"

လက်သီးနှင့် ခပ်ဆတ်ဆတ်ထုလိုက်ရင်း. . .

"ဘာရယ်တာလဲ"

"ဘာမှမရယ်ပါဘူး၊ မနက်ကျစောစောထရမယ်"

"ဘာဖြစ်လို့လဲ"

"ဆွမ်းတော်ကြီးကပ်ပွဲပါတယ်၊ အဲဒါ မနက်အစောကြီးထပြီး ဆွမ်းလှူရအောင်လို့ပါ"

"ဆွမ်းတော်ကြီးကပ်ပွဲ၊ ဘယ်လိုမျိုးလဲ"

"သက်ထား မသိဘူးလား"

"ဟင့်အင်း. . . မသိဘူး"

"မနက်ကျ ထူပါရုံဘုရားကြီးမှာ ဆွမ်းတော်ကြီးကပ်ကြမှာ အာရုံ ဆွမ်းပေါ့၊ အရမ်းကြည်နူးဖို့ကောင်းတာ၊ မနက်ကျရင်သိမှာပေါ့"

"ဒါဆိုသွားမယ်"

လျှပ်စစ်မီးတပ်ဆင်မထားသော အိမ်အမှောင်ကြားမှာ ရောင်စုံ ကာလာ ဖယောင်းတိုင် သုံးတိုင်ထွန်းလိုက်သည်။ တိတ်ဆိတ်သော

ပတ်ဝန်းကျင်အောက် ချစ်သူနှစ်ဦးကတော့ ရင်ခုန်သံတွေနဲ့ဆူညံလို့ဒေါ့

သက်ထားနွယ် ငုတ်တုတ်လေးထိုင်နေဆဲ . . .

"သက်ထား. . . အိပ်လေ"

"အိပ်ပါလား. . . ကိုယ့်ဟာကိုယ်"

"ဖယောင်းတိုင်. . . ငြိမ်းလိုက်တော့မလို့"

"အိုး. . . မငြိမ်းနဲ့. . . မငြိမ်းနဲ့"

"မရဘူး"

"အိုး"

ကမ္ဘာမြေကြီးသည် စောင်းတစ်လက်ကို ခပ်ကြမ်းကြမ်းတီးခတ်၍ သမင်းကြီးက တေးတစ်ပုဒ်ကို ညင်ညင်သာသာဆိုသည်။ ကြယ်ကလေး တွေက လှည့်ပတ်ခုန်ပေါက်ကာ ဆူညံနေသည်။

နေမင်းကြီးကတော့ အာရုံဦးကို ချောင်းမြောင်းကြည့်ရှုနေဆဲ။

သူတို့နှစ်ယောက်က ခါးသက်မှုမရှိတဲ့ ရင်ခုန်သံတွေနဲ့ ပြင်းပြင်း ရှုရှု ချိုမြိန်နေကြသည်။

အမြင့်ဆုံး တောင်ထွတ်ဆီကို အပြေးအလွှားလှမ်းတက်လိုက်ကြ ပြီး အားရပါးရ ခုန်ဆင်းလိုက်ကြတော့ အသည်းထဲအထိ အေးစိမ့်သွားလို့ ဆို့. . . ။

အသက်ရှုသံများ. . . ။

အသက်ရှုသံများ ပြန်လည်နားဆင်. . . အချစ်တွေ မှုဝေစီးဆင်း လိုက်ကြတာ. . . ။

ဟိုးကောင်းကင် မိုးကုတ်စက်ဝိုင်းဝရိယာကို ကျော်လွန်သွားကြ ထယ်။

ဇိုးလပြည့်စာပေ

ကြယ်ရောင်အလင်းမျှသာရှိသော အာရဏ်အဦးဆုံးအချိန် နှင်းများ မှိုင်းနေအောင်ဝေသည်။ ရှေ့ဆုံးမှာ ကလေးငယ် နှစ်ဆယ်သုံးဆယ်ခန့်က ပိတ်ဖြူလေးများဝတ်ဆင်၍ မီးပုန်းဖြူဖြူလေးများကိုကိုင်ဆောင်လာကြသည်။

ထို့နောက်မှ အသံချဲ့စက်(လော်စပီကာ)တင်ထားသော ဆိုက္ကားမှာ လူကြီးတစ်ယောက် ရှေ့မှတိုင်အော်ပေးသည်။

"အို. . . ရောင်ဝါပြောင်ဆင်း မောင်နတ်မင်းတို့"

"ဗျာဗျ" (ကလေးငယ်လေးများ ပြိုင်တူအော်သံ)

"ကောင်းမြတ်သော ဝါကျွတ်ချိန်ခါမဟုတ်လားဗျ"

"ဟုတ်လေ. . . မှန်ပေဗျ"

". . . . . ."

". . . . . ." ဟူ၍ ညီညာဖျဖျ ဝမ်းသာကြည်နူးလျက် ချီတက်လာကြသည်။

ပြီးနောက် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော ကာလသားလူငယ်များက တောင်းလတ်(စိတ်တောင်း)ကိုင်သူကိုင် ထမ်းပိုးနှင့်ထမ်းသူ ထမ်းကာဖြင့် မုန့်ဆွမ်းအလှူခံကြသည်။

ထပ်မံ၍ ရောင်စုံမီးတန်းငယ်၊ ပြီးနောက် သီချင်းဖွင့်ထားသော ဘောက်စ်များဆင်ဆောင်ရာကား ထို့နောက်မှ မတ်တပ်ရပ်ရပ်ပွားတော်(နောက်ခံတိမ်တိုက်ကြားမှာ သံဃာတော်များ သရုပ်ဖော်ပန်းချီကား) ရွှေထီးငွေထီး ပန်းများနှင့် သပ္ပာယ်လှစွာ ဘုရားကြွတော်မူလာဟန်။ ပြီးမှ နောက်ဆုံး မီးစက်တင်လှည်း. . . ။

အမှောင်ထူထူ လွှမ်းခြုံထားသောညမှာ တကယ် သက်တော်ထင်ရှား သဗ္ဗေညုတမြတ်စွာဘုရား ကြွလာဘိသကဲ့သို့ ကြည်ညို သပ္ပာယ်လွန်းလှသည်။

ဖိုးလပြည့်စာပေ

လမ်း တစ်လမ်းချင်း တစ်လမ်းချင်း လမ်းအလိုက် ထိပ်များမှာ မုန့်မျိုးစုံအား အာရုံဆွမ်းဖြင့် အလှူဒါယိကာ ဒါယိကာမတို့က လှူဒါန်းပူဇော် ကန်တော့ကြပါသည်။

တေးသီချင်းသံ ညီညာတက်ကြွအော်ဟစ်သံ ရောင်စုံမီးရောင်များနှင့် ကြည်နူးဖွယ်ကောင်းလွန်းလှသော ဆွမ်းတော်ကြီးကပ်ပွဲပင်။ အာရုဏ်မတက်မီ ထူပါရုံစေတီတော်မြတ်ကြီးဆီပို့ရောက်ပြီး လှူဖွယ်မုန့်များကိုသွား ရောက်ပဝါလှူပူဇော်ကြပါသည်။ ကြည်နူးစရာ ချစ်စရာကောင်းသော ရိုးရာဓလေ့လည်းဖြစ်ပါသည်။

သီတင်းကျွတ် လပြည့်နေ့တိုင်းနေ့တိုင်း နှစ်စဉ်ကျင်းပသောပွဲတော်တစ်ခုလည်းဖြစ်ပါသည်။

ဖြူးဝေပိုင်နှင့် သက်ထားနွယ်တို့နှစ်ယောက်ကလည်း အာရုံဆွမ်းကပ်လှူပြန်လာခဲ့ကြသည်။

"သက်ထား"

"ဘာလဲဟင်"

"ဘာဆုတွေတောင်းလဲ"

"အများကြီးပဲ. . . ဖြူးရော"

"တို့ကတော့ ဆုတောင်းလေ့သိပ်မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တကယ်ဖြူစင်ပြည့်ဝတဲ့သဒ္ဓါစိတ်နဲ့ ကုသိုလ်ကောင်းမှုတစ်ခု [illegible] ကောင်းမှုတစ်ခုခုက်တော့ မလွဲမသွေရမှာပဲ၊ အဲလိုယုံကြည်တာကြောင့်မို့ ဆုတွေဘာတွေတော့ တောင်းလေ့သိပ်မရှိခဲ့ဘူး"

"ဒါပေမယ့် ဒီတစ်ခါတော့ ဆုတစ်ဆုတောင်းမိတယ် [illegible] လတ်တလော အရမ်းလိုချင်တောင့်တလာတဲ့ ဆန္ဒတစ်ခုတော့ပေါ့"

"ဘာဆုလဲ"

"သားဦးလေး. . . အမြန်ဆုံးမွေးပါစေလို့"

ဖိုးလပြည့်စာပေ

နားစည်ကို ထိုးခွဲဝင်ရောက်လာသော စကားသံကြောင့် သူမ အိပ်မက်မှ လှုပ်နိုးခံလိုက်သလို အထိတ်တလန့်ဖြစ်ခဲ့ရသည်။ ဖွင့်မပြော ရက်ခဲ့သေးတဲ့ အဓိပ္ပာယ်တချို့ကြောင့် ဘယ်လိုအပြစ်အနာအဆာတွေ ရရှိနိုင်မလဲ။ သူမ မစဉ်းစားတတ်တော့ ဘယ်သောအခါမှရော ဖွင့်ပြော ရက်နိုင်မည်ကိုလည်း သူမကိုယ်တိုင် မသေချာမရေရာ. . . ။

သူမတွေဝေခဲ့ရပေါင်း မြောက်များစွာခဲ့ပြီ. . . ။

"မွေးပေးမယ်မဟုတ်လား. . . သက်ထား"

"ဟင်"

"ကိုယ့်အတွက်. . . အဲ. . . မဟုတ်ဘူး. . . တို့နှစ်ယောက် အတွက် အိမ်ဆည်းလည်းလေး မွေးပေးမယ်မဟုတ်လားလို့"

အပူရှပ်ကို ဟန်လုပ်ပျော်ရွှင်ရင်း. . .

"မွေးပေးမှာပေါ့. . . မွေးပေးရမှာပေါ့"

သက်ထား ကတိပေးလိုက်တာပါ။ အသက်နဲ့သစ္စာပြုပြီး ဒီကတိ ကို ပေးလိုက်ခဲ့ရတာပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း(၂၆)

သုံးလနီးနီးခန့်ကြာတော့မှ မိဘများနှင့် သူငယ်ချင်းများထံ အဆက်သွယ်လုပ်ကြတော့ အမြန်ဆုံးပြန်လာခဲ့ကြဆိုသောစကားကြောင့် ဝမ်းမနည်းခဲ့ရပေမယ့် မင်းတို့အမေတွေ အိပ်ယာထဲလဲနေကြပြီဆိုသော စကားကြောင့် စိတ်မချမ်းမြေ့နိုင်ကြတော့။

ထို့ကြောင့် ရန်ကုန်သို့ အမြန်ပြန်လာခဲ့ကြရသည်။

ရန်ကုန်ရောက်တော့ ဖြိုးဝေပိုင်မားသားမှာ သာမန်လွမ်းဖွားမှု သာဖြစ်၍ စိုးရိမ်ဖွယ်သိပ်မရှိရသော်လည်း သက်ထားနွယ် မွေးမိခင်မှာ တော့ နှလုံးရောဂါအခံမျှဖြင့် အားမရနိုင်ရှာဘဲ ဆီးချိုအနည်းငယ်နှင့် သွေးတိုး မဆိုသလောက်များကို ပေါင်းစည်းရောသမမွှေကာ စမ်းသပ်ခံစား နေရပါသောကြောင့် ဂရစိုက်ရမည့်အခြေအနေ။

သူ့သမီးပြန်ရောက်လာတော့ ငိုလိုက်တာသောက်ဆေးကိုသဲ လွမ်းလိုက်တာက တရွတ်တိုက်နေပေတော့သည်။ ဝမ်းနဲ့ကွယ်မွေးထားခဲ့

ဖိုးလပြည့်စာပေ

သူဆိုတော့လည်း ဒီလောက်တော့ ရှိသင့်တာပေါ့လေ။ သမီးမျက်နှာကို မြင်တော့ ချက်ချင်းကြီးပင် လန်းဆန်းတက်ကြွလာသဖြင့် အခြေအနေ တစ်ဝက်ဟာန်ပါသည်။

အခြေအနေမဟန်တာက ဖြိုးဝေဝိုင်နှင့် သက်ထားနွယ်။

နှစ်ယောက်သား မဖြစ်မနေ Tow Body Tiger (နှစ်ကိုယ်ကြား) မျက်နှာစုံညီ နဖူးတွေ့ဒူးတွေ့ တိုင်ပင်ရပါတော့သည်။

"သက်ထား စဉ်းစားထားတာကိုပဲ ပြောပါ။ အခြေအနေ ဘယ်ဟာအသင့်တော်ဆုံးဖြစ်မလဲ။ တို့နှစ်ယောက် ကြည့်ဆုံးဖြတ်ကြတာပေါ့"

သက်ထားနွယ်ရင်ထဲက စကားတစ်ချို့ကို ပြောထွက်လာဖို့ ချိန်ဆနေဟန်ရှိသည်။ သက်ပြင်းငွေ့ငွေ့တစ်ချက်သွင်းချပြီး . . .

"ဖြိုး"

လေးလေးပင်ပင်ခေါ်လိုက်ရတဲ့အတွက် လိုအပ်ချိန်ထက် စက္ကန့်အနည်းငယ်ပိုကြာသွားသည်။

လေပြေတစ်သိုက်က ဖြတ်ပြေးတော့ သစ်ခွပန်းရွက်တွေရဲ့ ပွတ်ခတ်သံကြားလိုက်ရတယ်။

"ပြောလေ"

"မေမေက သက်ထားပြုစုရရှိတ်မှဖြစ်မှာ၊ နောက်ပြီး ဖြိုးမေမေ ကလည်း နေထိုင်သိပ်မကောင်းသေးဘူးဆိုတော့ ဖြိုးမှာလည်း ဝတ္တရား ရှိတယ်လေ၊ အဲ့ဒီ တို့ကိစ္စကို နည်းနည်းလောက် နောက်ရွေ့ထားရင် ကောင်းမလားလို့၊ အရမ်းကြီးလည်း အမှုကပ်ဖို့မကောင်းတော့လေ၊ အဲဒီ ဖြိုးရော ဘယ်လိုစဉ်းစားထားလဲ"

"လက်ရှိ ရာသီဥတုအရ ဒီအတိုင်းပဲဖြစ်သင့်တယ်လို့ တို့လည်း ယူဆပါတယ်၊ မိဘကျေးဇူးဆိုတာ အခွင့်ကြုံလို့ ဆပ်ခွင့်ရတာပဲ၊ ကိုယ်

ထုပ်ချင်တာ လုပ်ပြီးသွားပြီဆိုတော့ သူတို့ဘက်ကို တစ်လှည့် ပြန်ကြည့်ချင်းမယ်၊ တို့နားလည်ပါတယ်၊ နောက်ပြီး မေမေ့ကို ခဏအနားယူနိုင်ပြီး ဆိုင်ကို ကိုယ်တလှည့်ကြည့်ပေးချင်တယ်၊ လုံးဝပြန်ကောင်းသွားတော့မှ တို့လည်း သက်ထားနဲ့ လာကူပေးမှာပါ"

ထို့နောက် နှုတ်ဖျားက စကားသံများကို တံခါးပိတ်ပြီး မျက်ဝန်းထွေနဲ့ ပြောပြီကြတယ်၊ အပြင်မှာ နှင်းတွေဝေနေလောက်တဲ့အချိန်...

"ဒါဆို ခဏခွဲနေဦးမှာပါနော်"

ရင်ထဲကပန်းတစ်ပွင့် ညှိုးရော်သွားသည်။ ရင်ခွင်ထဲက ချစ်သူ ဆေးလေးကို ပွတ်သပ်ပြီး...

"ခဏတော့ ဒီပုံစံမျိုးပဲနေဦးမှာပါ၊ ဒါပေမဲ့ ခဏလေးပါ"

ထပ်မံပြောစရာဝေါဟာရ ခမ်းခြောက်သွားရသည်။ ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အားပေးစကားတွေပဲ ဝေနေအောင် သိဖွဲ့နေရမှာပါ၊ ဒါပေမဲ့ မည်သူက မည်သူ့ကို နှစ်သိမ့်ပေးကြရပါမည်လဲ။ ရင်မှာတော့ သောကကိုယ်စီများနှင့်သာ။

"အချိန်ရရင်ရသလို တို့လာခဲ့မယ်လေ၊ သက်ထားလည်း အားရင်လာလည်ပါ"

"အလည်သဘောနဲ့ လာရမှာလား"

"ဆောရီး...ဆောရီး...မှားလို့ လင်မယားချင်းပဲ [illegible] သဘောဘယ်သက်ရောက်မလဲ၊ ကြိုက်တဲ့သဘောနဲ့လာ ကြိုက်ခဲ့[illegible] မှာ ကြိုက်သလောက်လာခဲ့၊ တို့ဖန်းဖြစ်နေပြီပဲ၊ ဖန်းအဖြစ်နဲ့ထားချင်[illegible]

"လင်မယားချင်းဆိုတဲ့စကားနဲ့ ခုထက်ထိ မယုံကြည်[illegible] နားထောင်ရတာတစ်မျိုးကြီးပဲ"

"ဟုတ်တယ်၊ တို့လည်း ပြောသာပြောရတာ [illegible] အရသာတော့ရှိတယ်"

လက်နှစ်ဖက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားမိကြသည်။ ကြာခင်မှာတော့ ခဏလေးဖြုတ်ထားရမယ့် လက်နှစ်ဖက်ပါ။

"သက်ထားမေမေရော တို့မေမေပါ အားလုံးနေကောင်းသွားကြတော့မှ လက်ထပ်ဖို့ မင်္ဂလာဆောင်ဖို့ကိစ္စ ပျော်ပျော်ရွှင်ရွှင် တိုင်ပင်ကြတာပေါ့။ သက်ထားဖေဖေနဲ့ မေမေက ဘာပြောသေးလဲ"

"ဘာကိုလဲ"

"တို့နဲ့ လက်ထပ်လိုက်တဲ့ကိစ္စ"

"အမ်း. . . ခိုးရာလိုက်ပြေးလို့တော့ စိတ်ဆိုးတာပေါ့။ ဒါပေမဲ့ ဒီအခြေအနေရောက်မှတော့ သဘောမတူဘူးဆိုတဲ့စကား မပြောပါဘူး"

"တကယ်လို့ တို့တွေသာ ခိုးမပြေးဖြစ်ခဲ့ကြရင် သဘောတူပဲ မလားမသိဘူးနော်. . . သက်ထား"

"ဟာ. . . ဖြူးကလည်း ဘာတွေပြောနေတာလဲကွာ၊ တူတူ မတူတူ စိတ်မဝင်စားဘူး၊ သက်ထားလည်း ဖြူးကိုချစ်တယ်၊ ဖြူးလည်း သက်ထားကိုချစ်တာပဲ၊ တို့နှစ်ယောက်ကြားမှာ ပြည့်ပြည့်ဝဝ အခိုင်အမာ မျှော်လင့်မှုတွေရှိတယ်၊ နားလည်မှုနဲ့ အချစ်တွေရှိတယ်၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဘယ်တော့မှ ဘယ်သူမှ တို့နှစ်ယောက်ကို ခွဲလို့ မရနိုင်ဘူး"

"သေချာတယ်ပေါ့"

"သိပ်သေချာတယ်"

"ကတိနော်"

"ကတိ"

နှစ်ယောက်အတူ လက်သန်းချင်းချိတ် ကတိသဒ္ဓါတပြုကြသည်။

ချစ်သူနှစ်ဦး ဘေးပတ်ပတ်လည်မှာ လက်ဆတ်မွှေးပျံ့သော

ချစ်ခြင်း အငွေ့အသက်များဖြင့် လွှမ်းခြုံရစ်ဖွဲ့နေခဲ့သည်။ အပူအပင် အနည်းငယ်မှလွဲ၍ သောကကြီးကြီးမားမားဆိုတာ မရှိတော့။

အနမ်းခြွေသံတွေရဲ့နောက်မှာ အဓိပ္ပာယ်ဖော်ပြ၍ မပြည့်စုံနိုင်သော ရယ်သံများက တိုးတိုးညင်သာ လွှမ်ခတ်နေခဲ့သည်။

ထိုအချိန်ထိပေါ့...

ချစ်ခြင်းဇော်ခြေအစုံဖြင့်

ပစ္စပ္ပန်အားလုံး နင်းဖြတ်ခဲ့ကူးသည် ...

အိပ်ပျော်နေတဲ့ အလင်းရောင်မဲ့တွေကြားမှာ

နှလုံးသားတို့ဖြင့် လင်းလက်ခဲ့ ...

ဟိုမှာကြည့်စမ်း ...

ဒါ ...

တို့နှစ်ယောက်ရဲ့ ကောင်းကင်ပဲ ...

ပုလင်းဖင်ခန့်ရှိသော မျက်မှန်ထူကြီးနှင့် သူတို့နှစ်ယောက်ကို စိတ်ကြည့်ပြီး လေးလေးနက်နက်ထားဟန်ဖြင့် စကားဆိုသည်။

"အေးကွာ...အချိန်တန်လို့ ဖြစ်လာကြပြီဆိုတော့ အကောင်းဆုံးဖြစ်ဖို့ပဲ ဝိုင်းဝဲဦးစားကြတာပေါ့။ ဦးတို့အသိုင်းအဝိုင်းမှာ သားအမိ သောက်နဲ့ ဖိသားဏုတစ်ရုတိုးလာတာပဲပေါ့။ ဦးတို့ဘက်က ထဘူးဆိုင်းအတိုင်းဖြစ်ရမှာပါ။ ဒါပေမဲ့ ငြိမ်းရဲ့ကျန်းမာရေးအခြေအနေအရ အစ်အလော မစီစဉ်ဖြစ်တာတော့ ဦးလည်း စိတ်မကောင်းဘူးကွာ"

"ရပါတယ် ဦး၊ အခြေအနေအားလုံးကို ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်ဖိတ်စာတွေ

ဆန္ဒအတိုင်းကို လိုက်လျောပေးဖို့အသင့်ပါတဲ့၊ နောက်ပြီး သူတို့ဘက်က ချက်ချင်းကြီး စီစဉ်မပေးနိုင်သေးတဲ့အတွက်လည်း တောင်းပန်ပေးပါတဲ့၊ အချိန်ရတာနဲ့လာပြီး တိုင်ပင်ပါဦးမယ်လို့ ပြောလိုက်ပါတယ် ဦး၊ သက်ထားကိုလည်း အရမ်းချစ်ကြပါတယ်"

"အေးကွာ၊ ကောင်းပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ အချိန်တန်ရင်တော့ အားလုံး အဆင်ပြေသွားကြမှာပါ"

ထို့နောက် ဖြိုးဝေပိုင်ယောက္ခထီး သက်ထားနွယ်ဖခင်မှ ကျင့်ဝတ်ပေါင်းမြောက်များစွာ ဦးကာဖွင့်ဘိတ်သိပ်ဆရာနီးပါး ဩဝါဒချွေ လူကြီးစကားပြောကြားသွားပါသည်။

လူငယ်စကားပြောဖို့ကြံတုန်း ဘယ်နေရာက ချောင်းနေမှန်းမသိသော မောင်ဥက္ကာလင်းက စပ်ဖြဲဖြဲအမူအယာနှင့် ချဉ်းကပ်ဝင်ရောက်လာပြီး . . .

"ကိုယ့်ဆရာက လက်ကွက်အတော်နှေးတာပဲ"

"ဘာကိုလဲကွ"

"အဖြေတောင်းတုန်းကလည်း ဝေ့လည်ကြောင်ပတ် အဖြစ်ခံနေသေး၊ ခိုးပြေးဖို့ပြောတုန်းကလည်း အီစီကလီနဲ့ တိုင်ပတ်နေသေးတယ်ဗျာ"

"ဟင်. . . မင်း အားလုံးသိတယ်ပေါ့"

ဥက္ကလင်းက ခေါင်းကို ၁၅ဒီဂရီမော့၍ ဘေးသို့ ဒီဂရီအနည်းငယ်စောင်းလိုက်ပြီး . . .

"ဟား. . . အထင်စမောလှချည်လား၊ ကကြီးအထိ အားလုံး သိအဲ. . . နို့ဆီဗူးကိစ္စတောင်ပါသေး၊ စုံထောက်ဝတ္ထုရေးမယ့်သူပဲဗျာ၊ ဒီလောက်တော့မခေပါဘူး"

"အေးပါကွာ. . . ဟုတ်ပါတယ်"

ဖိုးလပြည့်စာပေ

သူရှက်ကိုးရှက်ကန်းနဲ့ ထိုစကားပဲပြောနိုင်ပါတော့သည်။ (အဖြေပေးတဲ့ညတုန်းက နားထောင်ပြီးလစ်သွားတာ ဒီကောင်ပဲနေမှာ)

"ဟဲ့. . . ဥက္ကာလင်း. . . နင့်အစ်မက ငါနော်"

"မမေ့ပါဘူး မမရာ၊ ခုမှ ရှက်ချင်ယောင်ဆောင်မနေပါနဲ့၊ ကဲ ကဲ. . . မမတို့ အီစီကလီလိုက်ဦး၊ ကျွန်တော် ဒိုးလိုက်ဦးမယ်၊ တာတာ"

သက်ထားနွယ်ပစ်ပေါက်လိုက်သော အရုပ်များကို ရှောင်တိမ်းရင်း ဥက္ကာလင်း ထွက်ပြေးသွားပါတော့သည်။

ဒီကောင် အရှောင်အတိမ်းကျွမ်းကျင်လည်း သိုင်းဝတ္တုရေးသင့်တယ်။

ကမ်းစပ်ကို နီးစပ်လိုသောဆန္ဒနှင့် ရေလှိုင်းငယ်သည် အင်အားအပြည့်ဖြင့် ပြေးဆင်းလာခဲ့ရာ 'ဖုန်း'ဆို ပြေးတိုက်တန်ပြန်၍ ကမ်းစပ်နှင့်ဝေးရာလို့ အမှတ်အထင် ရောက်ရှိသွားခဲ့သည်။

အဖြစ်အပျက်တို့က မြန်သည်။ မျက်စိတစ်မှိတ် လျှပ်တပြတ်ဆိုသလို မြန်သည်။

ဒါဟာ လုပ်ကြံမှုတစ်ခုဖြစ်ခဲ့ပါသည်ဆိုလျှင် တရားခံဘယ်သူလဲ။

အိပ်မက်သည် (ဆိုးဝါးခဲ့ပါလျှင်) အိပ်စက်ခြင်းအား အနှောင့်အယှက်ပေးတတ်ခဲ့ကြောင်း လန့်နိုးတော့မှသိလိုက်ရသည်။ သူ အိပ်မက်များကို မလိုချင်ခဲ့တော့။ သို့သော် အိပ်မက်မက်ပြီးခဲ့ပြီဖြစ်သလို လန့်နိုးမှုသည်း ပြီးသွားခဲ့ပါပြီ။

ပြန်အိပ်လို့ရော ပျော်နိုင်မှာတဲ့လား။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၇)

ဆိုင်ကလောင်ပေးသည့်အချိန်မျှားနှင့် သက်ထားနွယ် အားလပ်သည့်အချိန်လေးမျှားမှာသာ နှစ်ယောက် ဆုံဖြစ်ကြတော့သည်။

အချိန်တွေ အရမ်းအားနည်းလွန်းသည်ထင်၏။ ဆုံဖြစ်ကြတိုင်းတော့ ကြိမ်ဖန်များစွာဖြစ်သည့် ဓာတ်ပြားဟောင်းကိုသာ မရိုးအီနိုင်စွာဖွင့်အန်ကြသည်။ (တခြားလူတွေအတွက်တော့ နားပူနေမလားပဲ)

အချိန်ကာလတိုင်းမှာ မသိပြင်နိုင်သော အရာတွေရော သိပြင်နိုင်သည့်အရာတွေပါ သခ်ါရဆန်ဆန် သဘာဝကျကျ ပြောင်းလဲလို့နေသည်။

"သက်ထား. . . အရမ်းပိန်သွားတယ်နော်၊ နေမကောင်းဘူးလား"

သူ အလွတ်ကျက်မှတ်နေသော ကဗျာတစ်ပုဒ်ကို နှုံးထေး အသာအယာစမ်းရင်း မေးမိသည်။

မျိုးဇော်က . . .

ဖိုးလပြည့်စာပေ

"ငါလား. . . ကောင်းပါတယ်၊ ဘံယာမသောက်တာကြာလို့ သွေးနည်းနည်းအေးနေတာပါ၊ ညနေ မင်းဝယ်တိုက်လိုက်ရင် ကောင်းသွားမှာပါ" ဟု နောက်သည်။

"ဟုတ်ရဲ့လား၊ နေထိုင်လို့တော့ သိပ်မကောင်းသလိုပဲ"

"ဆေးတွေဘာတွေရော သောက်ရဲ့လား"

"သောက်ပါတယ်"

စကားသံမှာ အားအင်မပြည့်ဝသလို ထင်နေမိသည်။

"ကျန်းမာရေးကို ဂရုစိုက်ပါသက်ထားရယ်"

"ဖြိုးလည်း ဂရုစိုက်နော်"

"ငါတို့လည်း ဂရစိုက်မယ်ဟေ့" ဟု မျိုးဇော်က နောက်ပြောင်းအော်သည်။

ကြည်နူးမှုတို့မျှဝေ။ အားလုံး ရယ်မောလိုက်ကြသည်။

ကားတစ်စီး ဆိုင်ရှေ့တည့်တည့်ရပ်ပြီး 'သူ'မသိသော အမျိုးသမီးတစ်ယောက်ဆင်းလာကာ ဆိုင်ထဲသို့ တန်းတန်းမတ်မတ်ဝင်လာသည်။ သာမန်ဈေးဝင်ဝယ်သူဟုထင်မိသော်လည်း ဈေးဝယ်သူ သာမန်အမျိုးသမီးမဟုတ်ခဲ့။ (တကယ်ဆို သာမန်အမျိုးသမီးတစ်ယောက်ပဲ ပြင်သင့်ခဲ့တာ)

"ကိုဖြိုးဝေပိုင်ဆိုတာ. . ."

"ကျွန်တော်ပါ၊ ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"ကျွန်မနာမည် နုနုထွေးပါ၊ သက်ထားနဲ့ အရင်းနှီးဆုံးသူတယ်ခုပ်း ဒေါက်တာနုနုထွေးပါ"

ဖိုးလပြည့်စာပေ

"ဟုတ်ကဲ့၊ ကျွန်တော် ဘာအကူအညီပေးရမလဲ ဒေါက်တာ"

"ကျွန်မ ကိုဖြိုးဝေပိုင်နဲ့ စကားနည်းနည်းလောက်ပြောချင်လို့"

ဆိုင်အတွင်းသို့ အကြည့်ကစားလိုက်သဖြင့် . . .

"လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ် ဒေါက်တာ၊ ဒါ ကျွန်တော့်သူငယ်ချင်း အရင်းအချာတွေပါဖဲ၊ ကိစ္စ အရမ်း အရေးကြီးလို့လား ခင်ဗျား"

"ဟုတ်ကဲ့၊ အဓိကပြောချင်တာ သက်ထားကျန်းမာရေးပါပဲ"

သူ မဗျာနိုင်သေးပါ။ စိတ်ဝင်တစားရှိနေဆဲ . . .

"သက်ထားမှာ ကိုယ်ဝန်သုံးလရှိနေပြီ ကိုဖြိုးဝေပိုင်"

အံ့သြခြင်းအထွင့်ထိပ်ကြောင့် ဒီတစ်ခါ 'ဗျာ'သွားရသည်။

"ဗျာ. . . သက်ထား ကျွန်တော့်ကို ဘာမှမပြောပါလား"

"သက်ထားက ကိုဖြိုးဝေပိုင်ကို ပြောဖို့နေနေသာသာ သူ ကိုယ်တိုင်တောင် သေချာသိတာမဟုတ်ဘူး၊ ကျန်းမာရေးသိပ်မကောင်းလို့ ဆိုပြီး ကျွန်မဆီလာမှသိရတာ"

"ဩော်. . . ဟုတ်ကဲ့၊ ဆက်ပြောပါဦး ဒေါက်တာ"

"အဆိုးဝါးဆုံးက သက်ထားမှာ နှလုံးရောဂါအခံရှိနေတာပဲ"

ဒီတစ်ခါ ဗျာလည်းမဗျာ ဟာလည်းမဟာ စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်သည်။

"ဟာ. . . ဒါ. . . ဒါလည်း ကျွန်တော့်ကို လုံးဝမပြောဘူး"

အသံနည်းနည်းကျယ်သွားသည်။ မျိုးဇော်နှင့်ဝဏ္ဏ မျက်လုံး ဧရိယာပြူးကျယ်အံ့သြသည်။ ဘာမှတော့ဝင်မမေးကြ။

"သူ့မှာ ရောဂါလက္ခဏာရှိတဲ့အကြောင်း ကိုဖြိုးဝေပိုင်နဲ့ လက်မထပ်ခင်ကတည်းက ကျွန်မပြောပြထားပါတယ်၊ သူလည်း အစပိုင်းတော့ ကျွန်မဆီ မှန်မှန်လာပြပါသေးတယ်၊ သူ့ကိုလည်း ကျွန်မ အကြံဉာဏ်

ပေးပါသေးတယ်၊ အိမ်ထောင်မပြုဖို့ အိမ်ထောင်ပြုစေဦးတော့ တထေး မယူဖို့ ပြောပါသေးတယ်''

ဒေါက်တာနုနုထွေး မျက်ရည်ဝေ့သည်။ အဝိပ္ပါယ်မသိရတဲ့ မျက်ရည်အတွက် သူ့ရင်ထဲ ပူပင်မှုလှိုင်းတွေ လှုပ်ခတ်သွားရသည်။

''အဲဒီနောက်ပိုင်း ကျွန်မသိရတာ သက်ထား ရှင်နဲ့ ခိုးရာလိုက်ပြေးတဲ့သတင်းပါ၊ ဒါတောင် ကျွန်မဆီ တော်တော်နဲ့မလာလို့ သူ့အိမ်ဖုန်းဆက်ကြည့်တော့မှသိရတာ၊ ဒါကြောင့် ရှင်နဲ့ခိုးရာလိုက်ပြေးသွားရတယ်ဆိုတာတော့ ကိုဖြိုးဝေပိုင်တို့နှစ်ယောက်ပဲ သိမှာပါ''

ခုမှ လက်ထပ်ခွင့်တောင်းတော့ သက်ထားတွေဝေနေတာ ဘာကြောင့်လဲဆိုတာ သိလိုက်ရသည်။ တကယ်ဆို အားလုံး သက်ထားပွင့်လင်းသင့်ပါတယ်။ ခုတော့ တစ်စုံတစ်ရာ ကြီးမားစွာ မှားယွင်းစပြုလာပြီ။ ပြန်လည်ပြင်ဆင်ဖို့ လွယ်ကူနိုင်မှာတဲ့လား။

''စိတ်ကို ငြိမ်ငြိမ်ထားပါ ကိုဖြိုးဝေပိုင်၊ သက်ထား အအိပ်ပျက်အစားပျက်နဲ့ အရမ်းပင်ပန်းပြီး Abortion ဖြစ်နေတယ်''

နားထဲသို့ မိုးကြိုးအစင်းပေါင်းမြောက်များစွာ ဖြည်းဖြည်းခြင်းဝစ်ချသွားသည်။

''ဒါဆို သက်ထား. . . သက်ထား''

ဒီတစ်ခါ မျက်ရည်ဝေ့ရသူက သူ။ မျိုးဇော်နှင့်ဝတ္တ ထိပ်ထိပ်ပြာပြာဖြစ်ကုန်ကြသည်။ သူ့စိတ်ကို အတတ်နိုင်ဆုံးထိန်းချုပ်ပြီး မြောလိုက်သောစကားက တုန်ခါမှုနှင့် ထွက်ပေါ်လာသည်။

''စိုး. . . စိုးရိမ်ရသလား ဒေါက်တာ''

အဖြေစကားထက် ကြောက်စရာကောင်းသော သက်ပြင်ချုပ်ကြီး

''ကိုဖြိုးဝေပိုင်ကို လာခေါ်တာ''

''သွား. . . သွားကြရအောင်၊ ခုပဲ သွားရရအောင်''

ဝဏ္ဏက . . .

"ငါလည်းလိုက်ခဲ့မယ်၊ မျိုးဇော် မင်း ဆိုင်ကိုပိတ်ပြီးမှ လိုက်ခဲ့ကွာ၊ ဘယ်ဆေးရုံလဲ ဒေါက်တာ"

ဒေါက်တာနုနုထွေးက ကားကို မှန်မှန်ထိန်းမောင်းနှင်နေသည်။ စိုးရိမ်စိတ်ဖြင့် ပြာယာခတ်နေသော သူ မြန်မြန်မောင်းပါလို့ မတိုက်တွန်းတော့။ အတိတ်တို့ဆီသို့သာ အတွေးဖြင့် ရွက်လွင့်နေမိသည်။

"စိတ် အရမ်းမလှုပ်ရှားပါနဲ့ကွာ၊ တို့တွေ တတ်နိုင်သမျှ ဝိုင်းပြီးကူညီပါ့မယ်"

အားပေးစကားသက်သက်ဖြစ်နေမှန်းသိနေ၍ ထူးထူးခြားခြားအားရမလာခဲ့။ ဘယ်သူက ကူညီအားပေးနိုင်မှာပါလဲ။

သူမသိ. . .။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၈)

ဆေးရုံခုတင်ထက်ဆီမှ အိပ်စက်နေသော ချစ်သူခန္ဓာသည် ထင်ထားတာထက် ပိုမိုနွမ်းလျနေပါသည်။ ဝင်းဝင်းဝါဝါဖြစ်သော ချစ်သူ အသားအရည်သည်ခုတော့ ဖြူဖျဖျဝါကျင်နေပြီး ပန်းနုရောင်ချစ်သူ နှုတ်ခမ်းပါးပါးနှစ်လွှာကလည်း သွေးရောင်ပင်ကင်းမဲ့ဖြူလျော်နေပြီ။

သူ့အတွက် အမြဲတမ်း ရင်ခုန်လှုပ်ခတ်စေနိုင်တဲ့ သူမမျက်နက် ဝန်းမှာလည်း ကတီပါမျက်လွှာပဝါပါးနှင့် ဖုံးအုပ်ငြိမ်းသက်လို့။ သူမရင်ထဲမှာ သူမခန္ဓာကိုယ်တစ်ခုလုံးမှာ ခါးသက်နာကျင်တဲ့ဝေဒနာတွေ ဘယ်ဆောက်များ စိုးမိုးနာကျင်စေခဲ့ပြီလဲ။

သူ သက်ထားကို စကားတစ်ခုခုပြေလိုက်ချင်မိသည်။ သို့သော် ပြောခွင့်မရနိုင်သေး။ (သူ အပါဝင် အခြား မည်သူတစ်ဦးတစ်ယောက်မှု ဆောဒီအခန်းထဲမှာ စကားပြောခွင့် မရသေးပါ) ရင်ထဲကစကားတုံးတွေ အတွက်တော့ ဘယ်သူက တားဆီးလိမ့်မည်မဟုတ်ပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အားပေးစကား သို့မဟုတ် သူမခံစားနေရတဲ့ဝေဒနာတွေ ပြယ်လွင့်သွားစေနိုင်မယ့်စကား သူပြောချင်မိသည်။ ဘယ်လိုစကားကများ သူမအတွက် စွမ်းဆောင်ပေးနိုင်ပါမည်လဲ။ အဲဒီစကားမျိုးကရော သူ့ဆီမှာ ရှိရောရှိရဲ့လား။ ဒါဆို ဘယ်မှာလဲ။

အကယ်၍ သူမအတွက် အကောင်းဆုံးသော စကားများသာရှိခဲ့ပါမည်ဆိုလျှင် အသံအိုးတွေ ပေါက်ကွဲထွက်တဲ့အထိ အသက်ရှူလမ်းကြောင်းတွေ စို့နစ်မှားယွင်းခဲ့တဲ့အထိ မရပ်မနား အော်ပြောလိုက်ချင်မိတယ်။ (ဒါဟာ စိတ်ကူးယဉ်ဆန်တဲ့ ဆန္ဒသက်သက်မျှသာ)

အချိန်အတန်ကြာတဲ့အထိ သက်ပြင်းချသံ ခြေလှမ်းဆွေ့လျှားသံများမှလွဲ၍ တစ်ခန်းလုံး ချောက်ချားစွာ တိတ်ဆိတ်လို့ကောင်းနေဆဲ။ သူမသိသောဆေးပုလင်းများကို တစ်ပုလင်းပြီးတစ်ပုလင်း ပြောင်းလဲရင်း ဝေယျာဝစ္စများဖြင့် သူနာပြုဆရာမလေးတစ်ယောက် တည့်တည့်ငြိမ်ငြိမ် လှုပ်ရှားနေသည်။ သူနာပြုဆရာမလေးထက် အေးစက်တည်ငြိမ်စွာ အိပ်စက်နေသူကတော့ ချစ်သူ. . . ။

သူမလက်ကလေးကို ဆုပ်ကိုင်ထားမိတော့ နွေးထွေးမှုရှိနေပါသည်။ ထိုစဉ် ရုတ်တရက် သက်ထားနွယ် အမောဖောက်သည်။ ရင်ဘတ်တစ်ခုလုံး နိမ့်ချည်မြင့်ချည်ဖြစ်နေတဲ့အထိ ပြင်းပြင်းထန်ထန် သူမ အသက်ရှူသည်။ ဘယ်အချိန်က ဘယ်လိုသွားခေါ်လိုက်မှန်းမသိ။ ဆရာဝန်နှင့်ဆရာမများ ချက်ချင်းရောက်လာ အလုပ်ရှုပ်ကုန်တော့သည်။

"အာလုံး. . . ခဏလောက် အပြင်ထွက်ပေးကြပါ။ မေတ္တာရပ်ခံပါတယ်"

သူ အသာလေးနောက်ဆုတ်ပေးလိုက်ရတယ်။ ဒီအချိန်မှာ သူလုပ်ပေးနိုင်စွမ်းရှိတာ ဒါပဲထင်တယ်။ ဟုတ်တယ်။ ဘာများ သူတတ်နိုင်ခဲ့ပါသလဲ။ အခြေအနေတွေ ပြန်ကောင်းလာအောင်လို့ သူ ဘာများလုပ်နိုင်ခဲ့သူပါလဲ။

(ငါဟာ လူပိုတစ်ယောက်ပါ။ မိန်းမတစ်ယောက် လျှို့ဝှက်မြို့သိပ်ထားတဲ့ ဒဏ်ရာတွေကိုတောင် သိအောင် မကြိုးစားနိုင်ခဲ့တဲ့ တစ်ပို့တည်းသမား အတ္တသမားစစ်စစ်တစ်ယောက်ပေါ့)

(ခု ဘေးမှာ ရပ်ကြည့်ဆုတောင်းပေးမယ်၊ စိတ်မကောင်းဖြစ်မယ်၊ ကြေကွဲဝမ်းနည်းမယ်။ ပြီးရင် ငါရူးသွပ်ငိုကြွေးမယ်၊ ဒါပဲ လုပ်တတ်တဲ့ကောင်ပါ)

သက်ထားနွယ် ပြန်လည်ငြိမ်သက်သွားပြန်တယ်။

သူ လက်ကလေးဆုပ်ကိုင်ခွင့်ရတော့ သူ့ပါးမှာအပ်ရင်း ရင်ထဲကစကားလုံးတွေ (ကြားနိုင်ကောင်းမယ်အထင်နဲ့) တိုးတိုးညင်သာ ရေရွတ်မိနေမရင်း . . .

နာရီတွေ လောက ကမ္ဘာကြီးပေါ် ခုတ်မောင်းဖြတ်သန်းသွားတယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

အခန်း (၂၉)

သူ့ပခုံးကို ဘလွမ်းလိုက်တော့ သူနာပြုဆရာမလေး အသံမထွက်နဲ့ ဟူသော အမူအယာနှင့် လူနာ ရှင့်ကိုခေါ်နေတယ်ဟု လာခေါ်သည်။

ငါ အိပ်ပျော်သွားတာပါလား။ သေတော့မှာပဲ။ ဒီအချိန်မှာ ခံလုံးဝမအိပ်သင့်တဲ့အချိန်။ စက္ကန့်တိုင်း စက္ကန့်တိုင်း ချစ်သူ အသက်ရှူသံကို ငါ ရေတွက်နေရမှာ။

သက်ထား သတိရနေပြီ။ မျက်လုံးတွေကိုမှုတ်တယ်ဆိုရုံလေးနှင့် ထားသည်။

"သက်ထား"

သူမလူးလွန့်သည်။ တစ်ခုခုပြောချင်နေ၍ နှုတ်ခမ်းခပ်လှုပ်လှုပ်ပင့်အံလာသည်။ အသံထွက်သည်ဆိုရုံမျှအသံနှင့် . . .

"ဖြိုး"

"ပြောလေ သက်ထား၊ တို့ရှိတယ်"

"ဖြိုးဆုတောင်းလေး. . . ပြည့်တော့မယ်တဲ့"

စူးနစ်နာကျင်စေနိုင်တဲ့ သူမစကားကြောင့် သူ့ကိုယ်သူ ဘယ်လို တုန်လှုပ်မိတယ်၊ သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ ကြိုးစားခဲ့တဲ့အခါ ခုတော့. . .

ဖိုးလပြည့်စာပေ

"နောက်ထပ်ပြောဖို့ အားယူကြိုးစားနေရင်း. . . နေရင်း သူမ ငြိမ်သက်သွားသည်။ လုံးဝ ငြိမ်သက်သွားသည်။

"ဆရာမ. . . သက်ထား. . . သက်ထား"

ကြိမ်ဖန်များစွာ တွေ့ကြုံကျင့်သားရနေခဲ့သောအကြည့်ဖြင့် သူနာပြုဆရာမက သက်ထားခန္ဓာကိုယ်ကို စောင်လေးလွှမ်းခြုံပေးလိုက်သည်။

"ဒါဆို"

လောကကြီးတစ်ခုလုံး တိတ်တဆိတ် ရပ်တန့်သွားခဲ့သလား သို့မဟုတ် လည်ပတ်မှုအား ပိုမိုပြင်းထန်သွားခဲ့တာလား။ နားနှစ်ဖက်လုံးမှ အဂါရပ်များအားလုံး အလုပ်မလုပ်တော့သကဲ့သို့ ခေါ်သံအော်သံတွေ လည်းမကြား။ ကရုဏာနှစ်သိမ့်သံတို့ဟာလည်း လုံးဝ ညင်သာစွာ တိတ်ဆိတ်သွားလေပြီ။

ချစ်သူကတော့ အိပ်စက်နေဆဲပဲ။ ဟုတ်တယ်. . . သူမ အိပ်ပျော်နေတာ။

လိပ်ပြာကင်းမဲ့နေသော ချစ်သူခန္ဓာအား ကောက်ယူထွေးဖက်ရင်း မျက်နှာခြင်းအပ်ထားမိသည်။

"အိုး. . . ချစ်သူအသားတွေ အေးစက်နေလို့ပါလား"

ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ရင်း . . .

မင်း နွေးထွေးပါတော့ ချစ်သူ. . .

နွေးထွေးလိုက်ပါတော့. . . ဒါဟာ. . . ငါ့ရင်ခွင်. . .

လည်ချောင်းဝဆီမှာ ပိတ်ဆို့နေသော (ရင်ဘတ်ထဲမှလာသည်) ဘာမှန်းမသိတဲ့ အဆိုင်အခဲတွေ အသက်ရှူကိရိယာတွေကို ဆွဲကိုင်ဖုန်သွစ်ထားခဲ့သလို . . .။

"သူမ ပြန်မနိုးတော့ပါဘူးလို့ ဘယ်သူမှ အာမမခံပါနဲ့"

"ထိန်းမထားနဲ့သူငယ်ချင်း၊ ငိုချလိုက်၊ နောက်ဆုံးအနေနဲ့ ငို

ချယ်ုက်"

အားပေးစကားသံကို ခပ်တိုးတိုးကြားလိုက်ရသည်။

" 'နောက်ဆုံးတဲ့လား' 'နောက်ဆုံးငိုကြွေးခြင်းတဲ့လား' ငါ့ဘဝ သက်တမ်းဘယ်လောက်ကြာကြာအထိ ငါငိုသွားရမယ်မှန်း ဘယ်သူ အတတ်ဟောပေးနိုင်မလဲ"

"မျက်ရည်တွေ မျက်ဝန်းဆီမှ အိုမဟုတ်ဘူး၊ ငါ့နှလုံးသားထဲက မြစ်တစ်ခုလို ချစ်သူမျက်နှာပေါ် စီးဆင်းသွားကြတယ်"

နောက် စကားသံတွေ (ဒါ ချစ်သူစကားသံတွေ)

ပြီးတော့ ပုံရိပ်တွေ သူ လက်ညှိုးထိုးပြဖူးတယ်၊ ဒါဟာ မင်းနဲ့ ငါ့ရဲ့အနာဂတ်ပဲ၊ လမ်းကတော့ တစ်ခုတည်းပဲ။ ဒါပေမဲ့ ကွေးကောက် ရှုပ်ထွေးလွန်းလှရဲ့။ ကူးညှောင့်ခလုတ်တွေ ပေါများလွန်းလှပါရဲ့။

ခုတော့ မလိုအပ်တော့ပါဘူး။ ငါတစ်ယောက်တည်း ဘာလုပ် ရတော့မှာလဲ။ မင်းမရှိမှတော့ အားလုံး အဖိုးမှမထိုက်တော့တာ။ အနာဂတ်လည်း မလိုတော့ဘူး။ လမ်းတွေလည်း ငါလျှောက်မှာမဟုတ် တော့ဘူး။ မျှော်လင့်ချက်ဆိုတာလည်း တမ်းတ,မနေတော့ပါဘူး။

"လူတွေက သနားစရာကောင်းတဲ့ သတ္တဝါတစ်ကောင်လို ကြည့် နေကြတယ်"

"ငါ့ကို တရားမရှိတဲ့ကောင် မိန်းမတစ်ယောက်အတွက် ရူး မတတ်ကြေကွဲရဲတဲ့ကောင်လို့ ပြောဖို့ ဟန်ပြင်နေကြတာလား"

"ခင်ဗျားတို့ တရားရနေကြရင် ထွက်ရာလမ်းပေါက် ခင်ဗျားတို့ ဘာသာ လျှောက်ကြပါဗျာ"

"သက်ထားလည်း ဖြိုးကိုချစ်တယ်၊ ဖြိုးကလည်း သက်ထားကို ချစ်တယ်၊ တို့နှစ်ယောက်ကြားမှာ ပြည့်ပြည့်ဝဝ အခိုင်အမာ မျှော်လင့် မှုတွေရှိတယ်၊ နားလည်မှုနဲ့ အချစ်တွေရှိတယ်"

တစ်စုံတစ်ယောက်လှမ်းပြောလိုက်သလို စကားသံတွေက ခပ်

ဝေးဝေးမှ ပျံ့လွင့်လာတယ်၊ သူမ အသေအချာပြောခဲ့တာပဲ၊ ဟုတ်တယ်၊ တို့နှစ်ယောက်ကြားမှာ ချစ်ခြင်းတရားတွေရှိတယ်၊ ရှိနေတုန်းပဲ။ နောက်လည်း ရှိနေဦးမှာပဲ။

ခုတော့ ကျွန်တော် ရူးသွပ်ပါရစေဦး။

အချစ်အတွက် ရဲရဲရင့်ရင့် လျှို့ဝှက်သွားရတဲ့ မိန်းမတစ်ယောက်ရဲ့ သစ္စာတရားအတွက် အပြန်အလှန်ရစ်ပတ်ထားတဲ့ သံယောဇဉ်တွေအတွက် ကံကြမ္မာရဲ့ အကွက်ကျကျ ရက်စက်စီရင်မှုတွေအတွက် ယုံတမ်းပုံပြင်မဆန်တဲ့ ကျောက်စာချပ်တွေအတွက် အသက်ရှုသံအတွက် . . .

ဟုတ်ကဲ့ ကျွန်တော် ရူးပါရစေဦး. . .

လတ်ဆတ်နေဆဲဖြစ်သော သည်မြင်ကွင်းသည် အိပ်မက်တစ်ခုမဟုတ်ခဲ့ပါ။

ဒေးဗစ်ကော်ပါဖီး၊ ယူရီဂယ်တာတို့၏ အံ့မခန်းမျက်လှည့်ပြကွက်ဆန်းတစ်ကွက်လည်း မဟုတ်ခဲ့ရပါ။

တစ်စုံတစ်ရာ၏ ကြည်စယ်နောက်ပြောင်ခြင်းလည်း မဖြစ်နိုင်သလို ဥုံဖွဟု မန်းမှုတ်လိုက်ရုံနှင့် နှစ်သိမ့်ရအောင် မတော်တဆ ချော်ထဲရုံလေးရတဲ့ ဒဏ်ရာပါးပါးလေးမဟုတ်ခဲ့။

အာရာရာ အားလုံး အားလုံးတို့သည် အိပ်မက်တစ်ခုများ ဖြစ်နေမလားဟု ဆွဲဆိတ်စမ်းသပ်ကြည့်စရာမလိုတော့အောင် သေချာသွားခဲ့ပါပြီ။

သံယောဇဉ်နှင့် တစ်ထစ်ချ မျှော်လင့်ချက်တို့သည် လောင်စာတစ်ခု စတင်မီးညှိခြင်းသာဖြစ်ခဲ့ရင် ကျေနပ်စွာ လောင်မြိုက်ခံဖို့အထင့်ပါ။ စတင် လောင်ကျွမ်းနိုင်ပါပြီ။

အုတ်ဂူထက်မှာ ကဗျည်းစာလေးက အထင်အရှားရှိနေပါသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

"ငါဘဝရဲ့ အရမ်းအရေးပါခဲ့တဲ့ နာမည်လေးပဲ"

နှင်းတွေက ဝေလို့ကောင်းတုန်း။ ဟောဒီနှင်းတွေကြားမှာပဲ တို့တွေ ဆုတောင်းဘူးခဲ့တာ။ (မိန်းမတစ်ယောက်ကတော့ ဆုတောင်းပြည့်ဖို့ မိုက်မိုက်မဲမဲ ကြိုးစားခဲ့ပါသတဲ့) ညံ့ဖျင်းလွန်းတဲ့ ယောကျ်ားတစ်ယောက်ကတော့ ဒီနှင်းတွေကြားမှာ ကတိတစ်ခုတောင်းခံနေခဲ့သေးတယ်။ မိန်းကလေးတစ်ယောက်ကလည်း ကတိတွေ့ပေးသွားခဲ့တာ။ သေသေချာချာပေးသွားခဲ့တာ။

ချစ်သူ့လိပ်ပြာ ဘယ်မှာလဲ။ သူမ ဝေးဝေးပျံပြေးသေးမှာမဟုတ်ဘူးလို့ ဘယ်သူမှမပြောဘဲ သူသိနေခဲ့တယ်။

"ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဘယ်တော့မှ ဘယ်သူမှ ထို့နှစ်ယောက်ကို ခွဲလို့မရဘူး"

"သေချာတယ်ပေါ့"

"သိပ်သေချာတယ်"

"ကတိနော်"

"ကတိ"

သိပ်ကြောက်စရာကောင်းခဲ့တဲ့ ကတိတွေပါပဲ။

အဲဒီကတိတွေဟာ တမလွန်အထိ သူမကိုလိုက်ပြီး ပူလောင်စေခဲ့ပြီလား. . . ။

(သူ့ဘေးနားမှာ ရှိနေနိုင်တဲ့) သူမအတွက် စကားတစ်ခွန်းကို အော်ပြောဖို့ ဒီနေရာကို သူ ရောက်လာခဲ့တာပါ။

သူမ အေးမြသွားစေနိုင်ဖို့ သူ့ရဲ့ နောက်ဆုံးမျှော်လင့်ချက်တစ်ခုပေါ့. . .

သက်ထားရေ ကတိတွေဖျက်လိုက်ပါတော့ . . .

ကတိတွေအားလုံး ဖျက်ပြစ်လိုက်ပါတော့ . . .

ရယ်မောခြင်းဖြင့် ရင်ကိုအေးမြစေမယ့်. . .

www.burmeseclassic.com